www.burmeseclassic.com

အသစ်စက်စက်ဂမ္ဘီရသရဲဝတ္ထု

# ဂမ္ဘီရဟောင်ရွှေ

ဘုရင်မသင်္ချိုင်းဆီမှ
လမင်းနှစ်စင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

[illegible]

ညအမှောင်က တော်တော်လေးစိုးမိုးနေသည်။

သူတို့ရပ်ကွက်လေးတွင် မီးများပျက်နေသည့်အပြင် ညနေပိုင်းကတည်းက မိုးမှာ သဲသဲမဲမဲရွာသွန်းခဲ့သောကြောင့် ပို၍ပင် ညဉ့်နက်သွားသလို ထင်နေရ၏။

ဟိုအိမ်သည်အိမ်များဆီမှ အင်တာတာ၊ ဘက [illegible] ဖယောင်း၊ တိုင်မီးလက်လက်တချို့ကို မြင်တွေ့နေရသည်မှအပ [illegible]လုံး အမှောင်ကတ္တီပါခပ်ပါးပါးကို လွှမ်းခြုံထားသည်။

သို့သော် ...

အလင်းရောင်တစ်ဝိုက်ကိုတော့ လမ်းထိပ်ပိုင်းတွင် ပြိုးပြိုးမျှမျှ မြင်နိုင်သေးသည်။

ယင်းမှာ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ အသုပ်စုံဆိုင်နှင့် တစ်ခုတည်းသော အရက်ဆိုင်လေးကို ညကိုးနာရီထိုးသည့်တိုင် ပိတ်သိမ်းခြင်းမရှိသေးတာပဲဖြစ်၏။

အရက်ဆိုင်လေး၏ စားပွဲဝိုင်းတစ်ဝိုင်းတွင် တစ်ယောက်တည်း





ထိုင်သောက်နေသော ထူးအုပ်။

သောက်နေကျ ဗေယျာဝတီတစ်ပိုင်းနှင့် ကြက်ခေါင်းသုပ်အမြည်းတစ်ပွဲ။ သူ ဖန်ခွက်ထဲမှအရက်ကို မော့လိုက်ပြီး ပုလင်းလက်ကျန်အရက်အားလုံး လောင်းသွန်လိုက်၏။ သည်ညအတွက် တစ်လုံးဆိုလျှင် သူ့လစ်မစ်ပြည့်ပြီ။ သည့်ထက်ပိုလျှင်တော့ အမူအရာတွေ ပျက်ကာ အမူးလွန်သူတို့၏သီအိုရီများအတိုင်း အမှားများစွာကျူးလွန်မိ၍ နောင်တရနေလောက်ပြီ။

ထိုအဖြစ်မျိုးကိုတော့ သူ ဘဝင်သိပ်မကျလှပါ။ အရက်ကို မိမိခံသောက်သုံးချင်တာသာဖြစ်ပြီး အေးအေးဆေးဆေး တွေးချင်ရာ တွေးနေချင်တာသာဖြစ်၏။

"ဗျို့ ကိုထူးအုပ် ... တစ်ယောက်တည်းပဲလား"

"အေးဗျာ ... ဒီလိုပါပဲ"

အသိတစ်ဦးက နှုတ်ဆက်ထွက်သွားသည်။ သူက ပြုံးပြုံးလေးကျန်ရစ်လျက် ...။

ခုနောက်ပိုင်း သူ အရက်သောက်လျှင် ဘယ်လိုအရက်သမားနှင့်မှ တွဲမသောက်[illegible]တော့။ အများစုက ပေါက်ကရတွေ ပြောမည်။ အရည်မရ အဖတ်မ[illegible]ကားတွေဆိုမည်။ အခန့်မသင့်လျှင် ရစ်ချင်သူများနှင့်တရင်းရှင်းနေရတတ်သေး၏။ တချို့က လက်ဗလာနှင့် ဝင်ထိုင်ကာ ဟိုပြောသည်ပြောနှင့် အလိုက်ကန်းဆိုးမသိစွာ ကပ်သောက်နေတတ်သေး၏။ ဘယ်လောက်များ စိတ်ပျက်စရာကောင်းပါသလဲ။

"ကောင်လေးရေ ... ရှင်းမယ်ဟေ့"

စားပွဲထိုးကောင်လေး အပြေးရောက်လာသည်။ ကျသလောက်ငွေကို တွက်ချက်ယူလိုက်ပြီး ဖန်ခွက်နှင့်ပန်းကန်များသိမ်းနေဆဲတွင် ထူးအုပ် ... ဆိုင်လေးအတွင်းမှ ထွက်ခွာရန် ဟန်ပြင်လိုက်၏။

"တောက် ... ခုချိန်ထိတောင် မိုးက မစဲချင်သေးဘူး"

သူက လက်တွင်းမှ ထီးစုတ်လေးကို ဖွင့်ဆောင်းလျက် အလင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရောင်အားနည်းနေသော ကတ္တရာလမ်းပေါ်သို့ ခြေလှမ်းစတင်လိုက်သည်။

လမ်းပေါ်တွင် လူသွားလူလာ ရှင်းစပြုပြီ။

စိမ့်စိမ့်သက်သက်လေတစ်ချက်က သုတ်ခနဲ တိုက်ခိုက်သွားသော ကြောင့် တစ်ကိုယ်လုံး အေးမြမြဖြစ်သွားရ၏။

သူ မိုးကို မုန်းခဲ့သည်မှာ ကြာခဲ့ပါပြီ။ မိုးရာသီ၏စိုစွတ်မှုကို ယခုလို အရက်သောက်ချိန်မျိုးတွင် နှစ်သက်သော်လည်း သူ့လိုဆံပင်ညှပ် သမားမျိုးအတွက်တော့ 'ငတ်ပေါက်' နေ့ရက်များဟုဆိုချင်သည်။

ဟုတ်သည်။

မိုးတွင်းတွင် ဆံပင်ညှပ်လုပ်ငန်းမှာ တော်တော်လေး အခြေအနေ ဆိုးသည်။ လူတော်တော်များများက တဖြည်းဖြည်းရှည်လျားလာသော ကိုယ့်ခေါင်းပေါ်က ဆံပင်များကို ပူအိုက်သောရာသီများလောက် သတိရ မချင်ကြ။ နေလို့ဖြစ်သေး ဘည်ဟု သဘောထားကြလေသလား၊ မသိ။ ယနေ့ဆိုလျှင် ဈေးဦးပေါက်တယ်ဆိုရုံလေး။ တစ်မနက်လုံး ထိုင်နေပြီး ညနေပိုင်းရောက်မှ အဘိုးကြီးတစ်ခေါင်းသာ ညှပ်ရ၏။

ထို့ကြောင့် စားစရာမဆိုထားနှင့် . . . သောက်စရာ အရက်တစ်လုံး ဖိုးပင် မပြည့်ချင်။ ဘယ်မှာလဲ အမြည်းဖိုး၊ ဆေးလိပ်ဖိုး၊ ကွမ်းယာဖိုး။ ငိုးဆက်ရက်များ သာများလာလျှင် ရပ်ကွက်ထဲမှ အတိုးပေးစားနေသော ဒေါ်စိန်ချယ်အိမ်သို့ ဝင်ချည်ထွက်ချည်လုပ်ရုံသာ ရှိတော့၏။

'အုံးဝှမ် . . အုံးဝှမ် . . အုံးဝှမ်'

မြို့ပတ်မီးရထားလမ်းလေးပေါ်သို့ရောက်တော့ မြက်တောစပ် တချို့မှ တေးသံသာအပြိုင်ရင့်ကျူးနေကြသည့် ကိုရွှေဖားတို့၏ သံစဉ်တွေ ကို ကြားနေရ၏။

"ဖားရိုက်ထွက်ပြီး ချက်စားလိုက်ရရင်ကောင်းမယ်"

သံလမ်းအတိုင်း ညာဘက်သို့ ချိုးကွေ့လိုက်၏။ မှောင်နေသော် လည်း ကျင့်သားရနေသော ခြေလှမ်းတွေက ဇလီဖားတုံးများကို ဟန်ချက်





မပျက် ခြေချဖြစ်သည်။ အမှုံ့ဒါကို နည်းနည်းတက်လာသော်လည်း အမှား အယွင်းမရှိ။ အလွဲအချော်မရှိ။

ဘူတာရုံလေးမှာ နောက်ဆုံးရထားအတွက် လက်မှတ်ရောင်းပေး ရန် ဖယောင်းတိုင်လေး စိုက်ထူထားသည်။ အလင်းလေး ခယိုး ခယိုင်။ လိုက်ပါစီးနင်းမည့် ခရီးသည်ခုံးလေးယောက်က မလှုပ်မယှက်။ အိပ်ငိုက် နေကြသလားဟု၍ပင် ထင်ရလောက်၏။

"ဒီနေ့ မီးရထားနောက်ကျလှချည်လား"

စိတ်ထဲမှ ထိုသို့တွေးရင်း ဘူတာရုံဝရိယာနယ်မြေကို ဖြတ်သန်း သည်။

သိပ်မကြာ။

မီးရထားသံလမ်းဘက်သို့ မျက်နှာမူထားသော သူ့ဆံပင်ညှပ်ဆိုင် လေးဆီသို့ ရောက်၏။ ကိုယ်ပိုင်တော့ မဟုတ်။ ငှားရမ်းထားသည်မှာ တစ်နှစ်နီးပါးလောက်ရှိပြီ။ ခုနောက်ပိုင်း ဆိုင်လခ မှန်မှန်မပေးနိုင်သည်မှာ သုံးလခန့်ရှိပြီဖြစ်သောကြောင့် အိမ်ရှင် မှုန်မှုန်ကုပ်နေသည်မှာ ခဏခဏ။ ကြာတော့ မျက်နှာပူလာပြီ။

'ဝုတ်ဝုတ် . . ဝုတ်ဝုတ် . . ဝုတ်ဝုတ်'

မြောက်ဘက်ဆီမှ ခွေးတစ်ကောင်က သူ့ကို ထ၍ဟောင်သည်။

"ဒီခွေးတော့ကွာ မမှတ်မိတာကျနေတာပဲ၊ ပြန်တိုင်း ဟောင် တယ်"

ထူးအုပ် တံခါးကို ဖွင့်လိုက်သည်။ ဆိုင်ခန်းထဲတွင် မှောင်နှင့်မည်း မည်း။ အိတ်ထဲမှ မီးခြစ်ကိုစမ်းကာ ခြစ်သည်။ ဖယောင်းတိုင်ကို ရှာသည်။

"ဟာ . . . ခုမှ သတိရတယ် ဖယောင်းတိုင်ဝယ်ဖို့ မေ့နေတာပဲ"

ခရိုနီရောက်မှတော့ အပြင်ထွက်ဝယ်ဖို့ မလွယ်ကူတော့။ အိမ်ဆိုင် လေးများနှင့် အလှမ်းဝေးသလို သည်လိုမိုးအေးညမျိုးတွင် စောစီးစွာပင် ဆိုင်ပိတ်လေမည်ဖြစ်၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတိုအစလေးများ နိုက်ရှိုကြိုး ဟိုခွက်သည်ခွက်များ ထဲတွင် ရှာသည်၊ ဟိုတန်းသည်တန်းတွေကို စမ်းသည် . . မတွေ့။ ခက်သည်က ထမင်းမစားရသေး။ နို့မို့ဆိုလျှင် တစ်ခါတည်း ထိုးလှဲအိပ်လိုက်မည်သာဖြစ်၏။

"ဟင် . . . ဒီမှာ"

တွေ့မည့်တွေ့တော့ စာအုပ်ပုံတွေကြားမှာ၊ လုံးပတ်တုတ်သော်လည်း၊ လက်တစ်လုံးလောက်သာ ရှိသည့်။ ဒါဆို မဆိုးသေး။ ထမင်းကောင်းကောင်းစားလို့ရသည်။

ထို့ကြောင့် မီးထွန်း၍ ထမင်းစားလိုက်၏။ ပန်းကော်ဖီကြော်လေးတစ်ခွက်နှင့် လွေးရသော ဆိုင်ထမင်းဆိုင်ဟင်း။ သူ့အတွက်တော့ မထူးဆန်းတော့ပါ။ သည်လိုစားသောက်ရတာပင် အကျင့်ပါသွားသလိုလို၊ လျှော်ရင်းကလည်း၊ မင်းမမှုရဲတော့။ ပေကတ်ကတ် တစ်ခွတ်ထိုးလုပ်တတ်သော သခင့်စိတ်ကို နောကျေသွားပြီမို့လား။

သူ မီးထွန်းပြီး ထမင်းကို ခပ်သွက်သွက်စားလိုက်သည်။

ထမင်းစားပြီးသည့်အခါ အမြဲတမ်း ထောင်ထားသော ခြင်ထောင်ကို ချလိုက်ပြီး အသင့်အနေအထားပြင်လိုက်သည်။ ဖယောင်းတိုင်က ဖင်ကပ်နေပြီ။ စိမ်ပြေနပြေလုပ်နေလို့မဖြစ်။ အရေးရယ် အကြောင်းရယ်ဆိုလျှင် ထွန်းစရာမရှိဖြစ်မည်။

"ဟူး"

မီးမှုတ်လိုက်ပြီး အမှောင်ထဲတွင် ပက်လက်လှန်လျက် ဖက်ကြမ်းတစ်လိပ်ကို အားပါးတရ ဖွာရှိုက်နေမိ၏။ ဖူးခနဲ ဖူးခနဲ ရဲသွားသော မီးပွားနှင့်အတူ အတွေးတွေက တောင်စဉ်ရေမရနိုင်လှ၏။

ငယ်စဉ်ကပင် အဖေအမေဆုံးသွားသော သူ့ဘဝ။ ညီအစ်ကိုမောင်နှမမရှိဘဲ တစ်ကောင်ကြွက်ဖြစ်ခဲ့ရသည့်ဘဝ။ အဒေါ်အိမ်တွင် ထမင်းတစ်လုပ် တုတ်တစ်ချက် ကျင်လည်ခဲ့ရသည့်ဘဝ။ အိမ်မှ ထွက်ပြေးရ





သည့်အဖြစ်။ ဘုန်းကြီးကျောင်းတွင် ခိုကပ်နေရသည့်ကာလ . . . ကပ္ပိယကြီးတစ်ဦးက သူ့အား သင်ပေးလိုက်သည့် ဆံပင်ညှပ်ပညာ။ ထို့နောက် တစ်နေရာပြီးတစ်နေရာ လှည့်လည်ပြီး ဆိုင်ဖွင့်ခဲ့ရသည့် အခြေအနေများ။

"ဘယ်တော့မှ တိုးတက်ကောင်းမွန်လာမှာ မဟုတ်တဲ့ ငါပါလား"

သက်ပြင်းတွေ အကြိမ်ကြိမ်ချဖြစ်သည်။

ထို့နောက် . . . ရိုးမတောင်ခြေရွာလေးတစ်ရွာမှ ငယ်ပေါင်းကြီးဖော်တစ်ယောက်လို ခင်မင်ခဲ့ရသည့် သူငယ်ချင်း ရဲလူစကားကို သတိရလိုက်မိပြန်၏။

"မင်းအလုပ်အကိုင် အဆင်မပြေတဲ့အခါ ငါ့ဆီလာစားစမ်းပါကွာ။ အုပ်ရာ၊ ငါတို့တောအနေနဲ့ ထမင်းတစ်လုပ်လောက်ကတော့ မခက်ခဲပါဘူး။ တို့စားသလိုတော့ စားရမှာပဲ၊ ငါ့မိန်းမကလည်း မင်းကို ဆွေမျိုးရင်းချာတစ်ယောက်လို ခင်မင်နေတဲ့ဟာကို၊ မင်းပျင်းတဲ့အခါ ငါနဲ့အတူ တောလိုက်လို့လည်းရတယ်၊ ဆန်အရက်ကောင်းကောင်းလည်း သောက်ရမယ်၊ တောကောင်မျိုးစုံလည်း မြည်းရမယ်၊ ပျင်းရင် မြို့ပေါ်တက်ပြီး လည်လို့ပတ်လို့ရတယ်၊ ကိုင်း . . . ဘယ့်နှယ့်လဲ ကိုယ့်လူ . . . ယသောတွေတယ် မဟုတ်လား။ မင်း . . . တို့ဆီကို လာချင်တဲ့အချိန်သာ လာခဲ့စမ်းပါကွာ"

လွန်ခဲ့သော သုံးနှစ်ခန့်က ခင်မင်ခဲ့သော မိတ်ဆွေတစ်ယောက်။ ထိုရွာတွင် နှစ်လလောက်နေခဲ့ဖူးသည်။

သူ ဟိုစဉ်းစား၊ သည်စဉ်းစားနှင့် မျက်လုံးများလေးလံထိုင်းမှိုင်းလာသည်။

ထိုစဉ် . . .

'ဘော်'

နောက်ဆုံးရထား ဥဩခွဲသံကြားရပြီး ဘူတာရုံတွင်ရပ် သည်။ ထို့နောက် ခပ်သွက်သွက်ပင် ထွက်ခွာသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ဖားအော်သံတွေက အဆုံးမသတ်နိုင်သေး။ ပုစဥ်းရင်ကွဲသံတွေကလည်း အပြိုင်အဆိုင်။ ထိုအသံတွေက သူ့အတွက် အဆန်းတကြယ်မဟုတ်တော့ပါ။

'အူအူ . . အူအူ . . အူအူ'

ခွေးတစ်ကောင်က အသံရှည်ရှည်ပေးလျက် ဆွဲဆွဲငင်ငင်အူလိုက်သည်။ နောက်ခွေးတွေက လိုက်အူသည်။ တစ်စုံတစ်ရာကိုတွေ့မြင်နေလို့များလား။ မိုးက တိတိပပ တိတ်သွားလေပြီ။

ခဏအတွင်းမှာပင် ထူးအုပ် မှေးခနဲအိပ်ပျော်သွားတော့၏။

❒❒❒


www.burmeseclassic.com

www.burmeseclassic.com

ထူးထူးဆန်းဆန်းရင်ခုန်ရွယ်ဖြစ်ရပ်

'အူးအူး ‥ အူးအူး ‥'

ထူးအုပ်၏အာရုံထဲတွင် ခွေးအူသံတွေ ကြားနေရ၏၊ လူသံသူသံတွေ ကြားနေရသည်။ တစ်ယောက်တစ်ပေါက် ငြင်းခုန်နေကြသလိုမျိုး။ အပြစ်တင်နေကြသလိုမျိုး။ ထင်မြင်သုံးသပ်ချက်ပေးနေကြသလိုမျိုး။ ဘယ်လိုအကြောင်းအရာမျိုးမှန်းတော့ တိတိကျကျမသိ။ အသံလှိုင်းတွေက တဖြည်းဖြည်းဝေးသွားလိုက်၊ နီးလာလိုက်နှင့် ဖြစ်သည်။ နီးလာသော်လည်း အဓိပ္ပာယ်တိတိကျကျ ကောက်မယူနိုင်။

သို့ဖြင့် ...

သူ ... မှေးခနဲအိပ်ပျော်သွားပြန်သည်။ နှစ်နှစ်ခြိုက်ခြိုက်တော့ မဟုတ်ပြန်ပါ။

'ဘုတ်ဘုတ် ‥ ဘုတ်ဘုတ်'

တံခါးပုတ်နိုးသံ အဆက်မပြတ်ပေါ်လာသည်။ သူ့ဆိုင်တံခါးကို ခေါက်နေသလို အသံဖြစ်ကြောင်း ကောင်းစွာသိသည်။ ထူးအုပ် ဆတ်ခနဲ သတိထားမိလိုက်၏။ သည်အချိန် ဘယ်လောက်ရှိမည်လဲ၊ သူ မခန့်မှန်းတတ်ပါ။ သူ့တွင် နာရီမရှိ၊ သည်လိုအချိန်မတော်ကြီးတွင် ဘယ်သူတစ်





ယောက်ကမှ သူ့အား လာနိုးစရာအကြောင်း မရှိ။ သူ ထင်ယောင်ထင်မှားဖြစ်နေတာလား။ မဟုတ်ပါ။'

'ဘုတ်ဘုတ် ‥ ဘုတ်ဘုတ် ‥ ဘုတ်ဘုတ်'

အသံက ပျောက်မသွား။ ဆက်လက်ပုတ်နိုးနေဆဲပင်။ ထို့ကြောင့် စိတ်မရှည်နိုင်တော့ဘဲ ...

"ဘယ်သူလဲ"

အိပ်ချင်မူးတူးအသံကြီးနှင့် ဆိုလိုက်သည်။ အသံရုတ်တရက် ငြိမ်သွားကာ ...

"တံခါးခဏလောက်ဖွင့်ပေးပါ"

အသံရှင်က ယောကျ်ားသံလိုလို၊ မိန်းမသံလိုလို။

"ဘယ်သူလဲလို့ မေးနေတယ်လေကွာ"

ပြန်လည်ပြောကြားသံ မကြားရပါ။ ပထမစကားတစ်ခွန်းကိုပင် ထပ်ကာပြောသည်။

"တောက် ... စိတ်ညစ်လိုက်တာကွာ၊ ဘယ်သူမှန်းမသိ, ဘာမှန်းမသိ"

သူ တစ်ချက်ညီးညူလျက် အိပ်ရာထက်မှထ,ထိုင် မီးထွန်းလိုက်သည်။

လင်းလင်းကျင်းကျင်းဖြစ်သွားချိန်တွင် ဆိုင်ရှေ့ခန်းသို့ ထွက်ကာ တံခါးတစ်ချပ်ကို ဆွဲဖွင့်လိုက်၏။

"ဘာမှန်းမသိ, ညာမှန်းမသိ သက်သက်ဒုက္ခလာပေးတာ"

မြင်လိုက်ရသောမြင်ကွင်းက မယုံနိုင်စရာ။

အိတ်တစ်လုံးလွယ်ထားသော အမျိုးသမီးတစ်ယောက်၊ အသက် သုံးဆယ်ဝန်းကျင်ခန့်သာ ရှိပါလိမ့်ဦးမည်။ အလင်းရောင်ပါးပါးကြောင့် သူမတစ်ကိုယ်လုံး ရေတွေစိုရွှဲနေတာ သတိထားမိ၏။ အသားအရေမှာ ဝင်းဝါနေပြီး ကိုယ်လုံးကိုယ်ပေါက်မှာ ထူးထူးခြားခြားပင် လှပနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်တည့်တောက်ထားမှုကလည်း ငေးမောကြည့်ရမတတ်လှလွန်းနေ၏။ အထူးခြားဆုံးမှာ သူမ၏ ရှိုဝှက်ဖြောင့်တန်းစွာချထားသော ဆံပင်ရှည်ရှည်ကြီးများပင်။

ဆံပင်တွေက မည်းနက်ဖြောင့်တန်းလျက် ဆံပင်အုံကောင်းလှသည်ဟု ပြောရမည်။

"ဘာကိစ္စလဲ"

"အထဲခဏဝင်ပါရစေနော်"

သူ ခပ်ကြောင်ကြောင်ဖြစ်သွားသည်။ သူ ဘာပြောရမှန်း မသိဖြစ်နေချိန်တွင် မိန်းမပျိုမှာ ဆိုင်အတွင်းသို့ ဖွတ်တရွတ်ဝင်လာပြီး ဖြစ်နေသည်။

"မင်း ... မင်း ... ဘာ ... ဘာလုပ်မလို့လဲ"

"အကူအညီတစ်ခုတောင်းမလို့ပေါ့ရှင့်"

သူ အရက်မူးသည့်အရှိန် သိပ်မပြေချင်သေးပါ။ ထို့ကြောင့် ရီဝေရီဝေဖြစ်နေဆဲ။

"ဘာအကူအညီလဲ"

"ကျွန်မကို ခေါင်းတုံးတုံးပေးပါ"

"ဟာ ... မဟုတ်တာဗျာ"

လုံးဝအချိုးမပြေသောကိစ္စ။

သည်လောက်နက်မှောင်သန်စွမ်းနေသည့် ဆံပင်အား ခေါင်းတုံးတုံးမည်ဆိုတော့ ဘယ်လိုစိတ်ကူးမျိုးနှင့်လဲ။

သူမ ဘယ်သူလဲ။ ဘယ်ကလဲ။ ဘာကြောင့်လဲ။

"ဘာမဟုတ်တာလဲရှင့်၊ ကျွန်မဆံပင်တွေဟာ သူများအတွက် သိပ်ကြည့်ကောင်းနေပေမယ့် ကျွန်မအတွက်တော့ ပြဿနာတစ်ခုပဲရှင့်၊ အမြဲတမ်း ဖျော့ရလို့ အလုပ်ရှုပ်တဲ့ဟာကွ၊ ဒိုက်စပ်စပ် ပူလောင်လောင်ဟာကွ၊ အပြင်ထွက်ရင် ပြင်ရဆင်ရတဲ့ ဝန်ထုပ်ဝန်ပိုး ... အို ... မျိုးစုံပါပဲရှင့်၊





တခြား ရှင်မသိတာတွေလည်း အများကြီး။ ထိုင်ပါရှင် ... ရိတ်မှာသာ ရိတ်ပေးစမ်းပါ"

"အချိန်လည်း မရှိဘူး။ ဖယောင်းတိုင်လည်း ကုန်တော့မယ်ဗျ"

သူမ၏နက်မှောင်မှောင်မျက်လုံးရွှဲကြီးများနှင့် ဖယောင်းတိုင်ကို လှမ်းကြည့်လိုက်၏။

"အို ... ခေါင်းတုံးလေးရိတ်တာများ ဘာကြာတာမှတ်လို့ သွက်သွက်လေးဆို ဖြစ်ပါတယ်ရှင့်၊ ကိုင်း ... အချိန်ဆွဲမနေနဲ့ကော့၊ ဟောဒီမှာ ရှင့်ရဲ့လုပ်အားခ"

သူမက တစ်ထောင်တန်ငါးရွက်ကို ဟမ်းဘက်အိတ်အတွင်းမှ ထုတ်ကာ ဆံပင်ညှပ်ပစ္စည်းများတင်ရာ ခုံပေါ်သို့တင်လျက် ခုံလည်ပေါ်သို့ ခပ်တည်တည် ဝင်ထိုင်လိုက်၏။

ငွေငါးထောင်။

သူ သာမန်ခေါင်းတုံးရိတ်လျှင် လေးရာသာရမည်ဖြစ်သော်လည်း ယခုတော့ ငါးထောင်ဆိုသောငွေကို သူမက ရက်ရက်ရောရော ပေးနေလေပြီ။

ဘာပဲဖြစ်ဖြစ် ခုံတန်းပေါ်မှငွေက သူ၏ညီးညီးညူညူစိတ်များကို စိန်ခေါ်လိုက်လေပြီ။

သည်အချိန်တွင် ငွေက သူ့ကာယ်တင်ရှင်။

အချိန်ကြာကြာစဉ်းစားမနေတော့။ သည်လောက်တောင် ဖြစ်ချင်နေသည့်မိန်းမ။ တားနေတော့ရော ဘာအကျိုးရှိမှာမို့လို့လဲ။

ကိုင်း ... မထူးတော့ပေ။ ကတ်ကြေးတစ်လက်ကို မြန်မြန်ဆန်ဆန်ယူလျက် သူမဆံပင်များကို အရင်းမှစုစည်းကိုင်ကာ မညှာမတာ ဖြတ်တောက်လိုက်ရတော့၏။

"ဒီဆံပင် ရောင်းစားလို့ရတယ်၊ ခင်ဗျား ပြန်ယူသွား"

"နေပါစေ ... ဒီမှာပဲထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းစားရင် တစ်သောင်းလောက်ရမှာ"

"မယူချင်ပါဘူး ... ရှင်ကတစ်မှောင့်၊ မြန်မြန်ပြီးအောင်သာ လုပ်ပေးပါ"

သူ ဘာမှဆက်မပြောတော့။ ခေါင်းတုံးကိုသာ ပြောင်နေအောင် ရိတ်ပေးလိုက်သည်။

ထိုအချိန်တွင် ဖယောင်းတိုင်မီးမှာ ကုန်နေပြီး လင်းတစ်ချက် မှိတ်တစ်ချက်ဖြစ်နေသောကြောင့် ...

"ဟာ ... မီးငြိမ်းတော့မယ်"

"ပြီးပြီပဲဥစ္စာ ... သိပ်အရေးမကြီးတော့ပါဘူး"

အလင်းရောင် လုံးဝဆိတ်သုဉ်းသွား၏။ သူ့မှာ အားတုံ့အားနာ မနေတတ်မထိုင်တတ်။ အမှောင်ထဲတွင် ယောကျ်ားလေးတစ်ယောက် နှင့်မိန်းကလေးတစ်ယောက်တို့ အတူရှိနေသင့်တဲ့ကိစ္စတဲ့လား။

"ရှင် ... ကျွန်မကို အားနာနေတာ မဟုတ်လား။ စိတ်မပူပါနဲ့၊ ကျွန်မ ခုပဲသွားတော့မှာပါ၊ အခုလို ကျွန်မကို ကူညီလိုက်တာ ကျေးဇူးပါ ပဲရှင်၊ ဘယ်တော့မှ မမေ့ပါဘူး။ ဒီဆံပင်တွေဟာ ကျွန်မအတွက်တော့ တကယ့်ကို အကြီးမားဆုံး အန္တရာယ်တွေပါပဲ၊ နေဦး ... နေဦး ကျွန်မ ထဘီပြင်ဝတ်လိုက်ဦးမယ်"

အပြင်မှ မဆိုသလောက်အလင်းရောင်လေး ဝင်နေသောကြောင့် သူမ လှုပ်ရှားနေတာကို ပိုးတိုးပါးတားမြင်နေရ၏။ သူ့မှာ မျက်နှာမထား တတ်အောင်ဖြစ်ခဲ့ရ၏။ ထို့နောက် ...

"ကိုင်း ... ကျွန်မကို ခွင့်ပြုပါဦး"

သူ ဘာတစ်လုံးမှ ခွန်းတုံ့မပြန်မီ။ ထိုအမျိုးသမီး အမှောင်ထဲ တွင် လုစ်ခနဲပျောက်သွား၏။

သူဦးခေါင်းထဲတွင် မှုံမှုံဝေဝေနောက်ကျိကျိရှိနေသေးသည်မို့ ဘာကိုမှ ဆက်မစဉ်းစားချင်။ လက်ထဲမှ ဆံပင်ရှည်အား စိတ်မှန်းနှင့်





ယာယီထုံးနှောင်လိုက်ပြီး ထိုင်ခုံပေါ် ပစ်တင်လိုက်သည်။

အိပ်ချင်စိတ်က ပေါ်နေဆဲမို့ ဆိုင်တံခါးကို ခပ်သွက်သွက်ပိတ်ကာ အိပ်ရာထဲသို့ တိုးဝင်လိုက်၏။

သိပ်ပင်မကြာလိုက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com



ပယောဂဦးဆန်းထော ပုစ္ဆာထစ်ပြီ

ဒုတိယအကြိမ် ထပ်မံနိုးလာပြန်သောအခါ၌လည်း လူတချို့၏ ဆူဆူညံညံအသံဗလံများကြောင့်ဖြစ်သည်။ သို့သော် အပြင်ဘက်တွင် မှောင်နှင့်မည်းမည်းမဟုတ်တော့။ လင်းလင်းကျင်းကျင်း ရှိနေပေပြီ။

"အခုမှ မိုးလင်းခါစရှိသေးတယ်၊ ဘာလို့ ဆူညံဆူညံတွေ ဖြစ်နေရတာပါလိမ့်"

နည်းနည်းတော့ ကျွဲမြီးတိုသွားသည်။ အိပ်ကောင်းနေဆဲ မဟုတ်လား။ ယခင်နေ့တွေကဆို ခုနစ်နာရီထိုးလောက်မှ နိုးနေကျ။

သူ အကြောတစ်ချက် ဆန့်ထုတ်ယူကာ အိပ်ရာမှထ,ကာ တံခါးဖွင့်လိုက်သည်။ သံလမ်းပေါ်တွင် ဖြတ်သွားဖြတ်လာတို့ ရှိနေသည်။ သူတို့ထဲမှ အများစုက မြောက်ဘက်သို့ ဦးတည်သွားနေတာ တွေ့ရ၏။ မျက်လုံးကို အဆုံးထိပို့လွှတ်လိုက်သောအခါ ခပ်ဝေးဝေးရှိ သံလမ်းတစ်နေရာတွင် လူတစ်စု ဝိုင်းအုံကြည့်နေတာတွေ့ရ၏။

ဘာဖြစ်တာပါလိမ့်။ ရထားကြိတ်ပြန်ပြီလား။

သူတို့လို ရထားလမ်းဘေးနေသူတွေအတွက်မဟုတ် ရထားကြိတ်

ရှုမြင့်ဖောက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ရထားတိုက်တာမျိုးတွေက မကြာခဏ ကြုံရသည့်ကိစ္စ၊ သိပ်အဆန်းတကြယ်မဟုတ်တော့။ တလောကပင် စိတ်မနှံ့သည့် မိန်းမတစ်ယောက် လေးငါးလသားကလေးတစ်ယောက်ကို စိတ်ဖောက်ပြန်ပြီး ရထားဖြတ်သွားစဉ် ပစ်ထည့်ခဲ့ဖူးသည်၊ အရိုးတခြား၊ အသားတခြား။ ပြီးမှ အသားပိုင်းအသားစများကို လိုက်ကောက်လျက် ထိုအရူးမ သည်းသည်းထန်ထန် ငိုနေတော့လည်း ဘာတတ်နိုင်ပါဦးမည်နည်း။

"ဟော့ ... ဖာဏီ ဘာဖြစ်တာလဲ"

ပြန်လာသောလူငယ်လေးတစ်ယောက်ကို စနည်းနာလိုက်ဖြစ်သည်။

"အမျိုးသမီးတစ်ယောက် ရထားကြိတ်ခံရတာ နမြောစရာဗျာ"

"ငယ်ငယ်ချောချောလေး။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖြောင့်မှဖြောင့်၊ ပညာတတ်တစ်ယောက်ပုံစံမျိုး"

"ဘယ်ရထားကြိတ်တာလဲ"

"ညက နောက်ဆုံးရထားကြိတ်သွားတာ ဖြစ်မယ်၊ မှောင်နေတော့ ရုတ်တရက် ဘယ်သူမှ မသိလိုက်ကြဘူး။ ဒီမနက် မန်းရထားဝင်လာမှ စ,သိကြတာ"

"ဘယ်လောက်တောင် စိတ်ညစ်နေလို့မှန်းမှမသိတာ"

"လှရိုက်ပြီး လာချသွားတာရော မဖြစ်နိုင်ဘူးလား"

"အင်း ... ဒါလည်း ဟုတ်တာပဲ"

သူ့ မျက်နှာသစ်ဖို့ ဟန်ပြင်လိုက်သည်။ အဲဒီတုန်းမှာပင် အိမ်နီးချင်း ကိုအေးသောင်းက ...

"လာကွာ ထူးအုပ် ... သွားကြည့်ရအောင်"

"နေပါစေဗျာ ... မောစောစီးစီး ဒါကြီး စိတ်ထဲရောက်နေရင် အစားအသောက်ပျက်တယ်"

"မင်းနှယ်ကွာ ... တရားမရှိလိုက်တာ၊ လူငယ်မဟုတ်တဲ့





အတိုင်းပဲ၊ ကဲပါ ... လာစမ်းပါ"

အဖော်မင်သော အိမ်နီးချင်းက မရမအရ အတင်းခေါ်နေသောကြောင့် သူ့မှာ မျက်နှာမြန်မြန်သစ်ကာ ဆိုင်ကို ဖေ့ရုံသာဖေ့လျက် အတူတူထွက်လာခဲ့၏။

သိပ်များများစားစား မလျှောက်လိုက်ရ၊ အချင်းဖြစ်ပွားရာနေရာသို့ ရောက်လာခဲ့သည်။ လူတွေက စောစောကထက်ပိုများသည်ဟု ထင်ရ၏။ တစ်ယောက်တစ်ခွန်း ပြောနေသံများတွင် ...

"ရပ်ကွက်လူကြီးက အကြောင်းကြားလို့ ရဲတွေရောက်လာပြီးပြီ ခဏနေ ဆေးရုံကား လာတော့မှာ"

"ဒီမိန်းမကို အရင် တစ်ခါမှမမြင်ဖူးဘူး"

"ကျွန်မလည်း မမြင်ဖူးဘူး။ မျက်နှာလေးက သေနေတာတောင် ချစ်စရာကောင်းသေးတော့၊ သူ့ကိုယ်လုံးကိုယ်ပေါက်လေးနဲ့"

"ဝတ်တာစားတာကိုကြည့် ... ရွှေညိုစိမ်းရောင် အကောင်းစားဝမ်းဆက်နဲ့၊ ဆင်းတောင့်ဆင်းရဲပုံလည်း မပေါ်ဘူး"

"နှစ်ပိုင်းပြတ်သွားတာ၊ ရဲတွေရောက်လာပြီးတော့မှ အခုလိုစုပုံလိုက်တာ၊ အူတွေဆိုတာ မြင်မကောင်းဘူး"

ယခုအချိန်တွင်တော့ အစိမ်းရင့်ရောင် ပလတ်စတစ်ကြမ်းကြီးဖြင့် ဖုံးအုပ်ထားသောကြောင့် အလောင်းရှင်၏မျက်နှာကို မမြင်ရပါ။ သွေးကွက်များ၊ အသားအပိုင်းအစများကိုသာ ဟိုတချို့ သည်တချို့ တွေ့နိုင်တော့၏။

သည်ကြားထဲ အလှည့်ကျ ခုတ်မောင်းလာသော မြို့ပတ်ရထားတစ်စီး ဖြတ်မောင်းနေသောကြောင့် သံလမ်းဘေးသို့ ဆင်းကြရသေးသည်။ လိုမ့်ရုံသာ လိမ့်သွားသော ရထားပေါ်မှလူတွေက ခေါင်းတွေကိုယ်စီပြူထွက်ကာ တအံ့တဩကြည့်သွားကြ၏။

"ဘာလုပ်မှာလဲ ... ပြန်ကြရအောင်ဗျာ"

ဟုတ်သည်လေ။ ဘာဖြစ်လို့ မိုးတိုးမတ်တတ်ရပ်နေဦးမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှအကြောင်းထူးလာတော့မှာမှ မဟုတ်တာ။

"ဟော . . . ဟိုမှာ စခန်းမှူးကိုယ်တိုင်လာနေပြီ"

ထိုစကားကြောင့် လူတွေ လှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ အမှန်တကယ်လည်း အခင်းဖြစ်ပွားရာနေရာသို့ စခန်းမှူးကိုယ်တိုင် လာကြည့်ခြင်းဖြစ်၏။

တစ်ယောက်က လူတွေကိုရှဲခိုင်းသည်။ စခန်းမှူးအလောင်းဆီသို့ အရောက်တွင် တပ်သားလေးတစ်ယောက်က ပလတ်စတစ်စကို ခွဲလှန်ပြ၏။ ထူးအုပ်မှာ အလောင်းနှင့် အနီးကပ်ဆုံးနေရာတွင် ရောက်နေသောကြောင့် သေသေချာချာမြင်တွေ့လိုက်ရစဉ်တွင် . . .

"ဟင် . . . ဘုရား . . . ဘုရား"

မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ နားထင်ကြောကြီးများ ထောင်တက်သွား၏။ သေဆုံးသူမှာ တခြားသူမဟုတ်။ ညက သူ့ထံ ခေါင်းတုံးလာရိုက်နိုင်းသော မိန်းမဖြစ်နေခြင်းပင်။

အံ့သြစရာကောင်းနေသည်မှာ ထိုမိန်းမခေါင်းပေါ်ရှိ ဆံပင်များမှာ မူလအတိုင်းရှိနေခြင်း ဖြစ်သည်။

"ဒါ . . . ဒါ ဘယ်လိုဖြစ်ရတာလဲ"

သေဆုံးချိန်ကို တွက်ကြည့်တော့ မနေ့ညက နောက်ဆုံးရထားဖြတ်ကြိတ်သွားချိန်ဖြစ်ခြင်းကြောင့် သူအိပ်မပျော်သေးမီက ဖြစ်သည်။

နောက် သူ အိပ်ပျော်သွားသည်။ အိပ်ပျော်ပြီးမှ တံခါးလာခေါက်တာဖြစ်သည်။

ထိုသို့ဆိုလျှင် . . . ထိုသို့ဆိုလျှင် . . .

"ဟာ . . . မဟုတ်သေးဘူး။ မဟုတ်သေးဘူး"

အတွေးတွေက ယောက်ယက်ခတ်ကာ ပိုမိုနောက်ကျိလာသည်။ သဘာဝမကျမှုတွေက ဆင့်ကာဆင့်ကာ။

"ဒါဆို . . . ဒီမိန်းမသေပြီးမှ ငါ့ဆီရောက်လာတာပဲ"





သူ ရုတ်တရက် တစ်စုံတစ်ရာကို သတိရသွားကာ လူအုပ်ကြားထဲမှ တိုးထွက်လျက် ဆိုင်ရှိရာသို့ ခပ်သွက်သွက်ပြန်လာခဲ့၏။ ကိုအေးဆောင်းကိုပင် သတိမရတော့။ ဆိုင်ရောက်သည့်အခါ တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်ကာ ဆံပင်ရှည်ကိုရှာသည်။ ညက သေသေချာချာထားခဲ့သော စားပွဲခုံပေါ်ရှာသည်။ မရှိတော့။

ဆုံလည်အောက်ခြေတွင် ရိတ်ထားသော ဆံပင်အတိုအစများကမူ ယခုတိုင်ရှိနေဆဲ။ သူ့ဆံပင်အစအနတွေ . . .

"ဒါဆို ငါ အိပ်မက်မက်ခဲ့တာ မဟုတ်ဘူး"

ဆံပင်များကို မဝံ့မရဲကိုင်ကြည့်ရင်း ကြက်သီးတွေ ဖျန်းခနဲ ဖျန်းခနဲထသွားသည်။

"ဒီမိန်းမ . . . ညက တိုက်သွားတာ မဖြစ်နိုင်ဘူး။ မနက်ပိုင်းကမှ တိုက်သွားတာဖြစ်ရမယ်"

သူ့မျက်လုံးများက ဆံပင်ညှပ်စင်ထောင့်နားသို့ ရောက်သွားသောအခါ . . .

"ဟင် . . . ဟိုမိန်းမကျန်ခဲ့တဲ့ ဟမ်းဘတ်အိတ်"

ဘာလို့ကျန်ခဲ့တာလဲ။ မေ့ကျန်ခဲ့တာလား။ ဒါမှမဟုတ် တမင်တကာ ချန်ထားခဲ့တာလား။

ထူးအုပ် ဟမ်းဘတ်အိတ်ကို မရဲတရဲလှမ်းယူသည်။ ယူသာယူရသော်လည်း စိတ်ထဲတွင်တစ်မျိုးကြီး။ ထိုမိန်းမ ခေါင်းတုံးတုံးခိုင်းစဉ်က ရက်ရက်ရောရောငွေငါးထောင်ထုတ်ပေးခဲ့ခြင်းမှာ ထိုအိတ်ထဲမှပင် မဟုတ်လား။

သူ့လက်တွေ တဆတ်ဆတ်တုန်နေသည်။ ချောကလက်ရောင်ခေတ်ပေါ်အိတ်လေးမှာ သူ့ကို တစ်စုံတစ်ရာ လှောင်ပြောင်နေသလိုလို။ ဇစ်ကိုဆွဲလိုက်သည်။ အတွင်းသို့ ကြည့်လိုက်ရာ ဘာမှုမရေးထားသော အကောင်းစား ဒိုင်ယာရီစာအုပ်တစ်အုပ်။ ဘီးတစ်ချောင်း။ မိန်းမအသုံး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်အလှပြင်ပစ္စည်းတချို့နှင့် အနီရောင်ကျောက်ကြီးကြီးတစ်လုံးအား ငွေနှင့်အနားကွပ်ကာ ရှေးဟောင်းလက်ရာဖြင့်ပြုလုပ်ထားသော လက်စွပ်တစ်ကွင်း။ ဒါသည်ပင်။ ငွေစက္ကူဟူ၍ တစ်ရွက်တလေမှပင် မတွေ့။

"ဘာတွေမှန်းကို မသိဘူး"

ထူးအုပ်စိတ်ပျက်လက်ပျက်ဖြင့် အိတ်ကို တစ်နေရာတွင် ထားလိုက်စဉ် ကိုအေးသောင်း ရောက်ချလာသည်။

"ကိုယ့်လူက ဘာမပြော ညာမပြော ပြန်သွားရတာလဲ"

"ဆိုင်တံခါး ဖွင့်ထားခဲ့တယ်မှတ်လို့"

"ငါ့ရှေ့တင် မင်းပိတ်ခဲ့တာလေ"

"အေးဗျာ . . . ကျွန်တော့်စိတ်တွေလည်း ကယောင်ချောက်ချားဖြစ်ကုန်ပြီလား မပြောတတ်တော့ပါဘူး။ နေပါဦး . . . ဟိုမိန်းမကို ညရထားတိုက်တာ သေချာရဲ့လား"

"မင်းသွားတော့ မီးရထားဌာနက လူကြီးတွေ ရောက်လာတယ်၊ ညရထားတိုက်တာတဲ့"

"ဟာ . . . ဒါဆို"

"ဘာဖြစ်တာလဲ"

"အာ . . . ဘာမှမဟုတ်ပါဘူး။ စကားပြောကောင်းနေလိုက်တာ ဆိုင်ဖွင့်ပြီးရင် ထမင်းအိုးတစ်လုံးတည်လိုက်ဦးမယ်၊ အမြဲတမ်း ဆိုင်မှာ ဝယ်စားရတာ မနိုင်ဘူး"

ကိုအေးသောင်း ပြန်သွားသောအခါ ညက အဖြစ်ပျက်များကို တစ်ကွက်ချင်း တစ်ကွက်ချင်း တိတိကျကျ ပြန်စဉ်းစားနေသည်။ ထိုအခါ ကြက်သီးတွေ တဖျန်းဖျန်းထ,ကာ ကျောချမ်းသလိုဖြစ်လာခဲ့၏။

"ဒါဆို ဒီမိန်းမကို ငါတွေ့တာ . . ."

□□□





www.burmeseclassic.com

www.burmeseclassic.com

## အစောကားရှာသော ဝိညာဉ်များ

ထိုရက်မှစတင်ကာ နောက်ပိုင်းရက်များတွင် ထူးဆန်းတစ်ယောက် စိတ်ကနောင့်ယှက်မှုများ စတင်လာသည်ဟုဆိုရပေမည်။ မိမိအဖြစ်အား တခြားသူတစ်ယောက်ယောက်ကို ပြောပြရန်လည်းမဖြစ်။ ပြောပြနိုင်လျှင်လည်း မည်သူက မည်သည့်အတိုင်းအတာဖြင့် ယုံကြည်ပါမည်လဲ။

အဆိုးဝါးဆုံးတစ်ချက်မှာ ညမိုးချုပ်လာမှာကိုပင်။ ညပိုင်းတွင် သူမများ ထပ်မံပေါ်လာဦးမည်လားဆိုသော အတွေးကြောင့် အရက်ကို ခါတိုင်းနေ့များထက် ပိုသောက်ကာ ဖြောင့်ဖြောင့်တန်းတန်း မအိပ်နိုင်ဘဲ ဖြစ်နေရသည်။

တကယ်များ သူမ ရောက်လာလျှင် သူ ဘာလုပ်ရမည်လဲ။

ထွက်ပြေးမိမှာလား။ ဒါမှမဟုတ် မောင်းထုတ်ရမှာလား။ သို့မဟုတ်လျှင် လက်ခံစကားပြောရမည်လား။ ဘာကိုမှ ရေရေရာရာ မဆုံးဖြတ်နိုင်သေးပါ။

မည်သို့ပင်ဆိုစေ နောက်ရက်များတွင် ယခင်နေ့က အသောက်များသွားသည်ဟူသော အကြောင်းပြချက်နှင့် နည်းနည်းထပ်မြေသည့်သဘော မနက်ပိုင်းမှုကာ တစ်စိတ်တစ်ပိုင်းလောက် ချတတ်လာ၏။





ဆိုရလျှင် မနက်ပိုင်းကတည်းက ရီဝေရီဝေလေးနှင့်မှ နေတတ်လာသည့်သဘော။

သို့ဖြင့် တစ်ပတ်ခန့်ကြာသောအခါ ...

ထိုညက သူဆယ်နာရီကျော်လောက်မှ အရက်ဆိုင်မှ ပြန်လာသည်။ ထုံးစံအတိုင်း ညစာကို ခပ်ညံ့ညံ့ဟင်းလျာများဖြင့် သုံးဆောင်လိုက်၏။ ယခုတလော အသောက်များလာသောကြောင့် အစားအစာကိုလည်း သိပ်မနှံမင်ချင်တော့။

ဖယောင်းတိုင်ကိုမှုတ်ကာ အမှောင်ထဲတွင် ဆေးလိပ်မီးကို ရဲရဲထ,ဖွာရှိုက်နေလိုက်သည်။ ထိုစဉ်အခိုက် ...

'ဘုတ်ဘုတ် .. ဘုတ်ဘုတ် .. ဘုတ်ဘုတ်'

ထူးဆန်း ခေါင်းနပန်းများ ကြီးထွက်သွားသည်။ သေချာပါသည်။ ဟိုတစ်နေ့က လာရောက်ခေါက်သည့်အသံမျိုး။

"ဘယ် ... ဘယ် ... ဘယ်သူလဲ"

ယောင်ယောင်ရမ်းရမ်းအသံပြုလျက် ခြင်ထောင်ထဲ ငုတ်တုတ်ထ,ထိုင်ဖြစ်၏။ အရက်ရှိန်ကြောင့် အလွန်အမင်းတော့ ကြောက်စိတ်မဖြစ်မိ။ ရောထွေးရှုပ်ပွနေသည့်ဖြစ်စဉ်တစ်ခုအား မှန်မှန်သိချင်လိုသည့်သဘောက ဦးဆောင်နေသည်။

'ဘုတ်ဘုတ် .. ဘုတ်ဘုတ် .. ဘုတ်ဘုတ်'

"ဘယ်သူလဲလို့မေးနေတယ်လေကွာ"

'ဘုတ်ဘုတ် .. ဘုတ်ဘုတ်'

"တောက် ... ခင်းကတော့ ငါ့စိတ်ကို လာစွနေပြန်ပြီ"

သူ ခြင်ထောင်ထဲမှ ထွက်လိုက်သည်။ အိပ်ရာခြေရင်းမှ နှစ်တစ်လက်မတုတ်ရှည်တစ်ချောင်းကို ကောက်ယူလျက် ဖယောင်းတိုင်မီးကို ညှိသည်။ သတ္တိတွေကိုတော့ စိတ်ထဲမှ ထပ်ပြန်ထပ်ပြန် မွေးထုတ်ကာ တံခါးဆီသို့ လှမ်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ပြောစမ်း ... ဘယ်သူလဲဆိုတာ"

သူ့အော်ကြီးဟစ်ကျယ် လှမ်းမေးလိုက်သည်။ ညက ဟိတ်ဆိတ်နေသောကြောင့် သူ့အသံက ဟိန်းထွက်သွားသည်။

"ဘယ်သူမှ မဟုတ်ပါဘူး ... ကျွန်မပါ"

တိုးကိုးဖွဖွအသံ(က) သူ့ရင်ကို အတော်ပင်လှုပ်ရှားသွားစေခဲ့ပါသည်။ ဟုတ်သည်။ ထိုမိန်းမအသံမှ ထိုမိန်းမအသံစစ်စစ်။

"ဘာကျွန်မလဲ ... ကျွန်မဆိုတာ မရှိတော့ဘူး၊ ကျွန်မဟာ ဟိုနေ့က သေသွားပြီ၊ ငါကိုယ်တိုင်မြင်ခဲ့တာ၊ မင်းကို ရထားကြိတ်လို့ သေပြီ"

"ရှင်ပြောတာတွေကို ကျွန်မ ဘာမှငြင်းစရာမလိုပါဘူး၊ ဒါပေမဲ့ ကျွန်မကို တံခါးလေး ခဏဖွင့်ပေးပါဦးလာရှင်၊ ကျွန်မလေ ရှင်နဲ့ စကားနည်းနည်းပြောချင်လို့ပါ"

"မင်းနဲ့ငါ ဘာစကားမှပြောစရာမရှိဘူး ... သွားတော့၊ ထွက်သွားတော့၊ မင်း ဒီနေရာက မြန်မြန်ထွက်သွားတော့"

"တောင်းပန်ပါတယ်ရှင်၊ ရှင့်ကို အရေးကြီးတာလေး ပြောစရာရှိလို့ပါ၊ တံခါးလေးသာ ဖွင့်ပေးပါလား"

"မဖွင့်ဘူး ... ထွက်သွား"

"ဒါ ... ရှင့်ရဲ့ဆုံးဖြတ်ချက်ပဲလား၊ ပြန်ပြီးပြင်ဆင်လို့ မရတော့ဘူးလားရှင်၊ ခုချိန်မှာ ကျွန်မဟာ သိပ်ကို အထီးကျန်ဆန်နေပါတယ်၊ ရင်ဖွင့်စရာဆိုလည်း ရှင်တစ်ယောက်တည်းပဲရှိတာပဲ အဲဒါကြောင့် ..."

"မင်း ... အပိုတွေပြောမနေပါနဲ့တော့ကွာ၊ ငါ့စိတ်တွေ သိပ်ကို ရှုပ်ထွေးလာနေပြီ၊ ပြန်ပါတော့ကွာ ... ပြန်ပါတော့"

အပြင်မှအသံ တစ်ခဏ ကိုက်ဆိတ်သွားသည်။ သူ့မှာ ချွေးတွေပင် ပြန်လာလေပြီ။ အရက်ရှိန်ရှိနေသော်လည်း တံခါးဖွင့်၍ လက်ခံတွေ့ဆုံလောက်အောင်တော့ သူ့မှာ သတ္တိမရှိသေးပါ။ သူမ ... ကျန်ခဲ့သော





ဟမ်းဘာတ်အိတ်ကို သတိရသည်။ ပြန်ပေးချင်စိတ်လည်း ရှိသည်၊ သို့သော် ထိပ်တိုက်ရင်မဆိုင်ရဲသောကြောင့် နှုတ်ဆိတ်နေမိခြင်းသာဖြစ်၏။

အပြင်မှ ရှိုက်သံသဲ့သဲ့ကိုကြားလိုက်ရ၏၊ သူမ ငိုနေပြီလား။

"အင်းလေ ... ရှင်က မတွေ့ချင်ဘူးဆိုလည်း ကျွန်မမှာ ဘာမှ ပြောစရာမရှိတော့ပါဘူး၊ ကျွန်မ ပြောချင်တာကတော့ ရှင် ကျွန်မကို ကြောက်စရာမလိုဘူးဆိုတဲ့အကြောင်းပါပဲ၊ ရှင့်ကို နောက်တစ်ကြိမ် ထပ်တွေ့ဖို့ ကြိုးစားပါဦးမယ်"

ထို့နောက် ... အသံတိတ်သွားလေသည်။

သူမ တကယ်ပြန်သွားပြီလား။ ဘယ်ကိုပြန်မှာလဲ။ ခုချိန်မှာ သူမဟာ လူစင်စစ်လား၊ နာနာဘာဝလား၊ မခွဲခြားနိုင်တော့၊ လူစင်စစ်တော့ ဘယ်လိုမှ မဖြစ်နိုင်တာ သူ အသေအချာသိနေသည်။

သူ အပေါက်ရှာကာ ချောင်းကြည့်သည်။ အပြင်တွင် မီးရောင်သဲ့သဲ့ကလွဲလျှင် ဘာဆိုဘာမှမမြင်ရ။

မီးပျက်ည မဟုတ်သောကြောင့် ဟိုးဝေးဝေးမှ လမ်းမီးရောင်တွေကို မြင်နေရ၏။

သက်ပြင်းကို ခပ်လေးလေးချကာ ခုံပေါ်တွင် ငုတ်တုတ်ထိုင်နေခဲ့သည်မှာ အကြာကြီး။

သူ သည်နေ့ည တော်တော်နှင့် အိပ်ပျော်နိုင်တော့မည် မဟုတ်။

သည်မိန်းမ နာမည်က ဘယ်သူလဲ။

ဘာကြောင့် သူ့ဆီ ပြန်လာခဲ့ရသလဲ။

တစ္ဆေသရဲဆိုတာ ဒါမျိုးပဲလား။ စကားပြောနိုင်သလား။ လူပုံသဏ္ဌာန်ကို အတိအကျကြီး တွေ့မြင်နိုင်သလား။ ဘယ်လိုဒုက္ခမျိုးတွေ ပေးနိုင်သလဲ။

သူ ခြင်ထောင်ဆီသို့ တရွေ့ရွေ့လျှောက်လာသည်။ သည်ည မထွက်တော့ ချက်ချင်းအိပ်ပျော်လိမ့်မည်ဟူသောအတွေး သူ့တွင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လက်ကျန်အရက်လေး နည်းနည်းပါးပါးကျန်လေမလားဟု ပုလင်းများထဲတွင် ရှာကြည့်သည်။

တော်သေးသည်။

တစ်ခွက်စာလောက်ကတော့ ကျန်နေသေးအံ့။ ရေပင် ခပ်မနေတော့ဘဲ အရောသောပါး မော့ချလိုက်သည်။ ရင်ထဲ ထပ်မံပူဆင်းသွားတော့မှ နေသာထိုင်သာဖြစ်ရတော့သည်။

"နောက်တစ်ကြိမ် ထပ်တွေ့ဦးမှာတဲ့လား။ မလာပါနဲ့တော့၊ မလာပါနဲ့တော့၊ ငါ့ကို ဒုက္ခထပ်မပေးပါနဲ့တော့၊ မင်းလမ်း မင်းသွားပါတော့၊ မင်းလမ်း မင်းလျှောက်ပါတော့"

❒❒❒




www.burmeseclassic.com

www.burmeseclassic.com

ယဇ်ဝန်းကျွန်းမြေရှိမယ်ထင်လား

ဒေါ်လေးစိန်က ကိုအေးသောင်း၏စကားကိုကြားတော့ မယုံနိုင်သလို ဖြစ်သွားသည်။

"ဘယ်လိုဟဲ့ . . . ညက ထူးအုပ်တစ်ယောက် တောင်တောင်အီအီတွေ လျှောက်အော်တယ် . . . ဟုတ်လား"

"ဒေါ်လေးစိန်နို့ မကြားတာအံ့ပါရဲ့ဗျာ၊ ဒီနားတစ်ဝိုက်က လူတွေ အကုန်ကြားတယ်"

"ပြောစမ်းပါဦး . . . ဘယ်လိုဘယ်လိုဖြစ်တာလဲ"

"ညက သူ့ဆိုင်ထဲကနေ အချိန်မတော်ကြီး မလာနဲ့ . . . မလာနဲ့ ထွက်သွားဆိုပြီး အော်နေတာလေ"

"သူနိုးများ ကပ်လို့များလားကွယ်"

"သူနိုးဆို ထွက်သွားလို့ အော်မလား ဒေါ်လေးရ တွေ့ရာနဲ့ ကောက်ရိုက်တော့မှာပေါ့"

"အင်း . . . ဒါလည်း ဟုတ်တာပဲ"

"ဒါဆို . . . ဒီကောင် တစ္ဆေသရဲတွေ့လို့များလား"

"ဟုတ်မယ် . . . ဟုတ်မယ် တလောက လေဖြတ်ပြီးဆုံးသွားတဲ့





ချစ်တီးသရဲများလားမှမသိတာ"

"ဘာကြောင့် ချစ်တီးသရဲက ဒီကောင့်ဆီလာရမှာလဲ"

"ချစ်တီးဆီမှာ ဒီကောင့်ရဲ့အကြွေးတွေ ရှိတယ်လေ၊ ဟိုက လိုက်မတောင်းနိုင်တော့ ဒီကောင်က သွားမဆပ်တော့ဘူး။ သေတော့မှ လာတောင်းတာနေမှာပေါ့"

"မဟုတ်နိုင်လောက်ပါဘူးဗျာ"

ဒေါ်လေးစိန်က ထူးအုပ်ဆိုင်နှင့် နှစ်အိမ်ကျော်မှဖြစ်ပြီး ထွေလီကာလီမုန့်ပဲသရေစာလေးများ တင်ရောင်းသောဆိုင်လေး ဖွင့်ထားသည်။ ကိုအေးသောင်းက ထိုဆိုင်သို့လာကာ ကွမ်းယာဝယ်ရင်း ထိုသို့ပြောနေခြင်းဖြစ်သည်။ ထိုနေရာနှင့် သံလမ်းကြားတွင် ခုံတန်းလေးခင်းကာ အသုပ်စုံရောင်းနေသော မကြိုင်က နားစွင့်နားဖျား ကြားရင်း . . .

"ထူးအုပ် . . . ခုတလော ဘာဖြစ်တယ်မသိဘူး တမှိုင်မှိုင် တတွေတွေနဲ့ ဆံပင်ညှပ်လည်း စိတ်ပါပုံမပေါ်ဘူး။ မနေ့က လူငယ်တစ်ယောက်ဆို နားကွင်းလေးဝိုက်ပါပြောတာ အပြောင်ညှပ်လိုက်လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ခေါင်းတုံးတုံးလိုက်ပါရောလား"

"ဟင် . . . ဘယ်သူတုံးဟဲ့ မကြိုင်ရဲ့"

"နာမည်တော့ မသိပါဘူး . . . အောင်စေတီရပ်ကွက်ထဲကပဲ"

အသုပ်စားနေသော ငါးပိမ်းသည်ယောက်ျား ခင်မောင်က ဟင်းချိုတစ်ဇွန်းကို ရှူးခနဲ ခပ်သောက်လိုက်ပြီး . . .

"ဒီမနက်တောင် ထူးအုပ်ကို ညိုကြီးဆိုင်မှာတွေ့ခဲ့သေး"

"အလိုတော် . . . စောစောစီးစီး မိုးတောင်မလင်းသေးဘူး"

"အေးသောင်းပြောတာ ဟုတ်တယ် ဒေါ်လေးစိန်ရဲ့ ညက ကျုပ်ဖဲဝိုင်းမကောင်းလို့ စောစောပြန်လာပြီး အိပ်မယ်ကြံကာရှိသေး . . . ထူးအုပ်အခန်းဘက်က ဗူးဗူးဝါးဝါးအသံတွေ ကြားတော့ ကျုပ်တောင် ထ.ကြည့်သေး၊ ပြီးတော့ စကားတွေလည်းပြောလို့၊ ကျုပ်က ဘယ်သူများနဲ့တုံးလို့



www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ကြည့်ပါသေးတယ်၊ အပြင်မှာတော့ ဘယ်သူမှ မရှိဘူးဗျ။ ဟုတ်တယ် ... တစ်ယောက်ယောက်ကို ပြန်ခိုင်းနေတာ၊ ဘာလို့ပြန်ခိုင်းလဲမသိဘူး။ ဒါတော့ ကျုပ် နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာ"

ထို့နောက် သူတို့ကပင် ထူးအုပ်အကြောင်းကို တစ်ယောက်တစ်ခွန်း ပိုင်း၍ဝေဖန်နေကြပြန်သေး၏။

"ဒီကောင်လေး ကညွတ်ကွင်းဘက်က ရောက်လာတာမို့လား"

"အတိအကျမသိပါဘူးတော်၊ မေးတော့ ပြေချင်သလိုလို မပြေချင်သလိုလို လုပ်ကိုက အေးတိအေးစက်"

"ဆံပင်သာညှပ်တာ ... လူ့ရေး တော်တော်ညံ့ဖျင်းတဲ့ကောင်"

ဒေါ်လေးစိန်နှင့်မကြိုင်တို့၏ ပြောစကားများကို ကိုအေးသောင်းက ထောက်ခံသည့်အနေနှင့် ဝင်၍ မှတ်ချက်ပေးသည်။

ဟုတ်တော့လည်း ဟုတ်သည်။

မနက်မိုးလင်းလာသည်နှင့် ဆိုင်တံခါးလေးဖွင့်ကာ သန့်ရှင်းရေးလုပ်မည်။ ဆံ့လည်ထားသောနေရာနှင့် သူအိပ်သောနေရာများအား လိုက်ကာအဟောင်းလေးတစ်ထည်သာ ခြားထားသည်။ မြင်ထောင်သိမ်းရန်အပျင်းကြီးသော သူ့အကျွန့်ကို ထိုလိုက်ကာနှင့် ဖုံးကွယ်ထားလိုက်ခြင်းပင်။

လိုက်ကာတစ်ဖက်တွင် အညိုရောင်သန်းနေသော သေတ္တာ တစ်လုံး။ အောက်ဘက်တွင် မီးသွေးမီးဖိုတစ်လုံး၊ ထမင်းချက်ဒန်အိုး တစ်လုံး။ ဒယ်အိုးတစ်လုံး။ ပုလင်းခွံသေးငါးလုံးနှင့် ပစ္စည်းပစ္စယ နည်းနည်းမှလွဲလျှင် သူပိုင်ပစ္စည်း ဘာမှမရှိတော့။

ရှိလျှင် ချက်စားသည့်အခါ ချက်စားသည်။ ဝယ်စားသည့်အခါ ဝယ်စားသည်။ မရှိလျှင်တော့ မကြိုင်အသုပ်ကို အကြွေးစားကာ ရေသောက် ဗိုက်မှောက်တော့၏။

ညှပ်သူလာလျှင် မြူးစိစိနှင့် အသံတိတ်ညှပ်နေတတ်ပြီး စကားစမြည်ပြောဖို့ရာ အလွန်ဝန်လေးသူ။ နောက်ပြီး အလွန်အားနာတတ်သူ။





ဆိုင်တွင် ကျားခွက်ကိုထားထားပေးသော်လည်း ဘယ်တော့မှ ဘယ်တော့မှ ဝင်မကာစား။ အားနေလျှင် ဖျင်းနေလျှင် စာအုပ်တစ်အုပ်အုပ်ကို အငမ်းမရ ဖတ်နေတတ်သည်။ စာဖတ်ခြင်းကိုတော့ သူ အလွန်နှစ်သက်ပုံပေါ်ပါသည်။

"သူ့မှာ တခြားဘာမှပြောစရာမရှိပါဘူး။ အရက်သောက်တတ်တာရယ်, ဗိုက်ဆံကို ဘယ်လိုရအောင်ရှာမလဲ မလုပ်တတ်တာရယ်, ဒါပဲရှိတယ်၊ သူများလို ဖဲမရိုက်, မိန်းမမပွေတာက သူ့ရဲ့ကောင်းကွက်တွေပဲ"

"အင်း ... ဒီလူပျိုသိုးကြီးကတော့ ခက်ပါတယ်၊ ဒီအတိုင်းသာဆို အရက်သမားလုံးလုံးဖြစ်ပြီး မြန်မြန်သေမှာ"

ထိုသို့ပြောနေစဉ်မှာပင် ထူးအုပ်တစ်ယောက် တောင်ပိုင်းမှ မီးရထားသံလမ်းအတိုင်း ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာနေတာ သူတို့အားလုံး တွေ့လိုက်ရ၏။

"ဟော ... အသက်ရှည်ဦးတော့မယ်၊ ဟိုမှာ ပြန်လာနေပါပြီ"

"မိုးမလင်းခင်သောက်တဲ့ အရက်သမားစာရင်းထဲမှာတော့ ဒီကောင့်ကို ထည့်ရမလိုဖြစ်နေပြီ"

သူတို့နေသောရပ်ကွက်လေးမှာ အခြေခံလုပ်သားများနှင့် ဝန်ထမ်းများ နေသောကြောင့် မနက်မိုးလင်းလာသည်နှင့် လှုပ်လှုပ်ရှားရှား သွားသွားလာလာလူတွေက များသည်။ အလုပ်ကြမ်းသမားက များသည်။ ထဲရေးတိုင်းတွာလျက် အရှက်တရားကို တန်ဖိုးမထားသူ များသည်။ သို့သော်နေသားကျနေသူအချို့ကတော့ ထိုရပ်ကွက်လေးတွင်ပင် ပျော်ပါသည်ဟုတညီတညွတ်တည်း ပြောကြလိမ့်မည်။

"ဟောတော့ ... ထူးအုပ်တစ်ယောက် ဆိုင်မဖွင့်ဘဲ တစ်ခါတည်းတန်းအိပ်တော့မယ်ထင်တယ်"

မှန်ပါသည်။ ထိုနေ့က သင်္ကြန်ဟုဆိုသော ထူးအုပ်၏ဆိုင်လေး နေကုန်အောင် ပိတ်ပစ်လိုက်ပါ၏။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



ထမိန်ချိုက လှည့်မ ထမိန်ပိုးပြု

အိပ်မက် ...။

ဟုတ်သည်။ သူ့အိပ်မက်တွေက လွန်ခဲ့သော ရာစုပေါင်းများစွာသို့ မျောလွင့်သွားနေသည်။

လေထဲတွင် မျောသန်းနေသူတစ်ဦးကဲ့သို့ စိတ်မြန်လျှင် ရွေ့လျားမှု မြန်ဆန်သလို စိတ်နှေးလျှင် ရွေ့လျားမှု နှေးကွေးသွားလေသည်။

သူဖြတ်သန်းနေရသောဒေသမှာ နိုင်းမြစ်ဖြစ်ပြီး အချိန်ကာလမှာ ၁၆ ရာစု BC ခန့်ကဖြစ်သည်ဟု စိတ်ထဲမှ အလိုလိုသိနေ၏။

သူ နိုင်းမြစ်အရှေ့ဘက်ခြမ်းမှ အနောက်ဘက်ခြမ်းသို့ လှေဖြင့်ကူးပြီး ခရီးဆက်ခဲ့သည်။ ခြောက်သွေ့လွန်းသော ကန္တရလယ်မှ ရောမ ကျောက်တောင်ကြီးတွေဆီသို့ ကုလားအုတ်တစ်ကောင်ဖြင့် ခရီးဆက်ခဲ့သည်။

သူ့ကိုယ်သူပြန်ကြည့်ဖြစ်တော့ အဝတ်အစားတွေက ဖိုးရိုးဖားရားနိုင်လွန်းလှ၏။ ဘယ်လိုအဝတ်အစားကြီးမှန်းမသိ။ ရှေးခေတ် အီဂျစ်ဘုရင်များလက်ထက် မင်းညီမင်းသားများဝတ်ဆင်လေ့ရှိသော ဝတ်စုံမျိုး။ သူဝတ်ထားသည်မှာ ဘယ်လိုရာထူးအဆင့်အတန်းမှန်းတော့ မခန့်မှန်းနိုင်ပါ။

ဆုရှင့်တောင်တေပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဘုရင်များသင်္ချိုင်းဂူတောင်ကြား (Valley of the kings) သို့ ရောက်လာခဲ့သည်။ ဘုရင်များနှင့် တန်ခိုးအာဏာထွားခဲ့သည့် မင်းမျိုး မင်းနွယ်များ၏သင်္ချိုင်းတွေကို တွေ့ရ၏။ သင်္ချိုင်းတွေမှာ သီးသန့် (Theban) ကျောက်ဆောင်တွေအောက်တွင်တူးပြီး သင်္ချိုင်းတည်ခဲ့ခြင်း ဖြစ်သည်။ ပုံစံတွေက ခန့်ထည်လို့နေသည်။

"ဒီနေရာတွေကို ရင်းရင်းနှီးနှီးရောက်ဖူးနေသလိုပဲ"

ရာသီဥတုက ပြင်းပြင်းရှရှ၊ ကန္တာရလွင်ပြင်ကျယ်နှင့် ကျောက်တောင်တွေကသာ ကြီးစိုးလို့နေသည်။ ပထမဦးစွာ ဘုရင် ရန်ရမိဆီ III (Ramessees III) ဂူကိုရောက်၏။

"ဒါ . . . စောင်းဂူဆိုပြီး ငါ့စိတ်ထဲက ဘာလို့ အလိုလိုသိနေရတာလဲ"

စောင်းတီးနေသည့် နတ်ဘုရားနှစ်ပါးပုံရှိပြီး အခန်းတွေ ဖွဲ့စည်းထားပုံက ရှုပ်ရှုပ်ထွေးထွေး။ အတွင်းတွင် အရောင်တောက်တောက်ပနှင့် ဆွဲထားသည့် ပန်းချီကားတွေရှိသည်။

တိုင်လုံးကြီးလေးလုံးခန့်မကနေ တစ်ဆင့် အခန်းငယ်အများကြီး ခွဲထွက်သွား၏။ တိုင်လုံးများတွင် နတ်ဘုရားမဟာသော်၏ ဦးခေါင်းပုံ နှစ်လုံးမှာ ဝင့်ဝင့်ကြွားကြွား။ ပန်းချီများတွင် လှေများ၊ ဘုရင့်စစ်တပ်များ၊ စောင်းတီးသမားများနှင့် ဘုရင့်ဖိမ်ခံပစ္စည်းများကို ဖော်ပြထားသည်။

မြုပ်နှံရာခန်းမကြီးတွင် (Book of Gates) ခေါ် တမလွန်ဆိုင်ရာ ပန်းချီကားများ၊ ကမ္ဘာမြေဆိုင်ရာ ပန်းချီကားများ တွေ့ရသည်။ အလယ်တည့်တည့်တွင် ခေါင်းတလားတစ်လုံး။ ယင်းအနားတွင် ကြေးနှင့်ပြုလုပ်ထားသည့် ရုပ်တုများ၊ အမျိုးအမည်မသိ နတ်ဘုရားများ။

"ဟင်"

ခေါင်းတလားမျက်နှာပေါ်တွင် ထွင်းထုထားသောရုပ်တု၏ မျက်နှာပြင်မှာ သူကောင်းစွာသိနေသောလူတစ်ယောက်နှင့် ချွတ်စွပ်တူနေခြင်း





ကြောင့်ပင်။

"ရဲလှ"

သေချာပါသည်။

အနောက်ရိုးမတွင်နေသော ရဲလှမှရဲလှအစစ်။

ထိုသို့ဆိုလျှင် ထိုခေါင်းတလားမှာ ရဲလှတစ်ဖြစ်လဲ ဘဝတစ်ခုက သေဆုံးခဲ့သော ဘုရင်တစ်ပါးဖြစ်နေပါလား။

ထိုစဉ်က ဘယ်လိုဘုရင်ဖြစ်မည်လဲ။

ရန်ရမိဆီပဲလား။

ရန်ရမိဆီ (Ramesses) ဟာ ဘယ်လိုလူစားမျိုးလဲ။ ဘာကြောင့် သေဆုံးခဲ့ရတာလဲ။

ဘယ်လိုအရှုပ်အထွေးတွေကြောင့်လဲ။

သူ စဉ်းစားကြည့်သည်။ စဉ်းစား၍မရပါ။

နောက် သူ ကုလားအုတ်ကြီးကို အိပဲ့အိပဲ့စီးနင်းရင်း ဘုရင်မ သင်္ချိုင်းဂူတောင်ကြား (Vallage of the Queen) ဘက်သို့ ခရီးဆက်လာခဲ့သည်။ ဘုရင်မအမည်က ဟက်ရှက်ပ်ဆွတ်(Hatshepsut)ပင်ဖြစ်ကြောင်း စာတန်းကမှည်း ရေးထိုးမထားဘဲ ဘာကြောင့် အာရုံသိက သိနေရတာပါလိမ့်။

ဘုရင်မ၏ဂူသင်္ချိုင်းမှာ ဗိသုကာအနေနှင့်ရော၊ ကျောက်ဆစ်ပညာအရရော တခြားဂူသင်္ချိုင်းများထက် များစွာသာလွန်ပါသည်။ ကျောက်တိုင်ကြီးများစွာ ထောက်ထားသည့်အဆောက်အအုံကြီးနှင့် ကျောက်တောင်နောက်ခံကြောင့် ဘယ်သူပြိုင်လို့ လုပါတော့နိုင်ဟူ၍ ပြောလို့ရအောင် လှပတင့်တယ်လှပါ၏။

"ဟင် . . . ဟိုမိန်းမနဲ့ တစ်ထေရာတည်းပါလား"

ဟိုမိန်းမဆိုသည်မှာ သူ့ထံ ဆံပင်လာဖြတ်သောမိန်းမကို ဆိုလိုခြင်းဖြစ်၏။



www.burmeseclassic.com

သေသေချာချာကြည့်သည်။

စေ့စေ့ငုံငုံကြည့်သည်။

ခွဲခြမ်းမရအောင် တူနေခြင်းမှာ ဘာကြောင့်ပါလဲ။

"ဒီဘုရင်မအကြောင်း သိချင်တယ်"

စိတ်ထဲမှ ဖြစ်ပေါ်လာသောအတွေး၊ စ,တစ်စသာ ဖြစ်၏။ ထို အနိုက်တွင်ပင် …

"မောင်သိပ်သိချင်ရင် ကျွန်မ ကောင်းကောင်းကြီး ပြောပြနိုင်တာ ပေါ့ရှင်"

အသံလာရာဘက်သို့ ဆတ်ခနဲ သူ လှည့်လိုက်သည်။

ရွှေရောင်အဆင်းရှိသော အသားအရေနှင့် ထူးခြားဆန်းပြား သောဝတ်ရုံကို ဝတ်ဆင်ကာ ခေါင်းတွင် တဖိတ်ဖိတ်တောက်နေသော ရတနာများဖြင့် စီရင်ထားသည့် သရဖူကြီးကို ဆောင်းထားသော ဘုရင်မ။

"မင်း … မင်း … ဘယ်သူလဲ"

"ဟက်ရှက်ပ်ဆွတ်လေ မောင်ရဲ့၊ နောက်ပြီး မောင်ဟာ ကျွန်မ အတွက် သိပ်မြတ်နိုးခဲ့ရတဲ့သူလေ"

"ဘာပြောတယ်"

"အင်းပေါ့လေ … မောင်က ဘဝတွေခြားသွားပြီဆိုတော့ ဘယ် သိနိုင်ပါတော့မလဲ"

"မင်းပြောတာတွေ ငါမရှင်းဘူး"

သူမက လက်နှစ်ဖက်ကို ဆန့်တန်းကာ …

"ဒါဆို ကျွန်မဆီ အပြေးလေးလာခဲ့ပါမောင်၊ ကျွန်မ အသေး စိတ်ရှင်းပြမှာပေါ့"

"အို … မလာဘူး … မလာဘူး။ မင်းဟာ မီးရထားကြီးတိုက်လို့ သေပြီး မင်းဟာ ဘုရင်မ မဟုတ်သလို ဘာမှလည်း မဟုတ်ဘူး။ ငါ့ကို သက်သက်ခုက္ခပေးမယ့်လူပဲဖြစ်မှာ"





"မောင်ဟာလေ မဟုတ်တာပြောရမယ့်နေရာမှာ နှစ်ယောက် ရှိသလို အဓိပ္ပာယ်မရှိတာတွေလည်း သိပ်ပြောတတ်တာပဲနော်၊ ကိုင်း … ဘာမှစဉ်းစားမနေပါနဲ့တော့၊ ကျွန်မနောက်ကိုသာ စိတ်ချလက်ချ လိုက် ပါတော့မောင်"

"အို … မလိုက်ဘူး။ မလိုက်ဘူး။ ဘယ်တော့မှမလိုက်ဘူး"


"လာပါဆို မောင်ရယ်"

သူ သတိလက်လွတ်ဖြစ်သွားကာ ရင်ပြင်အောက်ဆုံးသို့ ပြေး ဆင်းလျက် …

"မလိုက်ဘူး … မလိုက်ဘူး ဘယ်တော့မှမလိုက်ဘူး"

□□□

www.burmeseclassic.com



## အယ်ထင်ရှင်းနှင့်ပြန်ဆုံခြင်းဆေးတွေမျိုး

ထူးအုပ်တစ်ယောက် အိပ်ရာမှ အော်ဟစ်လူးလွန့်လျက် နိုးလာသည်။

သတိလက်လွတ်ငုတ်တုတ်ထိုင်မိလျက်သားဖြင့် ချွေးစေးတို့ စို့ရွဲနေ၏။ အိပ်မက်က ထင်ထင်ပြက်ပြက်ရှိနေဆဲ။ မိုးလင်းကြက်တို့ တွန်နေသံကြားရသလို၊ ကုန်စိမ်းကြိုအဖွဲ့တို့ ဘူတာဘက်မှဈေးသို့ လျှောက်သွားသံတွေ ကြားနေရသည်။

ထိုသို့ဆိုလျှင် ပန်းရထားဖြတ်ပြီးသွားပေပြီ။ မိုးစင်စင်လင်းဖို့တော့ နည်းနည်းလိုပေလိမ့်ဦးမည်။

သူ့အိပ်မက်ကို သူပြန်သုံးသပ်နေမိ၏။

ဘာတွေလဲ။ ဘယ်လိုအိပ်မက်တွေလဲ။

သူက ရှေးဘုရင်များလက်ထက် ဝတ်ရုံကြီးများဝတ်ဆင်လျက် ကုလားအုတ်တစ်ကောင်နှင့်။

ပြီးတော့ ဘုရင်များသချိုင်း။ ထိုအထဲမှ ဘုရင်တစ်ပါးမှာ ရဲလှဖြစ်နေပြန်သတဲ့။

နောက် ...

ရိုရှင်မြတောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်သချိုင်းဂူရောက်ပြန်တော့လည်း အုပ်ချုပ်ခဲ့သောဘုရင်မှာ ဆံပင်ဖြတ်သည့်မိန်းမနှင့် တစ်ထေရာတည်းတူနေပြန်သည်။

ဒါဆို . . . သူက ဘယ်လိုကောင်စားမျိုးလဲ။

ဘုရင်မက သူ့ကို 'မောင်' ဟု ခေါ်ဝေါ်သုံးနှုန်းသွားတာ သေသေချာချာသိနေ၏။

"ဘာတွေလဲ၊ ငါတို့က လူဝင်စားတွေလား၊ ဒါဆို ဘဝတွေ အများကြီးခြားခဲ့မှာပေါ့၊ အို . . . ဘာမှန်းလည်းမသိဘူး၊ စိတ်ကိုရှုပ်တယ်"

ထူးအုပ်ဆက်မတွေးချင်တော့။ ခြင်ထောင်အပြင်သို့ထွက်ကာ အင်္ကျီအိတ်တစ်ခုအတွင်းမှ ပိုက်ဆံတချို့ကို စမ်းရှာနှိုက်သည်။

"ဒီအချိန်ဆို အမေညို့ဆိုင် ဖွင့်လောက်ပြီ"

အမေညိုဆိုသည့်အဘွားကြီးက အအိပ်အနေနည်းသူမို့ စောစောစီးစီးဖွင့်တတ်သည်။ ခုနစ်ဆွေး ရှစ်ဆွေး အရက်ချိုးကြီးတွေက ထိုအချိန်ဆိုလျှင် လေပြန်အန်တတ်သောကြောင့် အမေညိုမနိုးသေးလျှင်တောင် နားပူနားဆာလုပ်ကာ အရက်ရောင်းခိုင်းတတ်သည်။

သူ ဆိုင်မှထွက်လျက် သံလမ်းအတိုင်း လျှောက်လာခဲ့၏။ မိုးလာသောကြောင့် ဘုတာရုံလေးမှာ လင်းလင်းကျင်းကျင်း။ ဈေးသည်တချို့ စီးတတ်သဖြင့် ခရီးသည်နည်းနည်းပါးပါးကိုတွေ့နေရသည်။ ဘုတာရုံကို လွန်လာပြီးမှ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသောကြောင့် နောက်သို့ လှည့်ကြည့်လိုက်မိ၏။

နောက်တွင် ဘာမှုမရှိ။ သို့သော် ဘုတာရုံအတွင်းရှိ ခရီးသွားများထိုင်ရန် ပြုလုပ်ထားသော အုတ်ခုံရှည်တန်းတွင်မှ . . .

"ဟိုမိန်းမ"

အုတ်ခုံအစွန်လေးတွင် ထိုင်နေသော ထိုမိန်းမ။ သူသိနေသောမိန်းမ။ စတွေ့တုန်းကလို ဆံပင်အရှည်ကြီးနှင့်ပင်။ အင်္ကျီနှင့်ထဘီ အဝတ်အစားတို့မှာ လုံးဝမပြောင်း။ ထိုနေ့က အဝတ်အစားများပင် ဖြစ်၏။





ချက်ချင်းဆိုသလို ကြောက်စိတ်များဝင်ကာ မတ်တတ်ရပ်လျက်နှင့် မျက်နှာကိုလွှဲလိုက်မိ၏။

"ဘုရား ဘုရား . . . တော်သေးတယ်၊ ငါ့ကို မြင်မသွားလို့"

ချက်ချင်းဆိုသလို အူတွေ တဆတ်ဆတ်တုန်လာသည်။ ဘာရယ်ညာရယ်မဟုတ် ရှေ့သို့ လေးငါးလှမ်းဆက်လှမ်းဖြစ်သည်။ သို့သော် ခြေလှမ်းတွေက ရှေ့ဆက်၍မရချင်။ အကြောင်းမဲ့သက်သက် ငှူငှူကြီးရပ်လို့။

ထို့နောက် မဝံ့မရဲဖြင့် ဒုတိယအကြိမ် လှမ်းကြည့်မိပြန်သည်။

"ဟင်"

မရှိတော့။ ထိုမိန်းမ လုံးဝမရှိတော့။ ဘယ်ရောက်သွားပါလိမ့်။ သူ ဟိုဟိုသည်သည် ရှာကြည့်မိသေးသည်။ အစအနပင် မတွေ့။ ထို့နောက် ခေါင်းကို သွက်သွက်ခါယမ်းလျက် ဘာကိုမှ ဆက်မတွေးတော့ဘဲ အမေညို့ဆိုင်သို့ သုတ်ခြေတင်လေတော့၏။ ပါးစပ်တွင်တော့ 'သမ္ဗုဒ္ဓေ' ဂါထာတော်ကို ခုနစ်ကျော်ပေါက်ကျော် ရွတ်ဆိုလျက်။

အမေညို့ဆိုင်တွင် သူ ငြိမ်ငြိမ်သက်သက်လေးသောက်သည်။ ဘယ်အရက်သမားကိုမှ စကားမပြော။ စောစောက ထိတ်ထိတ်ပျာပျာဖြစ်ခဲ့သလောက် အရက်လေးဝင်သွားသည့်အခါ အတော်အသင့် နေသာထိုင်သာဖြစ်သွားသည်။

ဟိုတွေးသည်တွေးနှင့် အမေညို့ဆိုင်တွင် မိုးစင်စင်လင်းသွားသည်။

ခုရက်ပိုင်းအတွင်း စိတ်ရှုပ်စရာတွေက ဆက်တိုက်ဆက်တိုက် ဘာကြောင့်ဖြစ်ခဲ့ရပါသလဲ။ ပြဿနာဆိုတာ ကိုယ်မဖန်တီးရပါဘဲလျက် အလိုလိုရောက်လာတတ်သော အကုသိုလ်လက်ဆောင်တွေပဲဟု သူက သတ်မှတ်လိုက်ချင်သည်။

"ဟဲ့ ထူးအုပ် . . . ငှူငှူကြီး၊ ဘာဖြစ်နေရတာတုံး"

"ဘာ . . . ဘာမှမဖြစ်ပါဘူး အမေညို"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကြည့်ရတာ ခုတလော မဟန်သေးပါဘူး။ အရက်သောက်တာတောင် တက်တက်ကြွကြွမရှိ၊ ဘာမှမရှိ တမှိုင်မှိုင် တတွေတွေ ... ရည်းစား လင်နောက်လိုက်တာကျနေတာပဲ"

"ဒီလိုပါပဲ အမေညီးရယ် ... ဘာရယ်မဟုတ်ပါဘူး"

အရက်လေးနည်းနည်း ဝင်လာသည့်အခါ ခေါ်ကိုယ်တံရှုန်းကြွမှုတွေက ပုံမှန်အတိုင်းပြန်ဖြစ်လာ၏။ လျက်သားကို အမြည်းလုပ်ကာ နောက်တစ်ခွက်ထပ်မော့လိုက်ပြီး ကျဉ်းမြောင်းသော ဆိုင်ရှေ့မြင်ကွင်းဆီသို့ အကြည့်ပို့လိုက်သည်။

ဖြတ်သွားဖြတ်လာတွေက ဟိုမှသည် ဖျတ်ခနဲပေါ်လာလိုက်၊ ပျောက်သွားလိုက်။ တစ်ကြိမ်တွင် မိန်းမတစ်ယောက်က လမ်းပေါ် မြင်ကွင်းတည့်တည့်လာရပ်ကာ သူ့ဘက်သို့ မျက်နှာတစောင်းလှည့်ကြည့်သည့်အခါ ...

"အို"

သည်မိန်းမ ရောက်လာပြန်ပါပြီကော ...။

ဘာကြောင့် သူ့နောက် တကောက်ကောက်လိုက်နေရပါသလဲ၊

မတွေ့ချင်သူများစာရင်းတွင် ထိပ်ဆုံးက စာရင်းထည့်ထားမိသည်မှာ ထိုမိန်းမပင်။

သည်တစ်ခါတွင် သူမ၏မျက်နှာပြင်တွင် တောင်းပန်ခြင်း၊ အသနားခံခြင်းမျိုး မဟုတ်တော့ဘဲ အတန်ငယ်မာထန်နေတာ သတိထားမိ၏၊

တစ်စုံတစ်ရာကို ဘဝင်မကျသလိုလို၊ သဘောမတွေ့သလိုလို၊

သူ့စိတ်အထင်မှာတော့ ယခုလို အရက်သောက်နေခြင်းအပေါ် နှစ်လိုခြင်းမရှိဟု ယူဆမိသည်။

"သည်မိန်းမ ငါ့ကိုကြည့်နေတာများ စိန်းစိန်းကြီး"

သူ့မျက်လုံးအကြည့်ကိုလွှဲဖယ်ကာ နေရာပြောင်းထိုင်လိုက်၏။ နောက်ကျောပေးထိုင်လိုက်ခြင်းပင်။ သို့တစေ စိတ်ထဲတွင်တော့





လုံခြုံမှုမရှိခဲ့ပါ။ တကယ်မတွေ့ချင်တာလား။ ဒါမှမဟုတ် ကြောက်နေတာလား။ ထိုနှစ်ခုကို ရှင်းမလိုလိုနှင့် ရှုပ်ထွေးနောက်ကျိနေသည်။

ထိုစဉ် ... ခြေသံ ...။

သူ့ဆီသို့ တည့်တည့်လျှောက်လာနေသောခြေသံ။ မကျေမနပ်နှင့် သူ့နောက်ဆီသို့ လာနေပြီလား။ ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

ဟော ... တဖြည်းဖြည်း နီးလာလေပြီ။

အနားရောက်တော့ ခြေအစုံရပ်သွားသည်။

နောက် ... အေးစက်သောလက်တစ်ဖက်က ပခုံးသို့ လာရောက်ဆုပ်ကိုင်လာသောအခါ ...

"အမလေး"

ထူးအုပ်အသံ ဟော်ဟော်ကျယ်သွား၏။ အမေညီးနှင့် အရက်သောက်လက်စ တစ်ယောက်နှစ်ယောက်က ပြူးပြူးပျာပျာ လှမ်းကြည့်၏။ သူ့မျက်လုံးကို ကျစ်ကျစ်ပါအောင် မှိတ်ထားဆဲ။

"ဟော့ကောင် ... ဘာဖြစ်နေတာလဲ"

အသံက မိန်းမသံမဟုတ်။ ယောကျ်ားသံ။ ထိုအသံမျိုးကို ရင်းနှီးနေသလိုလို။ ယောင်ယမ်းကာ လှည့်၍မော့ကြည့်ဖြစ်၏။

"ရဲလှ"

အသံတွေက ဆိုးဆိုးဆတ်ဆတ်တုန်နေဆဲ။ မျက်လုံးတွေက မတည်မငြိမ်။

ရဲလှက ခပ်ပြုံးပြုံးလေးလုပ်ကာ အနားရှိခုံသို့ ဝင်ထိုင်သည်။

"ဘယ်လိုဖြစ်တာလဲကွာ ... စောစောစီးစီး ကောင်းနေပါလား"

"မင်း ... ဘယ်လို"

"ငါ ရန်ကုန်ကိုရောက်နေတာ နှစ်ရက်ရှိပြီ ... ကိစ္စလေးရှိလို့ အင်းစိန်ဘုန်းကြီးကျောင်းမှာ တည်းတာ၊ မပြန်ခင် မင်းဆီဝင်ချင်တာနဲ့ ခုမနက် မြို့ပတ်ရထားစီးလာတာ၊ မင်းဆံပင်ညှပ်ဆိုင်ရောက်တော့ အိမ်နား



www.burmeseclassic.com

www.burmeseclassic.com



ကလူက မနက်ပိုင်း မင်း ဒီမှာရှိတတ်တယ်ဆိုတာ ညွှန်လိုက်တာနဲ့"

"အေးကွာ ... ငါလည်း ဘာတွေဖြစ်နေမှန်း မသိတော့ပါဘူး"

"ဒီလို မနက်စောစောစီးစီးကြီး သောက်တတ်တာတော့ သိပ်မဟုတ်သေးဘူးကွ"

"ငါလည်း သိပါတယ်ကွာ၊ ဒါနဲ့ ... မင်းကော ချဦးမလား"

"အာ ... နေ ... နေ ... မလုပ်တော့ပါဘူးကွာ၊ ကဲ ... မင်းလည်း တော်တော့၊ လက်ဖက်ရည်ဆိုင်သွားထိုင်ရအောင်"

သူ ခေါင်းညိတ်လျက် သဘောတူလိုက်၏။

ထို့နောက် သူတို့ မီးရထားသံလမ်းဘေးတွင် ဖွင့်ထားသော လက်ဖက်ရည်ဆိုင်သို့ ပြောင်းထိုင်ဖြစ်ကြ၏။

"မင်းအခြေအနေ ငါ့ကို ပြောပြစမ်းပါဦး"

ရဲလူက ရှိရင်းစွဲ သူငယ်ချင်းသံယောဇဉ်ကြောင့် သူ့အခြေအနေကို မေးသည်။

သူကလည်း လက်ရှိ ဆံပင်ညှပ်ဆိုင် လုပ်ပါးသည့်အကြောင်း၊ ဝင်ငွေနည်းလာသောကြောင့် နောက်ဆက်တွဲပေါ်ပေါက်လာသော လူမှုရေးချို့တဲ့မှုများကို ကရားရေလွှတ်ပြောမိတော့၏။

ရဲလူက ငြိမ်ငြိမ်သက်သက်လေး နားထောင်နေရှာသည်။

"ပြီးတော့ ဒီရက်ပိုင်းအတွင်းမှာ ထူးခြားတဲ့အဖြစ်တစ်ခုလည်း ကြုံခဲ့ရသေးတယ်"

"ဘာလဲ"

ထူးအုပ် လေပူပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ မိုးသည်းသော ညတစ်ညဆီမှ ဆံပင်လာဖြတ်နိုင်းသော မိန်းမတစ်ယောက်၏အကြောင်းကို အစအဆုံး ပြောပြလိုက်လေသည်။ သို့သော် အိပ်မက်အကြောင်းကိုတော့ ထည့်သွင်းမပြောဖြစ်ခဲ့။

"မင်းဟာကလည်းကွာ မယုံနိုင်စရာကြီး"





"မယုံမရှိနဲ့ ရဲလူ ... အခု ငါ အဲဒီအကြွကြီးကို လက်တွေ့ခံစားနေရတာ"

"သေသွားပြီတဲ့လူကတော့ ကိုယ်ထင်ပြပြီး လာစရာ လုံးလုံး မရှိနိုင်ဘူး"

"ငါကတော့ ဟောဒီမျက်စိကြီးနဲ့ တပ်အပ်တွေ့နေတာကွ"

"လူတူများ ဖြစ်နေမလား"

"ဘယ်လိုမှတူစရာ မရှိဘူးကွာ၊ အဲဒီမိန်းမမှ အဲဒီမိန်းမပဲ၊ သူက ဘုရင်မကွ"

"ဘာ ... ဘုရင်မ"

သူ အိပ်မက်ကို ယောင်ယမ်းပြောမိလိုက်ခြင်းကြောင့် အဓိပ္ပာယ်မရှိသလို ထင်သွားမလားဟု ထင်လိုက်ကာ ...

"ဘာမှမဟုတ်ပါဘူးကွာ၊ အိပ်မက်ထဲမှာတော့ ဘုရင်မလိုလို၊ ဘာလိုလို မက်ခဲ့မိလို့ပါ"

"မင်းဟာက ဘာတွေမှန်းလည်းမသိဘူး ... ရှုပ်နေတာပဲ"

"ဟုတ်တယ် ... ငါကိုယ်ငါလည်း ရှုပ်နေတာပဲ"

"ကောင်းရောကွာ"

ရဲလူက လက်ဖက်ရည်ပေါ့ကျတစ်ခွက်နှင့် ပလာတာကို အားပါးတရ တားသုံးလိုက်သည်။ သူကတော့ ရေနွေးပူပူတစ်ခွက်ကို မှုတ်သောက်ကာ စီးကရက်တစ်လိပ်ကို ဖွာရှိုက်နေ၏။

"မင်း ... ငါတို့ရွာကို လိုက်လည်ပါလား"

ထူးအုပ်က ရဲလူစကားကို မကြားသလို ငေးငေးငူငူ။

"ဟောကောင် ငါမေးနေတယ်"

"ဟေ"

"ရွာကိုလိုက်လည်လို့"

"မဖြစ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ဒီမှာ အကြွေးစာရင်း မပြတ်သေးဘူးကွ"

"ဘာအကြွေးလဲ"

"အိမ်ခန်းငှားခအကြွေးနဲ့ ကုန်စုံဆိုင်မှာတင်တဲ့အကြွေး"

"ဟား ... ဘယ်လောက်လဲ"

"နှစ်သောင်းကျော်မယ်"

ရဲလူက ခေါင်းကို တပြင်းပြင်းကုတ်လိုက်ကာ စိတ်မောသလိုဟန်ဖြင့် ...

"မင်းအကြွေးကို တစ်ဝက်စိုက်ဆပ်မယ်ကွာ ... ဘယ့်နှယ့်လဲ"

"အခု ငါ့ဆီမှာ ပိုင်ဆိုင်တာဆိုလို့ ငါ့ခန္ဓာကိုယ်ပဲ၊ ငါတောင်ပေါင်လို့ ရောင်းလို့ မရလို့ ... နို့မို့ ကိုယ့်ဝမ်းပြတ်ပစ်လိုက်တာ ကြာပြီ"

"မင်းကိုကြည့်ပြီး တရားရတယ် ... တကယ် တကယ်"

"ဘာပဲဖြစ်ဖြစ်ကွာ နောက်တော့ ငါ မင်းဆီရောက်လာခဲ့ဦးမှာပါ ... မပူပါနဲ့"

ထို့နောက် ရဲလူက ...

"ဒီနေ့မနက်စာအတွက်တော့ မင်းကို ထမင်းချက်ကျွေးပြီး လက်ဆုံစားကြတာပေါ့ကွာ"

ဟုဆိုကာ ဈေးဝယ်ထွက်ရန် စိုင်းပြင်းလေသည်။

"သူတော်ကောင်း နတ်မြတ်တွေ မ,တာပဲ"

"ဘာတုံးကွ"

"ငါ ထမင်းနဲ့ဟင်းကို တူတူတန်တန် မစားရတာ ကြာပြီလေ"

"သြော် ... သနားစရာသတ္တဝါတွေပါပဲလား"

ထို့နောက် သူတို့နှစ်ယောက် ရပ်ကွက်ဈေးတန်းလေးဘက်သို့ လျှောက်လာခဲ့ကြ၏။

ရဲလူက ဟင်းချက်ကောင်းသူပီပီ ဈေးလည်ကာလီများ ဝယ်ရာတွင်





လည်း ဇေ့စပ်သေချာလှပါသည်။ ငါးရံ့နှင့်ဒန့်သလွန်သီးဟင်း တစ်ခွက်၊ မရန်းသီးထောင်းနှင့် ဘူးရွက်ကြော်ချက်တစ်ခွက် ချက်မည်ဟုဆိုကာ လိုအပ်တာမှန်သမျှကို လိုက်ဝယ်တော့၏။

ထူးအုပ် ရဲလူနောက်မှ တကောက်ကောက်လိုက်ရင်း ညကအိပ်မက်အကြောင်းဆီ ရောက်သွားပြန်၏။

ရဲလူက ဘုရင်တစ်ပါးဆိုပါလား။

မည်သို့သော ဘုရင်ပါလဲ။ မည်သို့ဘဝကို ဖြတ်သန်းခဲ့ပါသလဲ။ ဘယ်လိုဘဝတွေ ကြုံတွေ့ခဲ့ရပါသလဲ။ ထို့အပြင် ဘာကြောင့် ကွယ်လွန်ခဲ့ရပါသလဲ၊ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် စုတေခဲ့သည်မှာတော့ အိပ်မက်ထဲတွင် အလိုလိုသိနေပြန်ပါသည်။ သူ့မျက်လုံးတွေ မှန်ဟင်းခါး မရောင်းတော့သည့်ဆိုင်လေးဆီသို့အရောက် ...

"ဟင် ... ဒီမိန်းမ"

သည်မိန်းမ သူ့ကိုစောင့်ကြည့်နေပြန်ပြီ။

ယခုတစ်ကြိမ်တွင်တော့ သူမဒေါသတွေ ပြေလျော့သွားပုံ ပေါ်သည်။

စောစောတုန်းကလို တင်းမာမနေ။ မာထန်မနေ။

သူ့ကို တစ်စုံတစ်ရာ ပြောချင်နေပုံရပါသည်။

သူမ ရုတ်တရက် မတ်တတ်ထ,ရပ်ကာ သူရှိရာဆီသို့ တည့်တည့်လျှောက်လာနေ၏။

သူ တအံ့အတွင်း ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်ရပ်နေမိသည်မှာတော့ ထူးခြားလှပါ၏။

"ကျွန်မနာမည် ခင်ခင်ထားပါ"

ထူးအုပ် မျက်ပြူးဆန်ပျာဖြစ်လျက် ...

"ဘာ ... ခင်ခင်ထားလဲ ဘယ်က ခင်ခင်ထားလဲ ... မသိဘူး ... မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ချာခနဲလှည့်ကာ ရဲလှကို ရှာသည်။ ရဲလှက ခရမ်းချဉ်သီးရောင်းသော ပုံကျဆိုင်တစ်ဆိုင်တွင် ခရမ်းချဉ်သီးရွေးနေတာ တွေ့၏။

သူ ခပ်သုတ်သုတ်လှမ်းကာသွားတော့ ဖြတ်သွားဖြတ်လာ ဈေးဝယ်သူတချို့က မေမောင်းမောင်းဖြင့် ကြည့်သွားကြ၏။ ဘယ်လိုလူလဲ ဟူသော အကြည့်များသာ ဖြစ်ပါလိမ့်မည်။

"ဟေ့ကောင် ထူးအုပ် ... ဘာဖြစ်လာတာလဲ"

ပြုံးပြုံးဖျားဖျားနိုင်လှသော သူ့အမူအရာတွေက ရဲလှကို မျက်မှောင်ကြုတ်စေပါ၏။

"ဟိုကောင်မ ... ဟိုကောင်မ"

ရဲလှက သူ့ကိုကျော်ကာ နောက်ဆီသို့ လှမ်းကြည့်သည်။

ဈေးတန်းလေးက သိပ်မရှည်သလို ဝယ်သူကလည်း ဖျိုးဖျိုးဖျောက်ဖျောက်မို့ နေရာတကာသို့ ကောင်းစွာမြင်နိုင်ပါ၏။

"ဘယ်မှာလဲ"

"ဟိုမှာ ... ဟင်"

လက်ညှိုးညွှန်သော သူ့လက်ချောင်းမှာ ငေ့ငေ့ဝဲဝဲဖြစ်သွားသည်။

မရှိတော့ ...။ ထိုမိန်းမ မရှိတော့။

ခင်ခင်ထားဆိုသော သူယောင်မယ်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်ပြန်လေပြီ။

"ဘယ်ရောက်သွားပြန်ပြီလဲ"

သူ တော်တော်စိတ်ညစ်သွားသည်။

"မင်း ... ဟာက ဘယ်မှာလဲ"

ထူးအုပ် ဟိုဟိုသည်သည် လိုက်လံရှာဖွေရင်း ခေါင်းကုတ်ရပြန်၏။ မျက်ဝါးထင်ထင် တွေ့ခဲ့ပြီးခါမှ ယခုလိုပျောက်သွားပြန်တော့ နာခံခက်လှ၏။





"မရှိတော့ဘူး"

"ဟား ... မင်းလည်း တစ်ဒုက္ခ"

ရဲလှ ထွေထွေထူးထူးဆက်မပြောတော့ဘဲ ရွေးထားသော ခရမ်းချဉ်သီးများကို ချိန်ခိုင်းကာ ငွေရှင်းလိုက်၏။ ထို့နောက် ...

"ဟေ့ ... မရန်းသီးသုပ်ထဲထည့်ဖို့ မှုင်ငါးပိနည်းနည်းဝယ်ပြီးရင် အားလုံးစုံပြီ၊ ပြီးရင် ဆိုင်ပြန်ကြရအောင်"

သူ ဘာမှမပြောသာတော့ဘဲ ရဲလှနောက်ကသာ တကောက်ကောက် လိုက်လာခဲ့သည်။ နောက်ဘက်ကိုတော့ မကြာမကြာ လှည့်ကြည့်ဖြစ်သည်။ အရိပ်အယောင်ပင် မမြင်ရတော့။

ထိုနေ့မနက်ပိုင်းက ရဲလှချက်သော ဟင်းလျာနှင့်ပင် ထမင်းကို မြိန်ရေယှက်ရည် စားသုံးလိုက်၏။ လက်ရာကောင်းလွန်းသောကြောင့် ထမင်းမှာ ထည့်မလောက်။ စကားတပြောပြောနှင့် တလျှာလျှာဝင်နေတော့၏။

မွန်းလွဲပိုင်းရောက်တော့ ...

"ငါ ဒီနေ့ပဲ ကားပြန်စီးမယ်၊ အင်းစိန်ကို ခဏဝင်ပြီး ရွာကို ကားဆက်စီးမယ်"

"မင်းကလည်းကွာ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေပါဦးလား"

"နေလို့မဖြစ်ဘူး၊ အိမ်မှာ ရည်မွန်တို့သားအမိနှစ်ယောက်ပဲ ကျန်ခဲ့တာ၊ ငါသား မျိုးအောင်က ခု ငါးတန်းတက်လေကွာ၊ အဆော့ပဲ မက်တာ၊ အမေကို ဘာမှကူဖော်လောင်ဖက်ပေးတာ မဟုတ်ဘူး။ တောမှာက လုပ်မယ်ဆို လုပ်စရာအလုပ်တွေက တစ်ပုံကြီး၊ လယ်ကိုင်းချိန်ဆိုတော့ ပိုဆိုးတာပေါ့ကွာ"

သူ အရင်တစ်ခါသွားစဉ်က သူတို့လယ်ကွက်ထဲတွင် စပါးစိုက်ပြီးသည်နှင့် အသီးအနှံများစိုက်တာ မှတ်မိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲလှက လွယ်အိတ်ထဲမှ ငွေစက္ကူတချို့ကို ထုတ်လိုက်ပြီး

"ကိုင်း … နည်းတယ်,များတယ် မအောက်မေ့နေနဲ့ ရော … တစ်သောင်း။ ဒုက္ခရောက်နေတဲ့မင်းကို ကူညီတယ်လို့ပဲမှတ်"

"ဟာကွာ … မဟုတ်တာ"

"ဘာလဲ … အိုက်တင်ခံနေဦးမလို့လား၊ အိတ်ထဲထည့်ထားလိုက်၊ အပိုတွေပြောမနေနဲ့ နောက်ပြီး ရှုးကြောင်ကြောင်အတွေးတွေလည်း ရလျှောက်တွေးမနေနဲ့ မင်းပြောတဲ့ ခင်ခင်ထားဆိုတဲ့ မိန်းမကလည်း လာချင်မှလာတော့မှာ၊ လာရင်လည်း အမှုအတန်းသာ ဝေလိုက်၊ မကျွတ်မလွတ်တဲ့လူဆိုတာ ဒီအတိုင်းပါပဲ၊ ဒါပေမဲ့ မင်းပြောသလို နေ့လယ်ကြောင်တောင်ကြီး ကိုယ်ထင်ပြတာတော့ မဖြစ်နိုင်ဘူး။ လူချင်းခပ်ဆင်ဆင်တွေတာ နေမယ်"

"သူမှ သူအစစ်ပါကွာ"

"အေး … ဒါတော့ ငါလည်း မလျှောက်တတ်တော့ဘူး။ မင်းခင်ခင်ထားကို ငါလည်း မြင်ရတာမဟုတ်ဘူး။ ဒီတော့ ငါအကြံပေးချင်တာ အရက်ကို လျှော့သောက်၊ ဘာသာရေးကို တတ်နိုင်သလောက်လုပ်၊ ညပိုင်းဘုရားရှိခိုးပြီးမှအိပ်၊ မေတ္တာပို့ အမှုအတန်းဝေ … ငါပြောနိုင်တာတော့ ဒီလောက်ပဲ"

ထို့နောက် …

"မင်း ဒီမှာနေရတိုင်ရတာ မပျော်ရင် ငါ့ဆီလာနေ။ အရင်လည်း မင်းရောက်ဖူးတာပဲ၊ စားရေးသောက်ရေး ဘာမှပူစရာမလိုဘူး။ ငါ့မိန်းမရည်မွန်ဆိုလည်း မင်းအပေါ် အစ်ကိုရင်းတစ်ယောက်လို ခင်ရှာတာ၊ ငါပြောတာ သဘောပေါက်ပါတယ်နော်"

"အေးပါကွာ၊ မင်းကို အားကိုးပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ငါ့ဘဝမှာ အကောင်းဆုံးမိတ်ဆွေဆိုလို့ မင်းတစ်ယောက်တည်းရှိတာပါ"





"တို့တစ်တွေ ဘယ်လိုရောက်တွေကြောင့် အခုလို လာဆုံရတာလဲ မသိဘူးနော်"

"အေးနော် … တစ်ယောက်တစ်နေရာစီ နေကြပြီး"

ထို့နောက် ရဲလှမှာ သူ့ကိုနှုတ်ဆက်လျက် ပြန်သွားလေသည်။

ပိုက်ဆံငွေတစ်သောင်းကို ငေးငေးငူငူကြည့်လျက် မိမိကိုယ်မိမိ ဘယ်လောက်အသုံးမကျမှန်း နားလည်လိုက်၏။

ထိုငွေအား မသုံးဖြစ်စေရန် ဆိုင်ရှင်ထံ မြန်မြန်ပို့မှဖြစ်မည်။ သို့မဟုတ်လျှင် အရက်ဗိုးထဲ ပါသွားမှာ ကျိန်းသေနေသည်။

ထိုညက ခင်ခင်ထားဆိုသောမိန်းမ သူ့ထံရောက်မလာခဲ့ပါ။ ထိုသို့ရောက်မလာခြင်းအတွက်လည်း ကျေးဇူးတင်နေရပါသေး၏။ ညပိုင်းတွင် ရဲလှပြောသလို ဘုရားရှိခိုး၊ မေတ္တာပို့၊ အမှုအတန်းဝေပါသော်လည်း အရက်ကို လျှော့သောက်၍မရနိုင်ခဲ့ပါ။ အရက်နည်းလျှင် ဟိုမရောက်သည်မရောက်၊ တော်တော်နှင့် အိပ်မပျော်နိုင်မှာ စိုးရိမ်သည်။ ထို့အပြင် ခင်ခင်ထားရောက်လာပြန်လျှင်လည်း ရင်ဆိုင်ရန် အသင့်အနေအထားတွင် ရှိချင်လို့အပ်သည် မဟုတ်ပါလား။

ထူးခြားမှုတစ်ခုမှာ ပထမအိပ်မက်မက်ခဲ့ပြီး နောက်ရက်များတွင် ရက်ဆက်မဟုတ်သည့်တိုင် တစ်ကြိမ်တစ်ခါက အိဂျစ်ပြည်နှင့် ဘုရင်၊ ဘုရင်မများအကြောင်းကို ဟိုတစ်စ သည်တစ်စ မက်နေသည်မှာ ဘာသဘောမှန်းတော့ မသိ။

မဖိတ်ခေါ်ဘဲရောက်လာတတ်သော အိပ်မက်များကိုတော့ သူ့အတွက် ဘယ်လိုနည်းနှင့် ဖြေရှင်းဆန်းစစ်နိုင်ပါမည်လဲ။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com





ဘုရင်မ ဟက်ရှက်ပ်ဆွတ်က မီးနီးရောင်သလင်းကျောက်ပြား နံရံရှေ့ရှိ ကုလားထိုင်တစ်လုံးတွင် တည်တည်ငြိမ်ငြိမ်လေး ထိုင်နေသည်။ မရန်းရင့်ရောင်ဝတ်ရုံကို ဆင်မြန်းလျက် ရောင်စုံရတနာ လက်ဝတ်တန်ဆာတွေက ပြိုးပြိုးပြက်ပြက်။ ခေါင်းမှသရဖူမှာ တင့်တယ်လှပါ၏။ အနားတွင် အမျိုးသမီးကိုယ်ရံတော်ရစ်ယောက်က တစ်ဖက်တစ်ချက်တွင် ခ,စားလျက်ရှိသည်။

ဘုရင်မမျက်နှာပြင်မှာ ချောမောလှပသလောက် မျက်လုံးတို့မှာ အေးစက်မာကျောသည့်အသွင်ကို ဆောင်နေသည်။ အတ္တကြီးသော၊ မာနကြီးသော၊ တစ်ဖွတ်ထိုးလုပ်တတ်သော၊ ခေါင်းမာတတ်သော . . . စသဖြင့် 'သော' များစွာကို ဘုရင်မ၏မျက်လုံးအိမ်ထဲတွင် သိမ်းမြှုပ်ထားသလို ထင်နေရ၏။

ယင်းအခိုက် . . .

တမန်တော်တစ်ဦးရောက်လာပြီး ဘုရင်မအား အရိုအသေပြုကာ ဒူးထောက်လျက် . . .

''သခင်မ ဖိတ်ခေါ်ထားတဲ့ ဗိသုကာပညာရှင် ဇာဟီဟာထစ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လှာပါပြီ''

ထိုစကားကြောင့် ဘုရင်မ တိတ်ဆိတ်ငြိမ်သက်နေရာမှ အနည်းငယ်လှုပ်ရှားလာပြီး တမန်တော်ကို လှမ်းအကဲခတ်လိုက်သည်။ နောက် ... တစ်ချက်စဉ်းစားလိုက်ပြီး ...

''အဆောင်ထဲကို လွှတ်လိုက်''

သိပ်မကြာ။ မိနစ်ပိုင်းအတွင်းမှာပင် ဗိသုကာပညာရှင် ဖာဟီဟာဝပ်စ် ဝင်ရောက်လာ၏။ ရုပ်ရည်တင့်တယ်ခြင်း၊ ယောက်ျားပီသသော ခန္ဓာကိုယ်အချိုးအဆစ် ပိုင်ဆိုင်ထားခြင်း၊ တောက်ပခန့်ထည်သော အဝါရောင်ပိုးထည်ဝတ်ရုံကို ဝတ်ဆင်ထားခြင်းတို့ကြောင့် ပို၍ ကြည့်ကောင်းနေပါ၏။

သူက ဘုရင်မအား အရိုအသေပေးလိုက်၏။

စတင်ဝင်ရောက်လာကတည်းက မှင်တက်မိစွာ ငေးမောကြည့်နေသော ဘုရင်မ၏မျက်ဝန်းတွေက တစ်ချက်လေးမှ လွှတ်ထွက်မသွား။

''ရှင် ... ဟိုထိုင်ခုံမှာ ဝင်ထိုင်လို့ရတယ်''

''ကောင်းပါပြီ ဘုရင်မ''

သူက တည်တည်ငြိမ်ငြိမ်ပင် ဝင်ထိုင်လိုက်၏။

''ရှင့်ရဲ့ အောင်မြင်ထင်ရှားတဲ့ ဗိသုကာပညာတွေအကြောင်းကို ကျွန်မ သတင်းကြားခဲ့ပြီးပါပြီ''

''အဲဒီလောက်လည်း မဟုတ်သေးပါဘူး ဘုရင်မ''

''ရှင်ကသာ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချနေပေမယ့် အားလုံးကတော့ သိကြပါတယ်လေ''

သည်တစ်ကြိမ်တော့ သူ ဘာမျှခွန်းတုံ့မပြန်ပါ။ ခပ်ယဲ့ယဲ့သာ ပြုံး၍ ခေါင်းကို တဆတ်ဆတ်ညိတ်နေလိုက်သည်။

''ကျွန်မ ရှင့်ကိုအပ်ချင်တဲ့ အဆောက်အအုံတွေရှိတယ်၊ အဲဒီအထဲမှာ နွေရာသီစံနန်းတော်တစ်ဆောင်လည်း ပါတယ်၊ ရှင့်စိတ်ကြိုက်





လက်ရာနဲ့ အကောင်းဆုံးစီမံခွင့်ကိုပေးမယ်၊ လိုအပ်သမျှပစ္စည်းကို တောင်းဆိုပါ၊ ဘယ်လိုလဲ ... ရှင် လက်ခံနိုင်ပါ့မလား''

''ကျွန်ုပ်ဟာ အလုပ်တစ်ခုကိုလုပ်မယ်ဆိုရင် ကြိုတင်ပြင်ဆင်မှုမျိုးတွေ လုပ်တတ်ပါတယ်၊ အသေးစိတ်အချက်အလက်တွေ စုဆောင်းမှုရယ်, အဆောက်အအုံပုံစံတွေ ထုတ်လုပ်မှုရယ်, လိုအပ်တဲ့ ပစ္စည်းရှာဖွေမှုရယ် ... အဲဒါတွေပြည့်စုံမှ ...''

သူမက ဗိသုကာပညာရှင်ပြောဆိုနေသောစကားများကို မကြားတစ်ချက်၊ ကြားတစ်ချက်။ သူမ နားလည်သော ပညာရပ်များလည်း မဟုတ်ပါ။

သူမက ဖာဟီဟာဝပ်စ်၏မျက်လုံးကြည်ကြည်များနှင့် နှုတ်ခမ်းပါးပါးတို့ကိုသာ တစ်ချက်တစ်ချက်ငေးမောကြည့်နေမိ၏။

သူမဘဝတွင် ယောက်ျားများစွာတို့နှင့် ထိတွေ့ဆက်ဆံခဲ့ဖူးပါ၏။

ထိုယောက်ျားများစွာထဲတွင် ယဉ်ရှယ်နူးညံ့သော၊ ရုပ်ရည်ချောမောတင့်တယ်သော၊ ဂုဏ်ပကာသနနှင့်ပြည့်စုံသော အာဏာတန်ခိုးကြီးထွားသောသူများ ပါဝင်ပါသည်။

သို့သော် ... သူမ တစ်စုံတစ်ရာ ရင်ခုန်လှုပ်ရှားခြင်းမရှိခဲ့။ သတ်လွင်ရှန်းကြွသောအာရုံခံစားမှုများ မရှိခဲ့။ ထို့ကြောင့်လည်း၊ သူမ၏ မာနတရားတို့က အပွန်းအပဲ့မရှိခဲ့။ အတ္တတို့က ရှင်သန်နေဆဲ။ ခုတော့ ...

သူ စတင်ဝင်ရောက်လာကတည်းက သူမ ဘာဖြစ်သွားမှန်းမသိ။

ရုပ်၏ကြည်လင်သန့်စင်မှု၊ မျက်လုံးစူးစူးတို့၏ ဖွဲ့ဆောင်မှု၊

နောက် ... အမူအရာအပြောအဆိုနှင့်လှုပ်ရှားမှုဟန်ပန်တို့က သူမကို အကြီးအကျယ်ဖွဲ့ဆောင်ခဲ့လေပြီ။

မြင်မြင်ချင်း ချစ်မိသည်ဆိုသည်မှာ ဒါမျိုးပေပဲလား။

''သခင်မ ... အခု ပထမဦးဆုံးတည်ဆောက်ချင်တာက နွေရာသီစံကျောင်းတော် ထင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ဘူး''

''ခင်ဗျာ''

''ရဲတိုက်''

ဇာဟီဟာဝပ်စ် ခန့်မှန်းရ နည်းနည်းခက်သွားသည်။

သူထင်တာနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်မဟုတ်ပါလား။

''နေရာကို ရွေးချယ်ပြီးပါပြီလား ခင်ဗျာ''

''ရွေးပြီးပါပြီ၊ ရှင် ကျွန်မနောက်လိုက်ခဲ့ပါ''

ဘုရင်မ ဟက်ရှက်ပ်ဆွတ်က ကုလားထိုင်မှ မတ်တတ်ထရပ်ကာ ရှေ့မှဦးဆောင်ထွက်ခွာသည်။ ကိုယ်ရံတော်တွေက အသင့်အနေအထားဖြင့် သေးမှရံလျက် လိုက်ခဲ့ကြ၏။

အဆောင်ရင်ပြင်ဆီသို့ လျှောက်လာခဲ့ပြီးသည့်နောက် အဝေးသို့ လှမ်းကြည့်သည်။ နန်းဆောင်တချို့နှင့် မင်းအမှုထမ်းတို့၏ အဆောက်အအုံတချို့ကို လှမ်းမြင်ရ၏။

''ဟောဟိုက တောင်ကမူလေးမှာ''

ဇာဟီဟာဝပ်စ်က သေသေချာချာကြည့်သည်။ တစ်စုံတစ်ရာကို တွေးတောနေပုံလည်း ပေါ်ပါသည်။ ခဏကြာမှ ....

''သခင်မ,ရွေးချယ်လိုက်တဲ့ နေရာအတော်အသိ မှန်ကန်ပါတယ်''

ဇာဟီဟာဝပ်စ်၏ ကြည်စင်သော မျက်လုံးတစ်စုံနှင့် အပြုံးချိုချိုလေးတစ်ချက် သူမထံ အရောက်ပို့လိုက်၏။

သူမရင်ထဲတွင် သိမ့်ခနဲ၊ လှိုက်ခနဲ။

သူမ ချက်ချင်းပင် မျက်လွှာကိုချလျက် ...။

ထိုနေ့က သူမထံ ရုတ်တရက်ရောက်ရှိလာသော ခံစားမှုတချို့ကို နောင်တစ်ချိန်တွင် ပြန်လည်ပြောပြရန်အတွက်ပင် မလွယ်သောအောင် ဖြစ်ခဲ့ရလေပြီ။

❑❑❑





www.burmeseclassic.com

www.burmeseclassic.com

ထွက်ပေါ်မှုနှင့်ဆ ခွာထင်

ရဲလှ တောင်ခြေရွာလေးသို့ပြန်သွားပြီး တစ်လလောက်ကြာသည်အထိ ခင်ခင်ထားဆိုသောမိန်းကလေး သူ့ထံ ရောက်မလာတော့ပါ။ ထို့အတွက် စိတ်အနှောင့်အယှက်ဖြစ်ရသောဒုက္ခ ကင်းဝေးသွားပြီဟု ယူဆရသော်လည်း မပျော်ရွှင်မှုကိုတော့ သိသိသာသာကြီး ခံစားလာရသည်။ ဘာကြောင့်ဟူ၍လည်း ခေါင်းစဉ်တပ်၍မရ။ သို့သော် ယင်းတို့အထဲမှ ...

တော်တော်ဆိုးသော် အဖြစ်ပျက်တစ်ခုမှာ သူနှင့်မလှမ်းမကမ်း တစ်နေရာတွင် ဆံပင်ညှပ်ဆိုင်တစ်ဆိုင် လာရောက်ဖွင့်ခြင်းပင်။ ဘယ်လိုစီးပွားရေးအမြင်မျိုးနှင့် သူ့အား ယှဉ်ပြိုင်ရပါသလဲ။ နဂိုကတည်းက မိုးတွင်းဆို ပျောက်တောက် ပျောက်တောက်နှင့် ထမင်းဖိုးနှင့်အရက်ဖိုးပင် အနိုင်နိုင်ရှာနေရသော နေရာဒေသလေးအား သူ့မို့ အထင်ကြီးနိုင်လွန်းသည်။

မရေမရာ စားကျက်တစ်ခုတွင် တံငါသည်နှစ်ယောက် ဖြစ်လာသောအခါ သူ့မလောက် ကိုယ်မဝ အဖြစ်နှင့်ကြုံတော့၏။

ထို့ကြောင့် သူ့ဆိုင်ကို ပိတ်လိုက်ရန် အကြိမ်ကြိမ်စဉ်းစားခဲ့သည်။ တစ်နေရာနှင့်တစ်နေရာ ပြောင်းဖို့ပြုဖို့ဆိုသည်ကလည်း မလွယ်လှပါ။





ဘယ်မှာလည်း အိမ်မစပေါ်။ ပြီးတော့ နေရာသစ်တွင် ဖောက်သည်အသစ်ရဖို့ဆိုသည်မှာ လနှင့်ချီ၍မိတ်ရှာရသောကိစ္စ။ ထို့ကြောင့် ဆံပင်ညှပ်စားရသည့်အလုပ်ကို တဖြည်းဖြည်းစိတ်ပျက်လာခဲ့မိသည်။

"ပိတ်မယ်ကွာ ... ပိတ်မယ်"

နောက်ဆုံးတော့ ဘယ်လိုမှ စဉ်းစားမရသည့်အဆုံး ဆုံးဖြတ်ချက်ကို နိုင်နိုင်မာမာချလိုက်ရတော့၏။

ထို့နောက် ချွေချွေတာတာသုံးလျက် ပိုက်ဆံစုသည်။ အကြွေးတချို့ကို ရှင်းထုတ်လိုက်သည်။ ဆိုင်ကို ပြန်အပ်လျက် ရဲလှဆီသွားရန် အထုပ်အပိုးပြင်တော့၏။

ပစ္စည်းက များများစားစားမရှိလှ။ စားအိုးစားခွက်တချို့နှင့် ပရိဘောဂတချို့ကို အိမ်နီးချင်းအေးသောင်းထံ ခေတ္တအပ်ရန် စိတ်ကူးလိုက်သည်။

သူ့အဝတ်အစားနှင့်ဆံပင်ညှပ်ပစ္စည်းတွေကိုတော့ ယူသွားရမည်။ ဘယ်အရပ်ဒေသမဆို လူရှိလျှင် ဆံပင်ရှိရမည်မဟုတ်ပါလား။ သူ့အတွက် သုံးဖို့စွဲဖို့လေးတော့ ရမည်သာ။

နောက် ... ဟမ်းဘတ်အိတ်ကိစ္စ။

ထိရကိုင်ရမှာကိုပင် နည်းနည်းတော့ ကြက်သီးထ,မိ၏။ အထဲတွင် အဖိုးတန်ပစ္စည်းဟူ၍ ဘာမျှမပါ။ မိန်းမအသုံးအဆောင်များလည်း သူနှင့် ဘာမှမဆိုင်။ တစ်ခုတော့ ရှိသည် ...။

အနီရောင်ကျောက်နှင့်ပြုလုပ်ထားသော ... ငွေလက်စွပ်လေး။

သူ့မှာ ကျောက်အကြောင်းနှင့် ငွေအကြောင်းကို နားလည်သူမဟုတ်။ ဘယ်ရွှေဘယ်မျှတန်လေမှန်းလည်း မသိ။

မည်မျှပင် ဒုက္ခအခက်ခဲရောက်နေပါစေ ထိုပစ္စည်းများကိုတော့ ရောင်းစားရန် လုံးလုံးစိတ်ကူးခဲ့သူမဟုတ်။

လက်စွပ်လေးကိုတော့ အရေးကြီးသည်ထင်သဖြင့် နှိုက်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

ကျန်တာကိုတော့ သည်မှာပင် အဝတ်နှင့်ထုပ်ပိုး၍ သေသေချာချာ အပ်ထားခဲ့ရမည်။ ထို့နောက် ... သူ ဒေါ်လေးစိန်အိမ်ရောက်ခဲ့၏။

"ဒီ ကိုလိုနီဖဲလေးတွေကိုတော့ ဒေါ်လေးစိန်ဆီမှာပဲ အပ်ထားခဲ့ပါရစေဗျာ"

"နင်က ဘယ်ကိုလှည့်ဦးမလို့တုံး"

"ရိုးမတောင်ခြေမှာရှိတဲ့ သူငယ်ချင်းဆီ အလည်အပတ်သွားမလားလို့"

"အလည်အပတ်မဟုတ်လို့ ဘယ်ကိုပြန်လာစရာရှိသေးလို့တုံး။ ဒီမှာဖြင့် အခန်းကို ပြန်အပ်ခဲ့ပြီးတော့"

"ကျွန်တော်လည်း ဘာမှမတွေးတတ်တော့ပါဘူးဗျာ"

"နင့်မှာ တစ်ယောက်တည်း လုပ်စားနေတာတောင် တိုင်ပတ်နေသေးရင် တို့လို တစ်အုံတစ်မကြီးဆို ခါးမှာ ပုဆိုးတောင် ကပ်ပါ့မလား မသိဘူး"

"အဲဒါသာဆို ကျုပ်ကို စိတ်ကျန်းမာရေးဆေးရုံပို့ရုံပဲ ရှိတော့တယ်မျို့"

"ခုလည်း ဘာထူးသေးလဲ၊ ခပ်ကြောင်ကြောင်ဖြစ်နေတဲ့ ဥစ္စာ၊ ညညဆို အိပ်တယ်လို့မှမရှိတာ၊ ပြီးတော့ ဟိုပြောသည်ပြော"

ခင်ခင်ထားရောက်လာတတ်ကြောင်းကိုတော့ ဘယ်လိုနည်းနှင့်မှ ပြောလို့မဖြစ်။

ပြောလျှင်လည်း ယုံချင်မှယုံမည်။

"နင် ဘယ်နေ့သွားမှာလဲ"

"မနက်ဖြန်"

"စိတ်သာချ ... နင့်ပစ္စည်းတွေကို စောင့်ရှောက်ထားလိုက်မှာပါ။ တစ်ခုတော့ မှာချင်တယ် ... အရက်ကို နည်းနည်းလျှော့သောက်ဟယ်၊





ငယ်ငယ်ရွယ်ရွယ်အရက်နဲ့ သေတဲ့လူတွေ မျက်စိရှေ့တင် ဟောတစ်ယောက် ဟောတစ်ယောက်"

"အဲဒီလို မြန်မြန်သေသွားလည်း အေးရော"

"ပြောအားရှိမှာပေါ့ဟဲ့ ... သားမယားမရှိ၊ မိဘမရှိ၊ ဆွေမျိုးသားချင်းမရှိတဲ့ကောင်ကိုး"

"ဟုတ်တယ်နော် ... တကယ်တမ်းစဉ်းစားကြည့်ရင် ကျွန်တော်က တကယ့်တစ်ကောင်ကြွက်စစ်စစ်ပဲနော်"

ထို့နောက် သူ ဒေါ်လေးစိန်ကို နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

ယခုလောလောဆယ်မှာတော့ သူနှင့်အကျွမ်းတဝင်ဖြစ်နေသော သည်ရပ်ကွက်လေးကို ကျောခိုင်းရပေဦးတော့မည်။ ဘယ်တော့မဆို အတိုက်အခံများစွာနှင့် ရင်းနှီးမှ ထမင်းနပ်မှန်နေရသော သူ့ဘဝတွင် ရှေ့ဆက်ဘာတွေဖြစ်လာဦးလေမလဲ။ ဘယ်လိုပြဿနာတွေနှင့် ကြုံတွေ့ရဦးမလဲ။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com



အချစ်အတွက် သာမဆိုဖြစ်ထယ်

ဘုရင် ရန်ရမိဆီက သူ၏လုပ်ပုံတော် အာဒက်(စ်) စကားကြောင့် အလွန်ဒေါပွနေသည်။

"မင်း . . ကြားခဲ့ရတဲ့သတင်းက အသေအချာပဲလား အာဒက်(စ်)"

"ကျွန်တော်မျိုး မမှန်မကန်အကြောင်းအရာမျိုးကို မလျှောက်တင်ရဲပါဘူးအရှင်"

ဘုရင် ရန်ရမိဆီ အဆောင်တော်အတွင်း ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။

ဘုရင်မ ဟာက်ရှက်ပ်ဆွတ်အပေါ်လည်း နားမလည်နိုင်မှုတွေက . . . အချိန်ကြာလာသည်နှင့်အမျှ ပိုရှုပို၍ များပြားလာခဲ့သည်။

အမိကတရားခံမှာ သံယောဇဉ်မထားသင့်သောသူ၊ မချစ်သင့်သောသူကိုမှ ရွေးချယ်မြတ်နိုးမိလေခြင်းမှာ ဘုရင်ရန်ရမိဆီ၏ အမှားပင်။

တစ်ခုသော တိုင်းပြည်အစုံ ကျင်းပပြုလုပ်သည့် အားကစားပွဲတော်တစ်ခုတွင် သူနှင့်ဘုရင်မ ကျွမ်းဝင်ရင်းနှီးခဲ့ရသည်။

ဘုရင်မ၏ ညှို့ငင်ဆွဲဆောင်နိုင်သောအစွမ်းက သူ့အတွက် တော်တော်ပြင်းထန်ခဲ့ပါ၏။

ဝိုင်းရင့်စောင်မာပေ

www.burmeseclassic.com

www.burmeseclassic.com



'တစ်သက်စာ' ဆိုသော စကားလုံးကိုပင် ရွေးချယ်သုံးစွဲရတော့ မလောက် ဘုရင်မကို အစွဲကြီးစွဲခဲ့ရသည်။

နေ့နေ့ညည . . . သူမ၏မျက်နှာကိုသာ မြင်ယောင်လျက် ဆွေးဆွေးမြည့်မြည့် ဖြစ်ရ၏။

ထို့ကြောင့် ယောက်ျားတို့၏ 'ဖွဲ့' သေခါမှလျှော့ဆိုသည့်အတိုင်း ခင်မင်ရင်းနှီးမှုအဖြစ် လက်ဆောင်ပဏ္ဏာများ ပို့ဆောင် ဆက်သခဲ့သည်။ တစ်ပြည်နှင့်တစ်ပြည် သံတမန်အကူးအလူးထားရှိကာ ရွှေလမ်းငွေလမ်း ဖောက်စေခဲ့သည်။

သူကိုယ်တိုင်လည်း မကြာခဏဆိုသလို သွားရောက်လည်ပတ်ခဲ့ပါသည်။

BURMESE CLASSIC .com

သို့တစေ . . .

ဘုရင်မ ဟက်ရှက်ပ်ဆွတ်၏တုံ့ပြန်မှုမှာ အေးတိအေးစက်နိုင်လှ၏။

နွေးထွေးမှု လျော့နည်းလွန်းလှပါ၏။

ရှင်းရှင်းဆိုရလျှင် သူ့အပေါ် စိတ်ဝင်စားမှု နည်းလွန်းသည်ဟု ဆိုချင်ပါသည်။

သို့တိုင် . . . သူလိုယောက်ျားတစ်ယောက်အနေဖြင့် တော်တန်ရုံဖွဲ့လျှော့ဖို့ဆိုခြင်းအတွက်တော့ လုံးလုံးစိတ်မကူးခဲ့။

သူ့တွင် . . . တိုင်းပြည်အား အုပ်ချုပ်ရသော အာဏာရှိသည်။ စည်းစိမ်ဥစ္စာပြည့်စုံသည်။ ဂုဏ်ရှိသည်။ ပကာသနရှိသည်။ ကုန်ကုန်ဆိုရလျှင် အားလုံးပြည့်စုံနေသောဘဝ၊ မိန်းမတစ်ယောက်အနေနှင့် ဘယ်လိုငြင်းပယ်ရက်စရာဟူ၍ မရှိသောဘဝ။

ထိုအခြေအနေမျိုးတွင် ဘုရင်မဘက်မှ ခါးခါးသီးသီးငြင်းပယ်မှု ပြုလာလျှင် စစ်ခင်း၍ အရယူရန်သာရှိတော့၏ဟု ယတိပြတ် ဆုံးဖြတ်ထားသူ။





"ဟို . . . ဗိသုကာကောင် ဇာဟီဟာဝပ်စ်ကို ငါ ကောင်းကောင်းသိတယ်၊ သူဟာ မြောက်ပိုင်းသား၊ ပညာမာန အလွန်ကြီးသလို နေတာထိုင်တာလည်း တည်ကြည်တယ်၊ မိန်းမကိစ္စ ရှုပ်ရှုပ်ထွေးထွေး မရှိဘူး၊ အသောက်အစားကင်းတယ်၊

ဒါပေမဲ့ . . . ခု ဟက်ရှက်ပ်ဆွတ်ဆီရောက်ပြီး ရဲတိုက်ဆောက်နေပြီဆိုတော့ သူတို့နှစ်ယောက်ရဲ့နီးစပ်မှုဟာ တစ်နေ့တခြား တိုးပွားလာနိုင်တယ်၊ ဒါဟာ ငါ့အတွက် ကြီးမားတဲ့ အန္တရာယ်ခလုတ်တံသင်းပဲ"

ထိုအခြေအနေမျိုးမှ နောက်ဆက်တွဲ ကြားလာရသော သတင်းမှာ အတော်ပင် မခံချိမခံသာ ရှိလှပေ၏။

ယင်းမှာ ဘုရင်မအနေနှင့် ဗိသုကာပညာရှင်အပေါ် သိသိသာသာ လိုက်လျောမှုများ၊ ပေးမှု၊ ရဲတိုက်ဆောက်လုပ်ရာတွင် မလိုအပ်ဘဲ မကြာခဏ သွားရောက်အားပေးမှု၊ နန်းတွင်းပျော်ပွဲရွှင်ပွဲများကို မကြာခဏ ပြုလုပ်ကာ ဇာဟီဟာဝပ်စ်အား အထူးတလည် ဖိတ်ကြားမှု၊ သီးခြားအဆောင်တွင် နှစ်ယောက်အတူတူ ယမကာသောက်သုံးမှု . . . စသည့်သည့် အုနုအား ကွဲခတ်စေသော အကြောင်းအရာတို့က တဖြည်းဖြည်းနှင့် ပိုမိုဆိုးဝါးလာသည်သာ ဖြစ်၏။

ထို့ကြောင့် သူ သည်းအတိုင်း လက်ပိုက်ကြည့်နေ၍ မဖြစ်တော့၊

တစ်ခုခုတော့ စီစဉ်ရပေတော့မည်။ မဖြစ်သာသည့်အဆုံး လူသိဆင်ရှား တရားဝင်ကမ်းလှမ်းမှုများပြုလုပ်ကာ လက်ထပ်ဖို့ပင် ဖြစ်၏။

"အာဒက်(စ်)"

"အမိန့်ရှိပါအရှင်"

"မြင်းအကောင် (၁၀၀)၊ ပိုးထည်၊ စိန်ရွှေရတနာတွေနဲ့အတူ ပါလာအခမ်းအနားအတွက် လိုအပ်မယ့်ပစ္စည်းအားလုံးကို အဆင်သင့်ဖြစ်အောင် လုပ်ထားလိုက်၊ မကြာခင် အချိန်အတွင်းမှာ ငါ ဟက်ရှက်ပ်ဆွတ်ဆီ စေလွှတ်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရှင့်အမိန့်အတိုင်း လိုအပ်ချက်မရှိ ပြည့်စုံစွာ စီစဉ်ထားပါ့မယ်"

ယခုတော့ တွေ့ကြလေတော့မည်။

အချစ်အတွက် ဘာမဆိုပေးဆပ်ရဲသောသတ္တိတွေ သူ့တွင် ရှိလာရပေပြီ။

ရန်ရမိဆီ မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။ အပြာနရောင်နောက်ခံတွင် ဆွတ်ဆွတ်ဖြူတိမ်တိုက်တွေက တရွေ့ရွေ့ လွင့်မျောနေကြသည်။

သူ ... အသက်ကို အားပါးတရ ရှူထုတ်လိုက်ကာ ...

"မင်းမရှိလို့မဖြစ်တဲ့ ငါ့ဘဝပါ ... ဟက်ရှက်ပ်ဆွတ်ရယ်"

❐❐❐



www.burmeseclassic.com

BURMESE CLASSIC .com

ရုပ်ရှင်လက်ကျန်မှ ဒေါ်ထမွှား

ရိုးမတောင်ခြေသို့ တရွေ့ရွေ့ပြေးလွှားနေသော ခရီးသည်တင် ကားလေးတစ်စီးမှာ တာဝန်ဝတ္တရားတစ်ရပ်ကို ဝတ်ကျေတန်းကျေ ထမ်းဆောင်နေသလိုပင်။

အနောက်ဘက်ဆီတွင် နေလုံးကွယ်ပျောက်သွားခဲ့သည်မှာ အတန်ငယ်ကြာပြီ။

ဆောင်းဝင်စရာသီမို့ ပတ်ဝန်းကျင်က အေးအေးသက်သက်နှင့် နေလို့ထိုင်လို့ကောင်းရုံလေး။

အမှောင်က အစပျိုးလာလေပြီ။

ကားပေါ်တွင် ထူးအုပ်အပါအဝင် ခရီးသည်ခြောက်ယောက်သာ ရှိသည်။ ကျန်တာ ကုန်တွေချည်း။

ခရီးစဉ်အစက ခရီးသည်ဆယ့်ငါးယောက်လောက်ပါသော်လည်း လမ်းတွင်ဆင်းသွားသောကြောင့် တဖြည်းဖြည်း နည်းလာခြင်းပင်။

အမှန်စင်စစ် သူသည် ခရီးကို စောစောထွက်လာသင့်သည်။

မိမိရောက်လိုသည့် ရဲလှနေထိုင်သည့်ရွာမှာ ကားလမ်းမပေါ်တွင် ရှိသည်မဟုတ်။ ထန်းပင်စုစခန်းတွင်ဆင်းကာ အနောက်ဘက်သို့ နှစ်မိုင်





ကျော်ကျော်လောက် လျှောက်ရဦးမည်။ နေ့လယ်ပိုင်းတွင် ဆိုက်ကား သို့မဟုတ် ဆိုင်ကယ်ကယ်ရီတို့ ရှိတတ်သော်လည်း မိုးချုပ်လျှင်တော့ ရှိလောက်မည်မထင်။

ခုတော့ . . . သူ့အကျင့်သူ့စရိုက်အတိုင်း ဟိုဟိုသည်သည် အချိန်ဆွဲနေမှု၊ လမ်းခုလတ် ကားပြောင်းစီးသောနေရာတွင် အေးအေးလူလူ ဆိုင်တစ်ဆိုင် ဝင်ထိုင်နေမှုကြောင့် ယခုလို မိုးချုပ်သွားရခြင်းသာ။

သို့သော် . . .

ထူးအုပ်ကတော့ ဘာကိုမှဂရုမစိုက်။ လဆန်းရက်မို့ လရောင်ရှိသည်။ သွားရမည့်လမ်းက ဖြူးသည်။ ဖြောင့်သည်။ တစ်မိုးနက သွားနေကျ လာနေကျလမ်း။

နောက်ကျချင်သလောက် နောက်ကျ။ ကျောပိုးအိတ်ထဲတွင် အရက်ပုလင်းပါသည်။ ရေပါသည်။ ပူစရာမလို။ ကိုယ်ကြိုက်တတ်သော အရာမို့ ဒါကိုတော့ ဂရုတစိုက်ဆောင်ထားရမည်သာ။ အရက်ရှိလျှင်တော့ သူ့အတွက် သတ္တိတွေ အလိုလိုရှိရမည်ပင်။

''လင်းလွန်းကျင် ပါလား''

ကားစပယ်ယာက ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေသော ခရီးသည်များဆီသို့ သတိပေးစကားဆိုသည်။

ဘယ်သူကမှ မလှုပ်။

''သရက်ကုန်း''

ယောင်လို့ပင် စကားပြန် ပြန်မရ။ ထို့နောက် . . .

''ထန်းပင်စုစခန်း''

''ပါတယ် . . . ပါတယ်''

''ထန်းပင်စုကို တိုက်ရိုက်မောင်း၊ ဆရာရေ . . . ယောက်ျားလေး တစ်ယောက်ဆင်းမယ်''

သူ့တွင် ကျောပိုးအိတ်တစ်လုံးမှလွဲရင် ဘာပစ္စည်းမှမပါ။



www.burmeseclassic.com

www.burmeseclassic.com



''မောင်ရင်က ထန်းပင်စုတင်လား''

အနားမှ တောင်သူကြီးတစ်ယောက်ဖြစ်ဟန်တူသော လူတစ်ယောက်က အမှတ်မထင် မေးလိုက်သောစကား။

''အဲ ... မဟုတ်ဘူး။ ရွှေနဖားကို ဆက်သွားရဦးမှာ''

''ဩော် ... ရွှေနဖားအထိကို''

ထိုလူကြီးက ခေါင်းလေးတဆတ်ဆတ်ညိတ်ရင်း ငြိမ်သက်သွားသည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ရာ ပြောလာလေဦးမလားဟု စောင့်ဆိုင်းနေသော်လည်း မထူးခြားလာ။

''ဘာဖြစ်လို့လဲ ဦးလေး''

''ရွှေနဖားသွားတဲ့လမ်းမှာ ဝဠ်ကြွေးပြေစေတီလေးတစ်ဆူ ရှိတာတော့ မောင်ရင် သိမှာပေါ့နော်''

''အင်း ... အရင်ရောက်တုန်းကတော့ စေတီတစ်ဆူရှိတာ သတိထားမိတယ်၊ နာမည်တော့ အတိအကျမသိဘူး။ ချုံကောက်နွယ်တွေနဲ့ ပြုပြင်မယ့်သူလည်း ခုထိပေါ်ဟန်မတူသေးဘူး၊ နို့ ... အဲဒီဘုရားက ဘာဖြစ်လို့လဲ''

''အဲ့ဒီအနားတစ်ဝိုက်မှာ သိုက်ရှိတယ်လို့ ပြောကြတာပဲ၊ ပြီးတော့ သိပ်ကြမ်းဆိုပဲ''

''ဘယ်လိုကြမ်းတာလဲ''

''မောင်ရင့်ကို ဘယ်လိုတောင် ပြောရမှန်းမသိတော့ပါဘူးကွယ်''

ထိုအခိုက် ကားက ဇွေဖောက်လာသည်။

သွားနုန်းက ပုံမှန်မဟုတ်တော့။ ဆုတ်တွန့်ဆုတ်တွန့်ဖြစ်ကာ တစ်ဖာလုံလောက်ပင် မမောင်းလိုက်ရ။ ကားပျက်ပါတော့၏။

''ဒုက္ခပါပဲ ... မိုးချုပ်ပါတယ်ဆိုမှ''

''ဟဲ့ ကျော်ဒင် ... နင်တို့ကားစီးလိုက်ရင် ဒီအတိုင်းချည်းပဲ၊ ဘယ်တော့မဆို တန်းတန်းမတ်မတ်ရောက်တယ် မရှိဘူး''





''ဟုတ်ပါ့ဗျာ ... အရင်လိုပါတယ်ပြောမှ အနေးတွေ့''

''စက်နဲ့မောင်းရတဲ့ကိစ္စပဲဗျာ ဒီလောက်တော့ရှိမှာပေါ့၊ မမြဲတဲ့သဘာဝတရားတွေကိုလည်း သိရဲ့သားနဲ့၊ ကဲ ... ကဲ ... မြန်မြန်ထွက်နိုင်အောင် လုပ်ပေးပါ့မယ်''

အားလုံးလိုလိုက သည်ကားနှင့် အတော်လေးရင်းနှီးကျွမ်းဝင်ပုံပေါ်သည်။

ပြောမနာ၊ ဆိုမနာ ပြောချင်ရာပြော စိတ်ဆိုးကြမည့်ပုံလည်း မပေါ်ပါ။

ခရီးသည်အားလုံး ကားပေါ်မှ ဆင်းကြသည်။ အပေါ့အပါး သွားသူသွား။ အညောင်းအညာ ဖြေသူဖြေ။

သူကတော့ ဆီးသွားလိုက်ပြီး လမ်းဘေးလဲနေသော သစ်ပင်တစ်ပင်တွင် ဝင်ထိုင်လိုက်၏။

''ဟူး ... ရောက်ခါနီးမှကွာ၊ ကိုးလိုးကန့်လန့်လုပ်တယ်''

ကျောပိုးအိတ်အတွင်းမှ အရက်ပုလင်းနှင့်ရေဘူးကိုထုတ်ကာ တစ်ငုံ နှစ်ငုံမော့လိုက်ပြီး ပြန်ထည့်လိုက်၏။

ပြီးမှ ဆေးလိပ်ကို မီးညှိကာဖွာရှိုက်ရင်း အမြည်းသဖွယ် လုပ်လိုက်၏။

အမြည်းမပါလျှင်တောင် သောက်တတ်နေသော အရက်သမားပါလား။

လရောင်က အတော်ပင် လင်းလင်းကျင်းကျင်းရှိလှ၏။ အနီးအပါးမှ မြင်ကွင်းတွေကို မျက်စိကောင်းလျှင် အသေအချာမြင်နိုင်ပါသေး၏။

''ဘာလဲ ... စိတ်ပျက်နေပြီလား မောင်ရင်''

သူ့အနားသို့ရောက်လာသော စောစောကလူကြီးနှင့် အသက်မတိမ်းမယိမ်းဖြစ်ပုံရသော မိန်းမကြီးတစ်ယောက်။ သူတို့နှစ်ယောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လင်မယားလည်း ဖြစ်ဟန်တူပါသည်။

"အေးဗျာ . . . နောက်ကားတစ်စီးစီး လာရင်တော့ ပြောင်းစီးရင်ကောင်းမလားပဲ"

"စိတ်မကျနဲ့တော့ မောင်ရင် . . . ဒီခရီးအတွက် ဒီကားဟာ နောက်ဆုံးပဲ၊ ဘာကားမှ လာတော့မှာ မဟုတ်တော့ဘူး"

"အဲဒီလိုလား"

သူတို့နှစ်ယောက်က အနားတွင် ဝင်ထိုင်ကြသည်။ သူကလည်း အာလေးနည်းနည်းရှင်လာသောကြောင့် . . .

"စောစောကအကြောင်းလေး ပြန်ဆက်ပါဦး ဦးကြီးရဲ့"

ဦးလေးကြီးက တစ်ဖက်သို့လှည့်ကာ . . .

"ကိုင်း . . . မကြည်စိန်ရေ မင်းကိုယ်တွေ့လေး ပြောပြလိုက်ပါဦးကွာ"

ဒေါ်ကြည်စိန်ဆိုသော မိန်းမကြီးမှာ အတန်ငယ်ဝသော်လည်း မျက်နှာအနေအထားမှာ ကြည့်ကောင်းသည်ဟု လရောင်ရိပ်တွင် သူ မှတ်ချက်ချမိ၏။

"အမလေး . . . အဲဒီအကြောင်းများပြောရင် အခုပြော . . . မှ . . . ကြက်သီးထတယ်"

"ဒီလောက်တောင်ပဲလား"

"အဲဒီထက်တောင် ပိုသေးတယ် ကောင်လေးရဲ့"

"ပြောပါဦး . . . အပျင်းပြေ နားထောင်ရတာပေါ့"

မိန်းမကြီးက ချောင်းတစ်ချက်,နှစ်ချက် ဟန့်လိုက်ပြီး . . .

"ဒီလိုသားရဲ့ . . . အဒေါ်တို့ဇာတိက ဒီကမဟုတ်ဘူး။ မှန်ပြည်နယ်က၊ အဲဒီတုန်းက အမေဟာ ရွှေမြင်စန်းနေကြည်ဇာတ်ထဲက ယိမ်းသမတစ်ယောက်ဆိုပါတော့ကွယ်၊ ဇာတ်အဖွဲ့က စုစုစည်းစည်းနဲ့ အားကျုံးမာန်တက်ရှိနေချိန်၊ ခေါင်းဆောင်မင်းသားလေးကလည်း ယယ်ယယ်ရွယ်ရွယ်





စန်းထ.နေတဲ့အချိန်ဆိုတော့ အရင်က မထင်မရှားဇာတ်လေးဟာ နောက်တော့ ရပ်သိရွာသိဖြစ်လာတယ် ဆိုပါတော့ကွယ်"

သည်မိန်းမကြီးပြောပုံဆိုပုံတွေက ဇာတ်ဟန်ပေါက်နေသည်မို့ ယိမ်းသမတစ်ယောက်ဖြစ်ကြောင်းကိုတော့ အထူးငြင်းရန်မလိုတော့ပါ။

"တစ်နေ့တော့ အမေတို့ဇာတ်ဆရာဆီကို လူတစ်ယောက် ဇာတ်လာငှားတယ်၊ ဘုရားပွဲအတွက်ပါတဲ့၊ ဒါပေမဲ့ သွားက.ရမယ့်နေရာက တော်တော်လေးလှမ်းတာကလား၊ ပြီးတော့ အမေတို့ ရောက်ဖူးပေါက်ဖူးတဲ့နေရာလည်း မဟုတ်ဘူး။ ဒ်တော့ မျက်နှာလည်း မပျက်ရအောင် အကြောင်းတစ်ခုခုပြပြီး ဇာတ်ဆရာက ငြင်းလိုက်တယ် . . .၊

လာငှားတဲ့လူကလည်း ဖွတ်ပါပဲ၊ အမေတို့ပွဲမှ မဟုတ်ရင် ဘယ်ပွဲကိုမှ အစားထိုးမငှားချင်ပါဘူးတဲ့၊ ပြီးတော့ ပွဲကြေးကိုလည်း အဆမတန် ပိုပေးထားတာ . . .၊

ဘာပဲပြောပြော ဇာတ်ဆရာလည်း ငွေကိုမြင်တော့ နည်းနည်းစိတ်ပြောင်းသွားပြီး ဒီလိုဆိုလည်း ဘယ်နေရာကနေ ပွဲကူးလာမှာ . . . ဘယ်နေရာကနေ စောင့်, ဘယ်ရက် ဘယ်ရက် ရောက်မယ်ဆိုပြီး ရက်ညှိတာရော အသယ်အပို့အတွက်ပါ ပြောကြဆိုကြတယ်၊ ကဖြစ်ပြီဆိုပါတော့ကွယ်၊

က.မယ့်နေ့ရောက်တော့ သူတို့ဆီက လှည်းတွေနဲ့ လာကြိုတယ်၊ အရင်က အခုလို လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ ခရီးက ဝေးသလားမမေးနဲ့ . . . တစ်နေကုန်ကို မောင်းရတာ၊ နေကလည်း ပူ, ဖုန်တွေကလည်းပေါ, လမ်းကလည်းကြမ်းဆိုတော့ ပင်ပန်းသလားမမေးနဲ့ နောက်ဆို အဲဒီခရီးကို ရွှေပုံပေးတာတောင် မလိုက်ဘူးလို့ ဇာတ်ဆရာက ညည်းတယ် . . .၊

သူတို့ရွာကိုရောက်ခါနီးတော့ ညနေတော်တော်စောင်းနေပြီ၊ နေလုံးက မရှိတော့ဘူး။ ဘုရားပွဲစေတီကို ခပ်ဝေးဝေးကနေ လှမ်းမြင်နေရပြီ၊ ထုံးစေတီဖြူဖြူလေးကို မီးတွေပူဇော်ထားလိုက်တာလည်း လင်းလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်လို့''

ထူးအုပ်က မိန်းမကြီးစကားကို သေချာအာရုံစိုက် နားထောင်နေသည်။

လူကြီးကတော့ ကားပြင်ရာဆီသို့ မကြာခဏ လှမ်း လှမ်းကြည့်လျက် ...။

''အထူးခြားဆုံးက ဈေးပွဲခင်းပဲ ဈေးဆိုင်တန်းတွေ ဆိုတာအများကြီး။ လူသုံးကုန်ပစ္စည်းအမျိုးမျိုးရောင်းတဲ့ဆိုင်တွေ, စားသောက်ဆိုင်တွေ. အရက်ဆိုင်တွေဆိုတာ အများကြီး။ နောက် ... လူတွေဆိုတာ ကြိတ်ကြိတ်တိုးလို့၊ တကယ့်ကို စည်မှစည်၊ အမေတို့ ရောက်ရောက်ချင်း ကြိုတင်ဆောက်ထားတဲ့ဇာတ်ရုံမှာ ဒရောသောပါး ပြင်ဆင်ရတာပေါ့ကွယ်၊ ထမင်းလုံးဝမချက်နိုင်တော့ဘူး။ ဒီတော့ အားတဲ့လူ အပြင်ထွက်စားပေရော့ပဲ ...၊

အဲဒီတုန်းက အမေရယ်, ယိမ်းသမလေးတစ်ယောက်ရယ် အပြင်ထွက်ပြီး ညစာစားကြတယ်၊ စားသောက်ဆိုင်တွေဘက်မှာ ဘာစားချင်လဲ ... မျိုးစုံရတယ်၊ တရုတ်အစားအစာ စားမလား, မြန်မာဟင်းမျိုးစုံနဲ့ စားမလား, ဆီထမင်းနဲ့ငါးကြော်မျိုးစုံစားမလား ... အို ... မြင်တာနဲ့ကို စားချင်စဖွယ်တွေချည်းပါကွယ် ...၊

အမေတို့လည်း မရွေးတတ်တဲ့အဆုံး ထမင်းသုပ်နဲ့ ငါးခူကြော် ဝင်စားလိုက်တယ်၊ အရသာရှိလိုက်တာ မပြောပါနဲ့တော့၊ အပိုချပေးတဲ့ ဟင်းချိုကလည်း သောက်လို့ကောင်း။ ဈေးကျတော့ သက်သာသလား မမေးနဲ့၊ အမေတို့က နယ်တကာလှည့်ဇာတ်ကနေတဲ့ မိန်းမတွေ ... ဒီနေရာလောက် ဈေးချိုတာ ဒီနေရာပဲတွေ့ဖူးတယ် ...၊

ထမင်းသုပ်စားနေရင်း ဆိုင်ရှင်ကောင်မလေးက အမေတို့ကို ဇာတ်အဖွဲ့ကမှန်းသိတော့ ဇာတ်အကြောင်းကို မေးရင်းဆိုရင်းနဲ့ အစ်မကြီးတို့ကို သတိပေးစရာရှိတယ်ဆိုပြီး သူတို့ရွာအကြောင်းကို ပြောပြတော့တာပဲ ...၊





''အရှေ့ပိုင်းနဲ့ အနောက်ပိုင်း ညှိမရလို့ ကျွန်မတို့ရွာကို ဘယ်ဇာတ်အဖွဲ့မှ လာမကတာ ဆယ်နှစ်ကျော်သွားပြီ၊ အခု အစ်မကြီးတို့ဇာတ်အဖွဲ့ လာကမယ်ဆိုတော့ အုန်းအုန်းကျွက်ကျွက်အရမ်းစည်နေတာလို့''

ပြောတော့ အမေက ဘာကြောင့်လာမကကြတာလဲလို့ မေးလိုက်တယ်၊ ထမင်းဆိုင်ရှင်ကောင်မလေးက ...

''ဒီလိုအစ်မကြီးရဲ့ .. ဒီထုံးစေတီလေးကို အရှေ့နဲ့အနောက်ပိုင်းပြီး ရွာက ရှိနေတော့ အရှေ့ပိုင်းနဲ့ အနောက်ပိုင်းက မတည့်ကြဘူး၊ ရွာဘုရားပွဲလုပ်ရင်လည်း အရှေ့ပိုင်းက ဘယ်ဇာတ်ငှားမယ်, အနောက်ပိုင်းက ဘယ်ဇာတ်ငှားမယ်နဲ့ မတည့်ကြဘူး ...၊

အခု အစ်မကြီးတို့ဇာတ်ကို ဦးဆောင်ငှားတာ ရွာအနောက်ဘက်ပိုင်းက ငှားတာ၊ အရှေ့ပိုင်းက လူတွေက သိပ်မကြည်ကြဘူး၊ ပြဿနာတော့ရှိမယ်ထင်တယ် ... သတိတော့ထား အစ်မကြီး။ ဒီရွာက လူတွေက လက်ရဲဇက်ရဲ တဇောက်ကန်းတွေ ... ဦးနှောက်မရှိတဲ့ လူမိုက်တွေပေါ့ အစ်မကြီးရယ်''

အဲဒီကောင်မလေးစကားကြောင့် အမေတို့လည်း ကပျာကယာ ထမင်းသုပ်ကိုစားပြီး ဇာတ်အဖွဲ့ရှိတဲ့ဇာတ်ရုံကို ပြန်လာ, ဇာတ်ဆရာကို အကျိုးအကြောင်းပြောပြတော့ ဇာတ်ဆရာက ပွဲလုံခြုံရေးလူကြီးတွေကို လုံခြုံရေးအတွက်ပြော, လူကြီးတွေက စိတ်ချပါ, ပြဿနာမရှိစေရဘူး ဆိုတာနဲ့ စိတ်အေးခဲ့ရတယ် ...၊

ဇာတ်စကဖြစ်တော့ စောစောက ဈေးခင်းထဲမှာ လမ်းသလားနေတဲ့လူတွေအားလုံး ပွဲခင်းထဲ ရောက်လာတော့တာပဲ ... ပွဲကြိုက်လွန်းလို့ အားပေးကြတာများ ပြောပါတယ်၊ လူရွှင်တော်က ရယ်စရာပြောရင် တဝါဝါနဲ့ အားပါးတရကို ရယ်ကြတာ၊ သီချင်းဆိုတော့လည်း လိုက်ဆိုကြနဲ့ ပျော်စရာကြီးပါကွယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ပွဲခင်းရဲ့အနောက်ဘက်မှာ အုန်းအုန်းကျွက်ကျွက် ဆူညံသံတွေ စကြားရတော့တာပဲ၊ တစ်စတစ်စ အသံတွေက ပိုကျယ်လောင်လာတော့ အမေတို့ဇာတ်သမားတွေလည်း ကန့်လန့်ကာဖွင့်လို့ အခြေအနေစောင့်ကြည့်လိုက်တယ် . . .၊

ပွဲလာကြည့်တဲ့လူတွေလည်း တဝုန်းဝုန်းနဲ့ ဟိုပြေးဒီပြေးနဲ့ ဇာတ်ရုံကို ကာရံထားတဲ့ထရံကို တွန်းလှဲပြီးထွက်ပြေးကြတယ် . . .၊

ရွာအရှေ့ပိုင်းနဲ့ အနောက်ပိုင်းရဲ့ ရန်ငြိုးရန်စပြဿနာဘက်တော့တာပဲ၊ ဓားတွေနဲ့ခုတ်, တုတ်တွေနဲ့ရိုက်နဲ့ လဲတဲ့လူ, ကွဲတဲ့လူတွေလည်း မြင်မကောင်းဘူး။ ရွာတွေမှာပြဿနာဖြစ်ရင် တစ်နှယ်ငင် တစ်စင်ပါ ဆိုသလို အုပ်စုလိုက်ဆော်ကြတာ . . .၊

အမေတို့လည်း နေစရာနေရာကို မရှိဘူး။ ရွာက လုံခြုံရေးအဖွဲ့သားတချို့က နီးစပ်ရာရွာကို ဘေးလွတ်ဖို့ ရှောင်ရှားခေါ်သွားလို့ အမေတို့ဇာတ်အဖွဲ့သားတွေ ဘာအန္တရာယ်မှ မဖြစ်တာ . . .၊

ဘယ်လောက်ထိအောင်ဆိုးလဲဆိုရင်· ရွာကို မီးပါရှို့တာ၊ တစ်ရွာလုံး ပြာပုံဖြစ်ရော၊ သေလိုက်ကြတာ ကလေးလူကြီး အရွယ်စုံပဲ၊ နောက်တော့ ရွာပျက်ကုန်းကြီးဖြစ်သွားတာပေါ့ . . .၊

အမေတို့ဇာတ်ရုံကြီးလည်း မီးလောင်သွားပြီး ဇာတ်ပစ္စည်းတွေ ဆုံးရှုံးသွားရတာပေါ့၊ အခု အမေ့ယောကျ်ား ကိုသာဒွန်းက အမေတို့ဇာတ်အဖွဲ့ကို ကယ်ခဲ့ကြတဲ့လူတွေထဲမှာ ပါတော့ နောက်ပိုင်းမှာ အမေနဲ့ နီးစပ်ပြီး ညားသွားကြတာ . . .''

မိန်းမကြီးက သူ့စကားကို အနားသတ်လိုက်၏။

ထူးအုပ် ထိုအကြောင်းအရာမျိုးကို ကြားဖူးနားဝရှိကာကြောင့် သိပ်မအံ့ဩမိ။

သို့သော် . . .

ထိုမိန်းမကြီးက ဘာကြောင့် ထိုအကြောင်းအရာကို ပြောခဲ့ရ





သလဲဟူသော အချက်ကိုတော့ စိတ်ဝင်စားမိသည်။

"အခု ဘာကြောင့် ဒါတွေပြောရသလဲဆိုရင် အမေတို့ကို လာညီတွေနဲ့လာကြိုတဲ့နေရာက အခု သားဆင်းမယ့် ထန်းပင်စုစခန်း ဖြစ်နေလို့"

"ဗျာ"

"ဟုတ်တယ်၊ အမေပြောတဲ့ ဝဋ်ကြွေးပြေစေတီဘုရားရဲ့ အနီးတစ်ဝိုက်က အရင်က သိပ်စည်ကားခဲ့တဲ့ ရွာကြီး။ ခုတော့ . . . မှန်းဆိုးမြေ ဖြစ်နေတာပေါ့ကွယ်၊ လူတွေ အသေဆိုးနဲ့သေခဲ့ကြတဲ့နေရာဖြစ်လို့ မြေကြမ်းတယ်လို့ အနီးနားရွာတွေက လူတွေ ပြောနေကြတယ်"

"ဒီလိုလား"

"ပြောနေကြတာပဲ . . . ဒေါသတွေ, မာန်မာနတွေနဲ့ သေကြတာမဟုတ်ဘူးလို့ မပြောနိုင်ဘူး"

"ကျွန်တော် မကြောက်တတ်ပါဘူး၊ အမေ"

"ကြောက်တာ.မကြောက်တာထက် အရာရာကို သတိဝီရိယရှိဖို့ ပြောတာပါ"

ထိုအခိုက် ကားမှာပြန်လည်ကောင်းမွန်လာသောကြောင့် စပယ်ယာလေးက လှမ်းအော်လေတော့သည်။

ကားပြန်ထွက်သောအချိန်တွင် သူကိုတစ်ယောက်ကိုတစ်ယောက် ဘာစကားမှမပြောဖြစ်ကြတော့ပါ။ ကိုယ့်အတွေးနှင့်ကိုယ် လိုက်ပါခဲ့ကြသည်။

မကြာမီမှာတော့ ထန်းပင်စုစခန်းကို ရောက်ပေတော့မည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကို မေခင်းယူမယ့်တူ

တောင်ကြားကြီးအကွင်း၊ တည်ဆောက်ထားသော တိုင်းပြည်လေး။

သဘာဝရှုခင်းကိုက အံ့သြစရာကောင်းလှပါသည်။

တိုင်းပြည်သေးငယ်သလောက် ရွှေနှင့်ရတနာပစ္စည်းသယံဇာတပေါများကြွယ်ဝလွန်းသောကြောင့် ချမ်းသာနေသော တည်နေရာလေး။

ဘုရင်ရန်ရမိဆီတစ်ယောက် ဘုရင်မ ဟာက်ရှက်ပ်ဆွတ်နှင့် တွေ့ဆုံရန် နန်းတော်ဆောင်လေးသို့ ရောက်ရှိနေသည်မှာ နာရီဝက်ခန့်မကတော့ပေ။ သူကိုယ်တိုင် ကြွရောက်လာကြောင်း သတင်းပို့ပေးသည့် အမှုထမ်းလည်း ပြန်မရောက်လာသေး။ အမှန်စင်စစ် သူတို့၏ ဓလေ့ထုံးတမ်းများအရ ကြိုတင်အကြောင်းကြားထားရန်တော့ လိုပေသည်။ ထိုသို့ တစ်ကိုယ်ကောင်းဆန်စွာ အလောတကြီးရောက်လာရခြင်းမှာလည်း မိမိအများပင်ဖြစ်သောကြောင့် စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းရပေတော့မည်။

ဘုရင်ရန်ရမိဆီ၏ကိုယ်ရံတော်တွေက အနားတွင် အဆင်သင့်။ သူ ... ထိုင်နေရသည်မှာ ညောင်းလာသဖြင့် လ,သာဆောင်ဘက်သို့ ထွက်လာခဲ့သည်။ နောက် ... အပြင်သို့ စိတ်လွတ်ကိုယ်လွတ် ငေးမော

နုရှင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုလိုက်သည်။

"အို"

သူမြင်လိုက်ရသောမြင်ကွင်းတွင် လူအင်အားများစွာဖြင့် ကြီးကျယ်ခမ်းနားသော ရဲတိုက်တစ်လုံး ဆောက်နေတာပါသည်။

ထိုအပြင် ဘုရင်မမှာ ဗိသုကာပညာရှင်နှင့် စကားစမြည်ပြောနေတာပါသည်။

ထိုအဖြစ်က သူ့အတွက် တော်တော်ရင်နာစေပါသည်။ ကိုယ်ချစ်နေသူတစ်ဦး၏အနားတွင် သံသယဖြစ်နေသော ယောက်ျားသားတစ်ဦးရှိနေခြင်းသည် ဘယ်လောက်စိတ်မချမ်းမြေ့စရာ ကောင်းလိုက်ပါသလဲ။

ထို့ထက်မက ပိုဆိုးသည်မှာ သူတို့နှစ်ယောက်၏အနေအထားသည် သာမန်မိတ်ဆွေပုံစံမျိုးထက် သာလွန်နေပြီး လွတ်လပ်မှု၊ ပွင့်လင်းမှု၊ ဖော်ရွေမှုတွေက လိုအပ်တာထက် ပိုနေလေ၏။

အကြောင်းကြားသော အမှုထမ်းလေး ဘုရင်မအနားတွင် ရှိနေတာ တွေ့သည်။ သူရောက်နေကြောင်းကို သိပါလျက် ချက်ချင်း မလာနိုင်ဘဲ ထိုဗိသုကာနှင့် စကားကောင်းနေတြခြင်းမှာ သူ့အတွက်တော့ နာခဲက်လှပါသည်။

"တောက်"

သူတို့မြင်ကွင်းကို ကြာကြာမကြည့်ရက်ပါ။ ထို့ကြောင့် နန်းဆောင်အတွင်းသို့ ပြန်ဝင်လာခဲ့၏။ ဒေါသစိတ်သည် လျှပ်တစ်ပြက် ထွက်လာခဲ့၏။ သတ္တိတွေက အလိုလို ရုန်းကြွလာလျက် လာရင်းကိစ္စကို ပြတ်ပြတ်သားသား မေးရန်သာရှိတော့သည်ဟု ဆုံးဖြတ်လိုက်၏။ သူ အတန်ကြာခေါက်တုံ့ခေါက်ပြန်လျှောက်နေခိုက် ...

"ဘုရင်မက ... သူနဲ့တွေ့ဆုံဖို့ ညီနန်းဆောင်မှာ စောင့်နေပါတယ် အရှင်"

ရန်ရှမိဆီတစ်ယောက် သက်ပြင်းကို အသာချကာ တည်းခိုရာ





နန်းဆောင်မှတစ်ဆင့် ညီတွေ့နန်းဆောင်သို့ ကူးလာခဲ့သည်။

ထိုအဆောင်တွင် ဘုရင်မက ပြုံးပြုံးရွှင်ရွှင်နှင့်ပင် သူ့ကို စောင့်ဆိုင်းနေလေသည်။

"အကြောင်းမကြား ဘာမကြားနဲ့ ဘယ်လိုအရေးတကြီး ရောက်လာရတာလဲ အရှင်ရန်ရှမိဆီရယ်"

"ကိုယ့်အတွက်တော့ ထူးခြားတဲ့သတင်းစကားတစ်ရပ် ပါးစရာရှိပါတယ် သခင်မ"

"အလို ... ကြားသားမိုးကြိုး ... ကိုင်း ... ထိုင်ပါဦး"

အစေအပါးများအား လက်ဆောင်ပစ္စည်းများကို ဆက်သ၍ ပြေးလွတ်လွတ်လပ်လပ်စကားပြောဆိုရန် အပြင်သို့ ထွက်ခိုင်းလိုက်၏။

ဦးစွာပထမ သာကြောင်းမာကြောင်း တိုင်းရေးပြည်ရေးများ ဟိုရောက်သည်ရောက် ပြောဆိုလျက် စကားအရှိန်အတော်ရလာမှ ...

"ကိုင်း ... ထူးခြားတဲ့သတင်းစကားဆိုတာ ဘာများပါလိမ့်"

"ဘုရင်မ အမျက်တော်ရှမှာကိုတော့ စိုးကြောက်လွန်းပါတယ်"

"ဘာကိစ္စများမို့လို့တုံး အရှင်လေးရဲ့"

သူ ... တုံ့ချည်ချချည် စဉ်းစားနေသေး၏။ အတန်ကြာမှ ...

"ကိုယ် ... သခင်မကို လက်ထပ်ပါရစေ"

"ဘယ်လို"

ဘုရင်မ တော်တော်အံ့ဩသွားပုံပေါ်ပါသည်။ ထင်မှတ်မထားသော စကားတစ်ခွန်းကို ကြားလိုက်ရသောအသွင်ကိုလည်း ဆောင်ပါသည်။

"ရှင် ... ကျွန်မကို လက်ထပ်မယ် ... ဟုတ်လား။ ရယ်စရာပြောနေတာလား အရှင်ရန်ရှမိဆီရယ်"

"ကိုယ် ဒီစကားကို လေးလေးနက်နက်ထား ပြောတာပါ ဘုရင်မ။ ကိုယ် ဘုရင်မကို စ၍တွေ့ကတည်းက မြင်မြင်ချင်း မေတ္တာစစ်၊ မေတ္တာမှန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့သူပါ၊ ပြောရရင် မြတ်မြတ်နိုးနိုးချစ်ခဲ့သူပါ၊ ဒါကြောင့်လည်း မတတ်သာတဲ့အဆုံး ဒီစကားကို ဖွင့်ပြောရတာပါ၊ တိုင်းရေးပြည်ရေးနဲ့ ဘာမှ မသက်ဆိုင်ပါဘူး၊ ဘုရင်မဆီက လက်ထပ်ခွင့်သာ ရခဲ့မယ်ဆိုရင် ကိုယ့်တိုင်းပြည်တစ်ခုလုံးကိုတောင် စွန့်လွှတ်ရဲသူပါ''

''ရှင်ဟာလေ အရမ်းစိတ်ကူးယဉ်တတ်တာပဲနော်''

''ဘုရင်မ ကျွန်တော့်ကို လှောင်ပြောင်နေတာလား''

''လှောင်ပြောင်တာ မဟုတ်ပါဘူး အရှင်ရန်ရမ်ဆီရယ်၊ လက်တွေ့ဘဝဆိုတာ ဘယ်တော့မှ စိတ်ကူးယဉ်လို့ရနိုင်ကောင်းတဲ့ အရာမျိုးမှ မဟုတ်တာ၊ လက်ရှိအနေအထားမှာ ရှင်ရော၊ ကျွန်မရော တိုင်းပြည်ကို အုပ်ချုပ်နေရတာ၊ ရှင့်ဘက်ကတော့ အင်အားကြီးပေါ့လေ၊ ကျွန်မကသာ နိုင်ငံငယ်လေးပါ၊ ဒီတော့ တကယ်လို့သာ လက်ထပ်လိုက်ရင် ဘာတွေဖြစ်ကုန်မလဲ''

''ဘာတွေပဲဖြစ်ဖြစ် ကိုယ်ဂရုမစိုက်ဘူး''

ဘုရင်ရန်ရမ်ဆီ၏မျက်နှာမှာ တဖြည်းဖြည်း ခက်ထန်မာကျောလာ၏။

ဘယ်အခါမြဲဖြစ်စေ အမြဲတမ်း 'မရနိုင်' ဟူသောစကား သူ့အပါးတွင် တစ်ခါမျှ မရှိခဲ့ဖူးလေသည်မို့ လွယ်လွယ်နှင့်တော့ အလျှော့ပေးမည့်ပုံ မပေါ်ပါ။

''အရှင်က ဂရုမစိုက်ပေမယ့် ...''

ဘုရင်မစကားက ထိုနေရာတွင်ပင် ရပ်တန့်သွားသည်။ ထို့နောက် တစ်စုံတစ်ရာကိုလည်း လေးလေးနက်နက် စဉ်းစားနေပုံပေါ်ပါသည်။ နောက်မှ ...

''ကျွန်မ ... အရှင့်ကို ဘယ်တော့မှ ချစ်လာနိုင်မှာ မဟုတ်သလို ဘယ်တော့မှလည်း လက်ထပ်မှာမဟုတ်ပါဘူး''

''ဘာ''





သူ့မျက်လုံးတွေ ပြာဝေသွားသည်။ ထိုမျှအထိ ရဲရဲပြတ်ပြတ် ပြောလာလိမ့်မည်ဟု ထင်မထား။ အရှက်တရားက ဦးနှောက်ဆီသို့ ပို့လွှတ်လိုက်၏။ အသားတွေ တဆတ်ဆတ်တုန်ယင်လာသည်။

''အခု ... သခင်မပြောနေတာတွေဟာ တကယ်ပဲလား''

''ကျွန်မ အကြောင်းအရာတစ်ခုကို နှစ်မျိုးမပြောတတ်ဘူး''

''ဒါဆိုလည်း ကိုယ့်ဘက်က လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ပဲ ရှိတော့တာပေါ့''

''အရှင့်ရဲ့ စကားအဓိပ္ပာယ်က ...''

''ရှင်းပါတယ်၊ ကိုယ့်ရဲ့အချစ်ကို လက်မခံနိုင်တဲ့အတွက် မရ အရယူနိုင်တဲ့နည်းတစ်နည်းကတော့ စစ်ခင်းယူဖို့ပဲ ရှိတော့တာလေ''

''ဘာရယ်''

ဘုရင်မ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားရ၏။

❒ ❒ ❒



www.burmeseclassic.com



www.burmeseclassic.com

မြေးထွန့်ဆိုက်ကို

ထန်းပင်စုစခန်းတွင် ဘူးအုပ်ကို ချထားပေးခဲ့ပြီးနောက် ကားမှာ ဆက်လက်ထွက်ခွာသွားလေသည်။

နေ့လယ်ခင်းဆီက ဖွင့်ထားပုံရသော ဆိုင်လေးတချို့မှာ ယခုတော့ ပိတ်သိမ်းသွားလေပြီ။

ဆိုက်ကားမရှိတော့။

လူနေအိမ်တချို့မှ မီးရောင်မှိန်မှိန်လက်လက်ကို မြင်တွေ့နေရသေး၏။

ရွှေနဖားသို့သွားသော မြေနီလမ်းလေးအတိုင်း သူလျှောက်လာခဲ့သည်။ ပဆန်းရက်မို့ ကောင်းကင်တွင် လမှာ ပြည့်ပြည့်စက်စက်နှင့် ထိန်ထိန်သာနေဆဲ။

''ကောင်သေးတယ် . . . လက်နှိပ်ဓာတ်မီး ပါမလာတာနဲ့''

ထန်းပင်စုစခန်းမှာ ယခင်က ထွန်စက်များထားရာနေရာ ဖြစ်ခဲ့သော်လည်း ယခုတော့ မရှိတော့ပါ။

သစ်သားအဆောင်များတော့ ရှိနေပါသေးသည်။

သူ . . . လူနေအိမ်ကျဲကျဲပါးပါးကို ဖြတ်လာခဲ့၏။

ရဲရင့်ဇော်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွာစွန်ကိုရောက်တော့ အိမ်လိုလို၊ ဆိုင်ခန်းလိုလို တစ်ခုထဲတွင် ဖယောင်းတိုင်မီးနှင့်အတူ လူတချို့ စကားပြောနေသံကို ကြားရ၏။

''ဘာပါလိမ့်''

ထူးအုပ် ခြေလှမ်းကို တုံ့ခနဲရပ်လိုက်ပြီး အနားသို့ကပ်သွားကာ လိုက်ကာချထားသော ပြတင်းပေါက်လေးဆီမှ အတွင်းသို့ ချောင်းကြည့်လိုက်၏။

အလင်းရောင်က သိပ်အားမကောင်းလှပါ။

စားပွဲဝိုင်း သုံးဝိုင်းသာရှိပြီး တစ်ဝိုင်း၌ လူနှစ်ယောက်ရှိပြီး မျက်နှာချင်းဆိုင်တွင် တစ်ယောက်တည်း အရက်ထိုင်သောက်နေသူ။

ဝါးခြမ်းနှင့်ပြုလုပ်ထားသောကောင်တာတွင် မိန်းမကြီးတစ်ယောက်မှာ ငိုက်မျဉ်းလျက် ရှိ၏။

''ဒါ အရက်ဆိုင်ပါလား . . . အတော်ပဲ''

သူ နည်းနည်းတော့ ပျော်သွားသည်။ အရက်ကြိုက်တတ်သူမို့ အရက်လေး လုံလုံလောက်လောက် ရှိနေလျှင် စိတ်ချမ်းသာသည်ပဲလေ။ လမ်းတွင်ဝယ်လာသော အရက်မှာလည်း လက်ကျန် သိပ်မရှိချင်တော့၊ တံခါးက ပိတ်ထားလေသည်မို့ . . .

''ဗျို့ . . . ဆိုင်ရှင်တို့ . . . ဆိုင်ရှင်တို့''

''ဘယ်သူလဲဟေ့''

အတွင်းမှ ယောကျ်ားတစ်ယောက်၏အသံ။

''ကျွန်တော် ခရီးသွားတစ်ယောက်ပါ။ အရက်လေး နည်းနည်းပါးပါးလောက် မှီဝဲချင်လို့ပါ''

''မိုးချုပ်ပြီဗျ''

''သိပ်အကြာကြီး မထိုင်ပါဘူး . . . စိတ်ချပါ''

အတွင်းမှလူက ကျွတ်တစ်ချက် စုတ်သပ်လျက် တံခါးဆီသို့ လျှောက်လာ၏။





ထို့နောက် . . . အတွင်းသို့ဝင်နိုင်ရန် တံခါးရွက်ကို ခပ်ဟဟလေး ဖွင့်ပေးသည်။

''ကိုင်း . . . ဝင် . . . ဝင်''

သူ . . . ဆိုင်အတွင်းသို့ ဝင်လိုက်သောအခါ ညှီစို့စို့ ပုပ်အက်အက်အနံ့အသက်တစ်ချက် ရလိုက်၏။ သို့သော် . . . အရက်ဝယ်လိုစိတ်က မင်းမူနေသောကြောင့် ထိုအနံ့ကို ဂရုမစိုက်နိုင်အားပါ။

''ဒေါ်လေး . . . ဒေါ်လေး''

အိပ်ငိုက်နေသူ လူးလူးလွန့်လွန့် နိုးလာပြီး ပါးစပ်မှ စီးကျလာသော သွားပုပ်ရည်များကို လက်ဖြင့် ပွတ်သုတ်လိုက်ပြီး . . .

''ဒါ . . . ဘာလဲ . . . ပြော''

သမ်းဝေလိုက်ပုံများက ပါးစပ်ကို အကျယ်ကြီး ဖွင့်လိုက်သော်လည်း မျက်လုံးများက သိပ်မပွင့်ချင်။ တော်တော် အအိပ်မက်မယ့် မိန်းမကြီးပဲလို့ စိတ်ထဲမှ ထင်လိုက်၏။

''ခဏိ တစ်လုံးလောက်ပေးဗျာ''

''ဘာသောက်မှာလဲ''

''ဖေယျဝတီရမလား''

ထိုမိန်းမကြီး ဆက်မမေးတော့၊ အရက်ပုလင်းကို သေးမှ စမ်းကာ လှမ်းယူလိုက်ပြီး . . .

''ရော့''

''ဘယ်လောက်လဲ''

''ခြောက်ရာ''

သူငွေထုတ်ပေးတော့ ရေပင်မရေ၊ ဘုတ်ခနဲ အံဆွဲထဲ ပစ်ထည့်လိုက်ပြီး ပြန်လည်ငိုက်မျဉ်းသွားပြန်လေ၏။

အနီးအနားတွင် ကြည့်တော့လည်း ဘာအမြည်းမှမရှိ။

ထို့ကြောင့် ခွက်လွတ်တစ်လုံးယူကာ တစ်ယောက်တည်း ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသူထံလျှောက်လာပြီး ...

"ဒီမှာ ခဏထိုင်မယ်နော်"

ထိုသူက စကားပင်ပြန်မပြော။ ခေါင်းညိတ်လျက် ရေထည့်ထားသော ကော်ကရားဘူးနှင့် ကော်ခွက်လွတ်ကို ရှေ့သို့ တိုးပေး၏။

သူ့ရှေ့မှလူမှာ ရုပ်ရည်ကြမ်းတမ်းလွန်လှပြီး တစ်ကိုယ်လုံးတွင် ဆေးမင်ကြောင်များ ထိုးထားသည်။ အသားမည်းမည်း။ ဗလတောင့်တောင့်။ အရက်သောက်ထားသောကြောင့် မျက်ထောက်တွေက နီကြင်ကြင်။ အနည်းငယ်အေးသော်လည်း အပေါ်ပိုင်းတွင် အဝတ်အစားဝတ်ဆင်ထားခြင်းမရှိ။

ထူးအုပ် အနားမှ လူနှစ်ယောက်ကို မသိမသာ အကဲခတ်လိုက်ပြန်သည်။ အမျိုးအစားအားဖြင့် သိပ်မကွာ။ အသားညိုညိုတွေပင်ဖြစ်သည်။ တစ်ယောက်က ရှုနာရှုံ့ကျုံ့ကန်းပုံစံ၊ ပိန်ပိန်ပါးပါး ရောဂါသည်ဖြစ်ပုံရသည်။ အရက်သောက်ရာတွင်တော့ လောဘကြီးမည့်သဘောဆောင်သည်၊ နောက်တစ်ယောက်က မျက်လုံးပြူးပြူး။ နှုတ်ခမ်းထော်ထော်သွားခေါခေါနှင့် ...

"ခင်ဗျား ... အမြည်းမရှိဘူးမို့လား"

"ဪ ... အဲ ... ဟုတ်တယ်၊ ဒီမှာ ဘာမှမရနိုင်တော့ဘူးလား"

"ဒီဆိုင်က အရက်သာရောင်းတာ၊ အမြည်းရောင်းတာ မဟုတ်ဘူး"

"တစ်ခုခုတော့ ထားသင့်တာပေါ့"

"အမြည်းက ပေါနေတော့ ဘယ်သူမှ သူ့ဆိုင်ကဟာကို ဝယ်မစားကြဘူးလေ၊ အဲဒါကြောင့် မရောင်းတာ"

သူက ခွက်ထဲသို့ အရင်ငှဲ့လိုက်သည်။ တစ်ခွက်လောက်သာ သောက်ဖို့ စိတ်ကူးထားသည်။ ခရီးဆက်ရဦးမည် မဟုတ်လား။





"ရော့ ... ဒါလေးတော့ မြည်းလို့ရတယ်"

သွားခေါခေါလူ လှမ်းပေးသောအရာကို သူလှမ်းယူဖြစ်၏။ ကျွတ်ကျွတ်အိတ်အပိုင်းလေးပေါ်တွင် ချက်ထားသော အသားနှစ်တုံး။

သူ သေသေချာချာကြည့်သည်။ ဘာမှန်းမသိ။ အရက်တစ်ငုံမော့လိုက်ပြီး အသားတစ်ဖတ်ကို ကောက်ဝါးကြည့်တော့ ဘယ်လိုအရသာကြီးမှန်းမသိ။ ပျော့ရွှတ်ရွှတ်၊ မွှယ်တယ်တယ်။

"ဒါ ... ဘာအသားလဲဗျ"

သူ ... မနေနိုင်မထိုင်နိုင် မေးမိတော့သည်။

"ကိုယ့်လူက ဒါတောင် မသိဘဲကိုး"

"တကယ် မသိတာပါဗျ ... နောက်တာ မဟုတ်ပါဘူး"

ရှုနာရှုံ့ကျုံ့ကန်းလူက ရယ်ကျဲကျဲလေးတစ်ချက်လုပ်လိုက်ပြီး ...

"အဲ့ ... မိချောင်းသားလေ"

"ခင်ဗျာ"

ထူးအုပ် တော်တော်ကြောင်သွားသည်။ ပြီးတော့ ချက်ချင်းထိုးအန်ချင်စိတ်လည်း ပေါ်လာခဲ့သည်။ ပေါက်ပေါက်ရှာရှာ မိချောင်းသားတဲ့။

"ခင်ဗျားတို့ ဘယ်ကရလာတာလဲဗျာ"

"ကြိုက်ရင်စား၊ မကြိုက်ရင် ချန်ထားခဲ့ ကိုယ့်လူ၊ ဘယ်... ရတာ၊ ဘယ်ဝါက ရတာရယ်လို့တော့ စစ်စစ်ပေါက်ပေါက် မေးမနေနဲ့၊ ကျုပ်တို့ ခင်ဗျားကို လိုက်ရှင်းမပြနိုင်ဘူး"

သူ ... ဘာမှဆက်မပြောလိုတော့။ စကားပြောပုံဆိုပုံက နည်းနည်းစိတ်မရှည်ချင်ပုံ ပေါ်သည်။

ထို့ကြောင့် အသားလေး ငြိမ်နေစိုက် ...

"ရော့လေဗျာ ... လျှက်အားနဲ့ မြည်းတတ်တယ် မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ မြည်းတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှလူက စက္ကူစုတ်တစ်ရွက်ဖြင့် ထည့်ထားသော လျှက်ဆားကို သူ့ရှေ့ ထိုးပေးသည်။

သူ တစ်တို့လျှက်လျှက် ဆေးလိပ်မီးညှိဖွာရှိုက်နေလိုက်၏။

''ဘယ်သွားမှာလဲ''

''ရွှေနဖားကို''

''ဩော် . . . ဒီနားတင်ပါပဲ၊ လမ်းလျှောက်ရင် တစ်နာရီသာသာလောက်ဆို ရောက်ပြီပဲ''

''သွားနေကျတော့ မဟုတ်ဘူးဗျ''

''လသာနေတာပဲ၊ အရိုန်လေးနဲ့ လမ်းလျှောက်သွားရင်း ခဏပဲကြာမှာဥစ္စာ''

''ကျွန်တော်က ဧည့်သည်၊ သူငယ်ချင်းဆီကိုသွားမှာ''

''ရဲလှဆီသွားမှာ မဟုတ်လား''

သွားခေါ်ခေါ်နှင့် လူက လှမ်းမေးခြင်းဖြစ်သည်။

''အာ . . . ဟုတ်တယ်ဗျာ၊ ဒါနဲ့ ခင်ဗျားက ဘာလို့ ကျွန်တော် ရဲလှဆီ သွားမယ်ဆိုတာ သိနေရတာလဲ''

''ခင်ဗျား စောစောပိုင်းက ခဏရောက်ဖူးနေတာပဲ''

''ဟုတ်တယ် . . . ဟုတ်တယ် . . . အရင် ကျွန်တော် တစ်ခေါက်ရောက်ဖူးသေးတယ်''

''ခင်ဗျား . . . လိုက်ချင်တယ်ဆိုရင်တော့ မြင်းလှည်းကြုံ ရှိတယ်''

''ရွှေနဖားကိုလား''

''အဲဒီရွာကိုဖြတ်မှာ''

''ဒါဆို ကောင်းတာပေါ့ဗျာ''

''ခင်ဗျားလိုက်ချင်ရင်တော့ နောက်ထပ် တစ်နာရီကျော်ကျော်လောက် စောင့်ရလိမ့်မယ်၊ ကျုပ်မြင်းလှည်းကို တစ်ယောက် ခဏယူသွားလို့''





''ဟာ . . . ဖြစ်တယ် ဖြစ်တယ်၊ မြင်းလှည်းနဲ့ဆိုတော့ ပိုအဆင်ပြေသွားတာပေါ့၊ ပြီးတော့ အဖော်လည်းရ၊ စကားစမြည်လည်း ပြောရဆိုရတာပေါ့''

ထို့နောက် သူ အရက်ဆက်သောက်နေလိုက်၏။

ရှေ့မှလူနှင့် စကားစမြည်ပြောကာ အချိန်ဖြုန်းနေလိုက်သည်။ ထိုအတောအတွင်း ထိုလူနှစ်ယောက်မှာလည်း သူတို့ဘာသာ စကားတွေ ဖောင်ဖွဲ့နေကြပြန်၏။

အရက်အရှိန်နှင့်ဆိုတော့ တစ်နာရီကျော်ကျော်ဆိုသောအချိန်မှာ ဘာမျှမကြာလိုက်။ မြင်းခွာသံနှင့်ခြူသံကြားရပြီး ဆိုင်နှင့်မလှမ်းမကမ်းတွင် ရပ်တန့်သွား၏။

သွားခေါ်ခေါ်နှင့်လူက ဆိုင်ရှေ့သို့ထွက်သွားပြီး တစ်ခုခု သွားပြုလုပ်ပုံရသည်။ နောက် . . . ပြန်ဝင်လာပြီး . . .

''ဟေ့လူ . . . ခင်ဗျားလိုက်မှာဆို . . . သွားကြမယ်''

''ကောင်းပြီ ကောင်းပြီ''

ထူးအုပ် ကျောပိုးအိတ်ကိုလွယ်လျက် ဆိုင်ပြင်သို့ ထွက်လာခဲ့သည်။

ဆိုင်ပြင်ရောက်တော့ သူနှင့် ကိုခေါ် နှစ်ယောက်တည်း။

''စောစောက မြင်းလှည်းမောင်းလာတဲ့လူရော''

''သူ့ကိစ္စ ပြီးသွားပြီပဲ ပြန်တော့မှာပေါ့၊ ကိုယ့်လူက တော်တော် စပ်စုတတ်တာပဲနော်''

''ဒီလိုလည်း မဟုတ်ရပါဘူး နောင်ကြီးရာ''

သူတို့ မြင်းလှည်းပေါ်ရောက်သည်နှင့် စတင်ထွက်ခွာလေတော့၏။

လ,လေးက သာသာ။ မြင်းခွာသံလေးက တခွပ်ခွပ်။ လေလေးက တပြူးပြူး။ တကယ့်ကို ဖိမ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



''ဒါနဲ့ စကားမစပ် အခုသွားမယ့်လမ်းမှာ ဝဋ်ကြွေးပြေဘုရားဆိုတာ ရှိတယ်မဟုတ်လား''

''ဘာကိစ္စလဲ''

''အဲဒီနားမှာ ကျွတ်ကုန်းဆိုတဲ့နေရာကို ကြားဖူးလား''

''ခင်ဗျားပြောတာတွေ ကျုပ် တစ်ခုမှမသိဘူး''

နဂိုကတည်းက ဘုဆတ်ဆတ် စကားပြောမချေမင်နှင့်မို့ ဘာပြောပြော ထော်လော်ကန့်လန့်နိုင်နေဦးမည်သာ ဖြစ်၏။

ထို့ကြောင့် သူ စကားဆက်မပြောဖို့ အတော်လေး သတိထားရပြန်၏။

သည်လိုနှင့် နည်းနည်းလေး ခရီးပေါက်လာသောအခါ လမ်းရှေ့တော်တော်လှမ်းလှမ်းတွင် လူရိပ်သဏ္ဍာန်တစ်ခုကိုတွေ့လိုက်ရ၏။

အနားသို့ရောက်သောအခါ တောင်းကိုရွက်ထားသည့် မိန်းမပျိုဖြစ်နေကြောင်း သိလိုက်ရ၏။ ကိုခေါက မြင်းလှည်းကို ဇက်သတ်လိုက်ပြီး . . .

''ဟဲ့ ကောင်မလေး . . . မိုးချုပ်လုချည့်လား''

''ဟုတ်တယ် ဦးလေးခေါစိန်ရေ . . . ဒီနေ့ ရောင်းလို့ဝယ်လို့ မကောင်းတာနဲ့''

''လာ . . . မြင်းလှည်းပေါ်တက်''

''ညှို့သည်ပါသေးတာပဲ''

''ညှို့သည်က လမ်းကြုံစီးလာတာ၊ ပိုက်ဆံတောင်းထားတဲ့ ပါစင်ဂျယ်မဟုတ်ဘူး။ လာ . . . စကားကြောရှည်မနေနဲ့၊ တက်မှာသာတက်''

သူမ ဘာမှမပြောတော့။ မြင်းလှည်းပေါ် အသာတက်လိုက်သည်။ မြင်းလှည်းအမိုးနှင့်မို့ အမှောင်ရိပ်ကျကာ မျက်နှာကို သေသေချာချာ မမြင်ရ။ သည်ကြားထဲ တဘက်ကြမ်းတစ်ထည်နှင့် ခေါင်းကို





ပေါင်းထားလိုက်သေးသည်။ အဝတ်စားမှာတော့ . . . ခပ်ရိုးရိုးလေးပင်။

မြင်းလှည်းဆက်လက်ထွက်ခွာသွားချိန်တွင် သုံးယောက်စလုံး ဘာစကားမှမပြောဖြစ်ကြ။ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်ပင်။

သူ . . . ပတ်ဝန်းကျင်သို့ အကြောင်းမဲ့သက်သက် ဝေ့ဝဲကြည့်လိုက်စဉ် . . . ခပ်ဝေးဝေးမှ စေတီလေးတစ်ဆူကို လှမ်းမြင်နေရ၏။

ဟုတ်ပြီ . . .၊ ဒါ ဝဋ်ကြွေးပြေဘုရားပဲ ဖြစ်ရမည်။

ထိုစဉ်အခိုက် မြင်းလှည်းမောင်းသူက ရုတ်တရက်ဆိုသလို . . .

''ဒီမှာ ခဏလေးစောင့်နေကြဦးဟေ့ . . . ငါ အိမ်သာသွားတက်လိုက်ဦးမယ်''

''ဟွန်း . . . ဦးလေးခေါစိန်ကတော့ အရေးထဲမှာ လုပ်ပြီ''

''ဗိုက်ထဲကကိစ္စ ကိုယ်တားဆီးလို့ရတာမျိုးမှ မဟုတ်တာဟ''

ကိုခေါစိန် မြင်းလှည်းအောက်သို့ ဖျတ်ခနဲခုန်ဆင်းလိုက်ပြီး ချုံပုတ်ကြားထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

သူနှင့်အမျိုးသမီးမှာသာ ငုတ်တုတ်။

ထို့ကြောင့် သူ မကောင်းတတ်သဖြင့် မြင်းလှည်းပေါ်မှ ဆင်းလိုက်၏။

အရက်ရှိန်က နည်းနည်းပြေသွားသည်မို့ ကယောင်ကတမ်း ဟိုဟာလုပ်ရကောင်းနိုးနိုး၊ သည်ဟာ လုပ်ရကောင်းနိုးနိုးရှိနေစဉ် . . .

''ရှင် အရက်သိပ်သောက်ချင်နေတယ်မို့လား။ ကျွန်မကို အားမနာပါနဲ့ . . . သောက်ပါ၊ အိတ်ထဲမှာ ပါလာတယ်မဟုတ်လား''

သူ . . . မြင်းလှည်းပေါ်မှ အမျိုးသမီးကို လှမ်းကြည့်ကာ ဟစ်ချက်ပြုံးလိုက်မိ၏။

ကြည့်စမ်း . . . သူ့စိတ်အကြံအစည်တွေကို တိုက်ရိုက်ကြည့်နေပါရောလား။

အင်းပေါ့လေ . . . သူ့ဆီက အရက်နံ့ရနေသောကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပါလိမ့်မည်။

သူ ဘာမှ စောဒကတက်မနေတော့ဘဲ အိတ်အတွင်းမှ အရက်ပုလင်းကိုထုတ်ကာ ရေမပါ အမြည်းမပါ မော့တော့၏။

သည်တော့မှ နေရကိုင်ရတာ ပို၍လန်းဆန်းလာသည်။ သွေးကလည်း နည်းနည်းပူနွေးသွားသလို ...

"ရှင့်မှာ အမြည်းမရှိဘူးမို့လား ... ရော့"

သူမက ဆီးထုပ်ကစ်ထုပ် ကမ်းပေးလာသည်။ သူ ဟန့်မဆောင်နိုင်တော့ဘဲ ...

"ကျေးဇူးပဲဗျာ"

သူ ... နောက်တစ်ငုံစာ ထပ်မော့ကာ ဆီးယိုထုပ်ကိုဖောက်ကာ မြည်းလိုက်၏။ အမျိုးသမီးက မြည်းလှည်းပေါ်မှ ဆင်းလိုက်ကာ သူ့အနီးတွင် လာရပ်သည်။

ခေါင်းဆောင်းထားသော တဘက်ကို ဖြည်ချလိုက်သောကြောင့် ဆံပင်တို့မှာ ဖားလျားကျလာ၏။

လရောင်အားကောင်းသောကြောင့် ထိုအမျိုးသမီးကို တိတိပပမြင်လိုက်ရစဉ် ...

"ဟင် ... မင်း ... မင်း"

ဟုတ်သည်။ ခင်ခင်ထားမှ ခင်ခင်ထားအစစ်။

ဘယ်လိုမှ ရေမပျော။ ပြဿနာက ယခုထိတောင် လိုက်ပါလာခဲ့လေပြီ။

"ရှင့်ကို သတိပေးချင်တာက ကျွန်မကိုကြောက်ဖို့လန့်ဖို့ မလိုဘူးဆိုတာပဲ"

"ဒီအထိတောင် မင်း ငါ့ကိုလာနှောင့်ယှက်ရသလား"

"ရှင်းအနေနဲ့ နှောင့်ယှက်တယ်ထင်ရင်တော့ မှားမှာပေါ့။ တကယ်တော့ ကျွန်မဟာ ရှင့်ကို ပေးဆပ်စရာ ဝဋ်ကြွေးတွေရှိနေသေးတယ်လေ၊





ဒါတွေ ရှင်မသိသေးပါဘူး"

"ဘာဝဋ်ကြွေးလဲ ... အဲဒါတွေ ငါ ဘာမှမသိဘူး၊ မင်းနဲ့ငါလည်း ဘာမှပတ်သက်တာ မဟုတ်ဘူး"

"ဘာလို့မပတ်သက်ရမှာလဲ ကိုထူးအုပ်ရယ်၊ သိပ်ကို ပတ်သက်ခဲ့တာပေါ့၊ ဟိုး ... လွန်ခဲ့တဲ့ဘဝတစ်ခုမှာ ရှင်နဲ့ကျွန်မဟာ သိပ်ကိုချစ်ကြတဲ့ချစ်သူတွေလေ၊ အို ... သိပ်ချစ်တယ်လို့ဆိုတာထက် ကျွန်မက ရှင့်ကို တစ်ဖက်သတ် အုံ့ဩလောက်အောင် ချစ်ခဲ့ရသူလေ၊ သီအန္နကျောက်တောင်တွေဆီက သချိုင်းဂူတွေမှာ ကျွန်မတို့ရဲ့ အချစ်ဇာတ်လမ်းလေး ပြီးဆုံးသွားခဲ့တာလေ၊ အဲဒီဘဝတုန်းက ရှင်ဟာ ဗိသုကာပညာရှင်အကျော်အမော် ဖာဟီဟာဝပ်စ်ဖြစ်ပြီး ကျွန်မက ဘုရင်မ ဟက်ရှက်ပ်ဆွတ်ဆိုသူပေါ့"

သူ တစ်ခါက မက်ခဲ့သော အိပ်မက်ကို ပြန်သတိရလိုက်သည်။ ယခု ခင်ခင်ထားပြောတာနှင့် ပုံစံချင်းက တော်တော်တူသည်။ နေရာကအီဂျစ်ပြည်လိုနေရာမျိုး။ ပိရမစ်တွေရှိသည်။ လက်ရာမြောက် ဂူသချိုင်းတွေရှိသည်။ ခင်ခင်ထားနှင့် ဘုရင်မရုပ်တုရှိသည်။ ထိုအရာသည်ကပင် ခင်ခင်ထား၏ပြောဆိုမှုများ အထိုက်အလျောက် ဖြစ်နိုင်ခြေရှိကြောင်း သံသယဖြစ်လာ၏။

"အခု ... မင်းဟာ ဝိညာဉ်ဖြစ်နေပြီ မဟုတ်လား"

"အဲ့ဒါတွေ ရှင်နဲ့မဆိုင်ပါဘူး။ အခု ရှင် ကျွန်မကို မျက်စိနဲ့ တပ်အပ်မြင်နိုင်တယ်၊ စကားပြောနိုင်တယ်၊ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးနိုင်တယ်၊ ဒါဆို တော်လောက်ပြီလေ"

"မင်းနဲ့ငါ စကားပြောနိုင်ပေမယ့် မင်းနဲ့ငါ ပြောရမယ့်စကားကတော့ မယ်မယ်ရရ ရှိမယ်မထင်ဘူး"

သူက အရက်တစ်ငုံကို ထပ်မော့ပြန်သည်။

ကြောက်စိတ် လန့်စိတ်တော့ မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

သူမက မျက်စောင်းတစ်ချက်ကို လှလှပပ ထိုးလိုက်ပြီး . . .

''အို . . . ဘာလို့မရှိရမှာလဲ၊ ပြောစရာတွေက အများကြီး။ ရှင်နဲ့ ကျွန်မ ချစ်ခဲ့ကြတဲ့ဘဝလေးတစ်ခုအကြောင်းနဲ့တင် ပြောလို့မကုန်နိုင်ပါဘူးနော်''

သူတို့အကြောင်းကိုတော့ နည်းနည်းသိချင်နေသည်။ ထိုစဉ် ဘဝက ဘာတွေဖြစ်ခဲ့ပါသလဲ။ ရဲလူနှင့်တူသော ဟိုရှင်းဘုရင်ကရော ဘယ်လိုတွေဖြစ်ကုန်ပါသလဲ။

''ကျွန်မတို့ ဝင်္ကြေးပြေဘုရားဘက်မှာသွားပြီး စကားပြောကြရအောင်''

''ဘယ်ဖြစ်မလဲ . . . မြင်းလှည်းဆရာ ပြန်လာတော့မှာ''

''ရှင်က ကိုခေါ်စိန်ကို အိမ်သာတက်မယ်လို့ထင်လား၊ သူ ညာသွားတာရှင့်၊ ရှင့်ရှေ့မှာမို့ အဲဒီလိုပြောသွားတာ၊ ကျွန်မက အကြောင်းသိ၊ ဒီနားမှာ သူ့မယားငယ်ရှိတယ်၊ အဲဒါ သွားတော့တာ၊ ဒါကြောင့်မို့ တော်တော်နဲ့ပြန်လာမှာ မဟုတ်ဘူးလို့ ပြောတာရှင့်''


''ဟူး . . . ဘာတွေလဲကွာ''

''ကဲပါ . . . သွားကြပါစို့''

ခင်ခင်ထားက ဖော်ဖော်ရွှေရွှေနှင့် အတင်းခေါ်နေသည်မို့ . . . နောက်ဆုံး မတတ်သာတော့ဘဲ ဘုရားဘက်သို့ လျှောက်ခဲ့လေသည်။

□ □ □




www.burmeseclassic.com

www.burmeseclassic.com

## ဘုရင်မသချိုင်းဆီမှ လမင်းနှစ်စင်း

လကပြည့်ပြည့်စက်စက်ကြီးကို သာနေသည်။

ရှင်းပြောင်သော ကုန်းလေးတစ်နေရာတွင် ထူးအုပ်နှင့် ခင်ခင်ထားတို့နှစ်ယောက် ထိုင်နေကြသည်။

''ဘုရင်လေး ရန်ရမိဆီက ကျွန်မကို လက်ထပ်ချင်ပါတယ်လို့ ခွင့်တောင်းလာတဲ့အချိန်မှာ ကျွန်မဟာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ကြီးချပြီးတဲ့အချိန် ဖြစ်နေပါပြီ၊ အဲဒါ ဘာလဲဆိုတော့ ကျွန်မရဲ့ တစ်သက်တာမှာ ဗိသုကာပညာရှင်ဖြစ်တဲ့ ရှင်ကလွဲရင် ဘယ်သူနဲ့မှ အတူတူမနေနိုင်တော့ဘူးဆိုတာပါပဲ''

''ဘုရင်လေး ရန်ရမိဆီဆိုတာ ခုဘဝမှာရော ရှိလား''

''သိပ်ရှိတာပေါ့ ... အဲဒါ အခု ရှင်သွားမယ့်ရဲလူဆိုတဲ့ကောင်ပဲလေ''

''ထင်တော့ ထင်သားပဲ''

''ဘာထင်တာလဲ''

''တစ်ခါက မက်တဲ့အိပ်မက်တစ်ခုကြောင့်ပါ၊ ကဲပါ ... ထားပါ၊ စောစောကဇာတ်လမ်းကိုပဲ ဆက်ပြောပါဦး''





''ကောင်းပြီလေ ... ဒါဆိုလည်း ကျွန်မ ဆက်ပြောပါ့မယ်၊ အဲဒီအချိန်တုန်းက ရှင်နဲ့ကျွန်မအခြေအနေဟာ အများတကာထင်သလို အချစ်ဇာတ်လမ်းခင်းနေတဲ့အဖြစ် မဟုတ်သေးပါဘူး၊ ကျွန်မကသာ ရှင့်ကို တစ်ဖက်သတ်အချစ်ကြီးချစ်နေတဲ့ မိန်းမတစ်ယောက်လေ၊ ရှင့်မှာက အရင်ကတည်းက သိပ်ချစ်တဲ့မိန်းမတစ်ယောက် ရှိနေခဲ့ဘဲကြောင့်ပါ၊ ဟိုဘဝတုန်းကတော့ သူ့နာမည်က ဆိုလီမာတဲ့၊ တောင်ပိုင်းဒေသက မြို့တော်ဝန်ရဲ့သမီးပေါ့ရှင်၊ သူတို့နှစ်ယောက်က လက်ထပ်ဖို့အထိ ဆုံးဖြတ်ထားပြီးသားပါ ...၊

ဒါကိုလည်း ကျွန်မ့သိရော ... ပေါက်ကွဲတော့တာပါပဲ၊ ဘယ်အရာမဆို ကျွန်မဟာ မရအရယူတတ်တဲ့ မိန်းမတစ်ယောက်ဆိုတော့ ရှင့်ကိုမှ မပိုင်ဆိုင်ရရင် မဖြစ်တော့ဘူးဆိုတဲ့ အသိတရားက ခေါင်းထဲမှာ ထည့်ထားခဲ့တယ်၊ ကျွန်မအတွက် ရှင့်ကို ပိုင်ဆိုင်ရဖို့ဆိုတာ ဘာခက်တာမှတ်လို့၊ ကျွန်မဟာ ဂမ္ဘီရပညာကို တတ်ကျွမ်းခဲ့သလို မှော်အတတ်ပညာကိုလည်း တတ်မြောက်ခဲ့သူတစ်ဦးလေ ...၊

တစ်ဖက်မှာလည်း ရန်ရမိဆီက ကျွန်မရဲ့အပြင်းအထန် ငြင်းဆန်လိုက်မှုအပေါ် ဒေါသတွေပေါက်ကွဲပြီး ကျွန်မရဲ့တိုင်းပြည်လေးကို ကျူးကျော်တိုက်ခိုက်ဖို့ ပြင်ဆင်တော့တာပါပဲ ...၊

အဲဒီမှာ ကျွန်မ တွေးစရာအချက်နှစ်ချက် ဖြစ်လာတယ်၊ တိုင်းပြည်နဲ့အချစ်ရေး ဘယ်ဟာကို ဦးစားပေးမလဲဆိုတာပဲ၊ တိုင်းပြည်ကို ဦးစားပေးမယ်ဆိုရင် ရှုံးမှန်းသိနေလျက်က ငြင်းဆန်မနေတော့ဘဲ ရန်ရမိဆီနဲ့ ရွှေလမ်းငွေလမ်းဖောက်လို့ လက်ထပ်လိုက်တာဟာ အသင့်မြတ်ဆုံးနဲ့ အကောင်းဆုံးပါပဲ၊ တိုင်းပြည်နစ်နာမှုလည်း မရှိတော့ဘူး၊ စစ်သားတွေ သေကျေမှုကလည်း ကင်းဝေးမယ် ...၊

နောက်တစ်ချက်က ရှင်နဲ့ပေါင်းဖက်မယ်ဆိုရင် ... အရာရာ ဆုံးရှုံးရမယ်၊ တိုင်းပြည်အကြိနာမယ်၊ ဆွေတော်မျိုးတော်တွေရဲ့ ကဲ့ရဲ့ပြစ်တင်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကောင်းကောင်းကြီးခံရမယ်၊ ဘယ်လိုမှ နှိုင်းယှဉ်လို့မရတဲ့ အရာတွေပါ၊ ဒါပေမဲ့ ကျွန်မက ရှင့်ကို အချစ်ကြီးချစ်နေတာဆိုတော့ ဘယ်အရာဘာတွေကိုမှ မတွေးနိုင်တော့အောင်ပါပဲ''

ထူးအုပ်က သူမစကားများကို နားထောင်ရင်း အရက်ကို ဖိမ်ဖြင့်သောက်နေလိုက်၏။ ဟုတ်တာ့မဟုတ်တာ အသာထားတော့။ နားထောင်လို့တော့ ကောင်းနေသလိုလို ...။

''ဒီတော့ ဘာဆက်ဖြစ်လဲ၊ ကျုပ်က ခင်ဗျားကိုမှ မကြိုက်တာ၊ ဘယ်လိုချစ်လာအောင် ဖန်တီးလိုက်လဲ''

သူက ပေါ့ပေါ့တန်တန်မေးလိုက်ခြင်းသာ ဖြစ်သော်လည်း ခင်ခင်ထားမှာ ထိုနေရာအရောက်တွင် မျက်နှာလေး ညှိုးငယ်သွားကာ မျက်ရည်များ ဝေ့ဝဲလာသလားဟုပင် ထင်မှတ်မှားရသည်။

ထို့နောက် ...

''စောစောက ပြောခဲ့တယ်နော်၊ ကျွန်မဟာ မှော်အတတ် တတ်မြောက်သူပါဆိုတာကို၊ ဗိသုကာပညာရှင်လေးဟာ ကျွန်မဆီမှာ အလုပ်တာဝန်တွေ ထမ်းဆောင်နေရင်းက တစ်ဖက်ကလည်း သူ့ချစ်တဲ့ ကောင်မလေးဆိုလီမာနဲ့ မကြာခဏ ချိန်းတွေ့သွားရောက်လေ့ ရှိပါတယ် ...၊

ဒါကို ကျွန်မက ကြိုတင်စုံစမ်းထားတော့ ဘယ်အချိန်တွေမှာ ဘယ်နေရာတွေမှာ ချိန်းတွေ့တတ်တယ်ဆိုတာကို ကောင်းကောင်းကြီးသိနေခဲ့တယ် ...၊

တစ်ကြိမ်မှာတော့ ရှင်နဲ့ဆိုလီမာ ချိန်းတွေ့ကြတဲ့နေရာမှာ ကျွန်မဟာ ဆိုလီမာအသွင် ပြောင်းခဲ့တာပါပဲ၊ အဲဒီအချိန်မှာ ဆိုလီမာအဖြစ်ရှင့်ကို ကောင်းကောင်းကြီး လှည့်စားနိုင်ခဲ့ပါတယ်၊ ကျွန်မဟာ ရှင့်ကို အကြီးအကျယ် ဖြားယောင်းခဲ့တယ်၊ မြူဆွယ်ခဲ့တယ်၊ အချစ်ကြီးချစ်ပြတယ်၊ ရှင်ကလည်း ကျွန်မရဲ့ဖြားယောင်းမှုတွေအောက်မှာ တအံ့တဩလိုက်ပါရင်း အမှားတွေကို ကျူးလွန်ခဲ့တာပေါ့ ...၊





အဲဒီအချိန်မှာပဲ ကျွန်မဟာ မူလအသွင်ကို ပြန်ပြောင်းလိုက်တယ်၊ ရှင် အတော်ကြီး အံ့ဩသွားပြီး ဒေါသလည်း ဖြစ်သွားတယ်၊ မထင်မှတ်တာတွေကိုး၊ ကျွန်မကတော့ ရှိသမျှ မာန့်အတ္တတွေကို ခဝါချပြီး ရှင့်ကို တောင်းပန်မှုတွေ ပြုခဲ့တယ်၊ ရင်ထဲကခံစားမှုတွေကို တင်ပြခဲ့တယ် ...၊

ရှင်ကလည်း ပြတ်ပြတ်သားသားပါပဲ ... ဆိုလီမာမဟုတ်ရင် ဘယ်တော့မှ လက်ထပ်ဖို့ စိတ်မကူးပါဘူးတဲ့၊ ဒါပေမဲ့ သူကျူးလွန်ထားတဲ့အပြစ်ဟာ သူ့ဘက်မှာရှိနေပြီပြီလေ၊ ကျွန်မက အဲဒါနဲ့ အကျပ်ကိုင်ခဲ့တယ် ပြီးတော့ ကျွန်မရဲ့ဆုံးရှုံးရမယ့်အဖြစ်တွေကို ပြောပြတယ်၊ ရှင် တော်တော်လေး တွေဝေသွားခဲ့တယ် ...၊

တိုတိုပဲ ပြောကြပါစို့ရဲ့ ... သိပ်မကြာခင်မှာ ဘုရင်ရှန်ရှမိဆီဟာ ကျွန်မတို့တိုင်းပြည်လေးကို ဝင်ရောက်သိမ်းပိုက်တော့တာပါပဲ၊ ကျွန်မက ရှင့်ကို နားဝင်အောင် ဖျောင်းဖျပြောဆိုပြီး တိုင်းပြည်လေးက ထွက်ပြေးခဲ့ကြတယ် ...၊

ဘယ်လိုပဲ ထွက်ပြေး ထွက်ပြေး ... မလွတ်ခဲ့ပါဘူး၊ ရှင်က လွတ်မြောက်သွားပေမယ့် ကျွန်မက ရှန်ရှမိဆီရဲ့ ရဲမက်စစ်သည်တွေ ဖမ်းတာကို ခံခဲ့ရတယ်၊ ရှန်ရှမိဆီ ဘယ်လောက်ဝမ်းသာနေမလဲဆိုတာ ရှင်ပဲ စဉ်းစားကြည့်ပါတော့၊ ကျွန်မလေ သူ့ကို မုန်းလိုက်တာ ဘယ်လိုမှကို ပြောမပြတတ်တော့ဘူး ...၊

နောက်ဆုံးတော့ ကျွန်မ သူ့အစီအစဉ်တွေကို လက်ခံချင်ယောင်ဆောင်၊ သူ့အလိုကိုလိုက် သူ့အကြိုက်ကိုဆောင်ပြီး ကျိန်းသေတဲ့ တစ်နေ့မှာတော့ ကျွန်မ သူ့ကို သတ်ပစ်လိုက်တာပါပဲ ...၊

သူသေတော့ ကျွန်မထွက်ပြေးဖို့ ကြိုးစားသေးတယ်၊ ဒါပေမဲ့ မလွယ်ကူခဲ့ပါဘူး၊ သူတို့ဆီက ဥပဒေတရားစီရင်ထုံးတွေနဲ့ ကျွန်မကို ကွက်မျက်လိုက်ကြတယ် ...၊

ကျွန်မ့သေတော့မှ ရှင်ဟာ ကျွန်မအပေါ် နားလည်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့သချိုင်းဂူကို အကောင်းဆုံးလက်ရာတွေနဲ့ ဖန်တီးခဲ့တယ်၊ ရှင့်ရဲ့ လက်ရာအပြောက်ဆုံး အနုပညာတွေနဲ့ အလှဆင်ပေါ့၊ တော်တော်လေး ကြီးကျယ်ခမ်းနားခဲ့သလို အခုဆိုရင် ကမ္ဘာအရပ်ရပ်က ခရီးသွားဧည့်သည်တွေ တခုတ်တရ လာရောက်ကြည့်ရှုရတဲ့နေရာ ဖြစ်နေပြီလေ''

ခင်ခင်ထားဟာ စကားပြောခြင်းကို ခဏရပ်နားလိုက်သည်။

အဆက်မပြတ်ပြောခဲ့သောကြောင့်လည်း အနည်းငယ်မောသွားပုံရပါ၏။

''ဆိုလီမာကရော ဘာဖြစ်သွားသေးလဲ''

''ကြေကွဲစရာတွေချည်းပါ၊ ဆိုလီမာ ရှင့်ကို သစ္စာဖောက်ဆိုပြီး အဆိပ်ခတ်သတ်လိုက်တယ်၊ ပြီးတော့ သူ့ကိုယ်သူလည်း အဆုံးစီရင်သွားခဲ့တယ်''

''ဟူး ... အားလုံးရဲ့ကံကြမ္မာတွေက တော်တော်ဆိုးဝါးကြတာပဲနော်''

သူ ပြောသာပြောနေရသော်လည်း တော်တော်လည်း မူးနေပေပြီ။ အိပ်ချင်စိတ်က တားမရ စီးမနိုင်။

''ရှင် တော်တော်အိပ်ချင်နေပုံရတယ်၊ ကျွန်မပေါင်ပေါ် ခေါင်းတင်ပြီး အိပ်လိုက်လေ''

''ဟာ ... မဖြစ်သေးပါဘူး''

''ဘာဖြစ်လို့ မဖြစ်ရမှာလဲရှင့်၊ ရှင်နဲ့ကျွန်မက သူစိမ်းတွေမှ မဟုတ်တာ''

''ကောင်းပြီလေ ... မင်းဟာ ကျွန်ပဲပြောပြော ငါကတော့ ဘာမှ မသိတော့ဘူး၊ အိပ်ချင်တာပဲ သိတယ်''

သူ့စကားတွေ လုံးထွေးသွားပြီး မင်ခင်ထားပေါင်ပေါ် ခေါင်းတင်လိုက်၏။

နူးညံ့သော အတွေ့အထိကြောင့် သူ့စိတ်ထဲ တစ်မျိုးဖြစ်သွား





သည်ကတော့ သေချာပါ၏။

''ပြောပါဦး ... ဟိုဘဝက ဆိုလီမာဟာ အခုဘဝမှာရော လူပြန်ဖြစ်နေတာပဲလား''

''ကံကြမ္မာကြီး တိုက်ဆိုင်ပုံများက အံ့သြစရာအလွန်ကောင်းလှပါတယ်ရှင် ... တကယ် ... တကယ်၊ ဆိုလီမာဟာ ခုဘဝမှာလည်း ကျွန်မတို့နဲ့ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံကြရပြန်တယ်လေ''

ထိုစကားကြောင့် သူ့မျက်လုံး အနည်းငယ် ကျယ်သွားရပြန်၏။

တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံကြပြန်သတဲ့။ ဘယ်သူလဲ၊ ဘယ်မှာလဲ။ တော်တော်ပင် သိချင်လာခဲ့၏။

''အခု ... သူ ဘယ်မှာလဲ''

''ဘယ်သူဖြစ်ရမလဲ ... အခု ရဲလူရဲ့မိန်းမ ရည်မွန်ပဲပေါ့''

''ဟင်''

''ခုတော့ သူတို့နှစ်ယောက်ဟာ ဒီဘဝမှာ လင်မယားတွေ ဖြစ်နေကြပြီလေ၊ ဘာမှလည်း မဆိုင်တာနော်၊ ဒါပေမဲ့ ကျွန်မ ရဲလူကို လက်စားချေဦးမယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ချစ်ခြင်းကို ခွဲခဲ့တာ အဓိကတရားခံ သူပဲလေ၊ သူ့ကြောင့် ကျွန်မတို့တဝ ပျက်ခဲ့ရတာ၊ အသေဆိုးနဲ့ သေခဲ့ကြရတာ၊ ဟွန်း ... ဘယ်တော့မှ မမေ့ဘူး''

''မဟုတ်တာကွာ''

ဟု သူကပြောသော်လည်း အသံ ... ပါးစပ်က ထွက်မလာ။

စိတ်ထဲက ပြောချင်တာတွေက နည်းနည်းရှိနေသေးသည်။

သို့သော် အင်အားမရှိတော့ပါ။

နှာခေါင်းထဲသို့ အီအီချိုချိုအနံ့အသက်တစ်ခု ဝင်လာသည်။

နှက်ခမ်းနီရနံ့လိုလို ... ဘာလိုလို ...။

ထို့နောက် သူ့ခေါင်းတစ်ခုလုံး ရီဝေဝေ နောက်ကျိကျိဖြစ်လာလျက်။ ယင်းနောက်ပိုင်းတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲတွင် ချစ်လှပါဟုဆိုခဲ့သော ဆိုလီမာက သူ့အား အဆိပ်ထည့်ထားသော ဖျော်ရည်တစ်ခွက်ကို တိုက်ကျွေးပုံ။

သောက်လိုက်ပြီးချိန်တွင် ရင်ထဲ၌ မတန်တဆ ပူလောင်လာပုံ။

အစာများ ထိုးအန်ကာ အမြှုပ်များထွက်လာပုံ။

ကြမ်းပြင်ပေါ်တွင် လဲကျသွားလျက် လူးလူးလွန့်လွန့်ဖြစ်နေပုံ။

ထို့နောက် ဗိသုကာပညာရှင် ဇာပါီဟာဝပ်စ် သေဆုံးသွားပုံ။

အနားတွင် ဆိုလီမာ ထိုင်ကာ အော်ကြီးဟစ်ကျယ်ငိုကြွေးပုံ ... စသည့် စသည့် ပုံရိပ်တို့က ပီပီပြင်ပြင်ထင်ထင်ရှားရှား။

ထို့နောက် ... သူ အိပ်မက်ထဲမှာပင် ပြန်လည်အိပ်ပျော်သွားပြန်လေ၏။

❒❒❒





www.burmeseclassic.com

www.burmeseclassic.com

## ထန်းပြင်ကုန်းဆီသို့ရောက်နေခြင်း

ထူးအုပ်က သူ့ကို ခပ်ကြမ်းကြမ်း လှုပ်နှိုးနေတာ သတိထားမိသည်။

ခေါင်းတွေက နောက်ကျိကျိ။ ထုထုထုံထုံ ဦးနှောက်တစ်ခုလုံး လေးလံထိုင်းမှိုင်လျက်ရှိ၏။

''ဟောကောင် . . . ထူးအုပ် . . . ထစမ်း . . . ထစမ်း''

အသံက တော်တော်ကျယ်လှ၏။

သူမတတ်သာသည့်အဆုံး လေးလံလွန်းသော မျက်ခွံလွှာကို အားယူဖွင့်ကြည့်ရသည်။

နေရောင်က တော်တော်ရှုးရှလွန်းလှ၏။

အနီးအနားတွင် ရဲလှုအပါအဝင် ရွာသားနှစ်ယောက်ကို တွေ့သည်။ သူအိပ်နေသည့်နေရာမှာ မြက်များ၊ ချုံများ ပေါက်ရောက်နေသော ကုန်းကမူလေးတစ်နေရာတွင်ဖြစ်သော်လည်း ဘုရားကိုမူ မတွေ့ရပါ။

''ဟင် . . . ရဲလှု . . . မင်း . . . မင်း . . . ဘယ်လို''

''ဘယ်လိုတွေဖြစ်နေတယ်ဆိုတာ အသာထားစမ်းပါကွာ၊ မင်း ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေရတာလဲ''





''မင်းတို့ရွာကို လာမလို့လေ''

ထူးအုပ်က မတ်တတ်ထ ရပ်လိုက်သည်။

ညက မြင်ခဲ့ရသောမြင်ကွင်းတစ်ခုမှမဟုတ်။

''အရက်ဆိုင်ကအထွက် မြင်းလှည်းစီးလာခဲ့တာပဲကွ၊ နောက် . . . ဝင်္ကြေးပြေဘုရားနားရောက်တော့ . . .''

ရဲလှုက စိတ်ပျက်စွာခေါင်းခါသည်။

''မဟုတ်ဘူး။ မင်း အရက်ဆိုင်ကထွက်သွားတာ၊ ဘာမြင်းလှည်းမှမပါဘူး။ ခြေကျင်လျှောက်သွားတာတဲ့၊ ဆိုင်ထဲက လူကွေတောင် မင်းရစ်ခဲ့သေးတာလေ . . . မမှတ်မိတော့ဘူးလား၊ ပြီးတော့ ဒီနေရာက ငါတို့ရွာရောက်တဲ့လမ်း မဟုတ်ဘူး။ ထိန်တောဘက်သွားတာ၊ ရွာခံလူတစ်ယောက်မြင်ပြီး ငါ့သူငယ်ချင်းမှန်းသိတာနဲ့ ငါ့ဆီ လာပြောလို့သိတာ၊ ကဲ . . . ကဲ . . . စက်ဘီးပေါ်တက်''

''ဒီနေရာက ဘာလဲဟင်''

''ဟိုမှာ မြေမြှုပ်ထားတာတွေနဲ့ အုတ်ဂူကို မတွေ့ဘူးလား၊ ဒါ သင်္ချိုင်းဟောင်းကွ''

''ဟေ''

သူ တော်တော်လေး လန့်သွားသည်။

သူသိခဲ့သည့် ခေါ်စိန်ဆိုသည့်လူက ဘယ်သူလဲ။

သူစီးခဲ့သည့် မြင်းလှည်းကရော၊ ပြီးတော့ ဘာလို့ ဘုရားကို မြင်ခဲ့ရတာလဲ။

ခင်ခင်ထားကတော့ ထားပါတော့၊ သူနှင့်ခင်ခင်ထားပြောခဲ့သော စကားတွေကရော ဘာတွေလဲ။

တော်တော်စိတ်ပျက်စရာ ကောင်းလှပါသည်။

ရဲလှုက ရွာသားနှစ်ယောက်ကို ကျေးဇူးတင်ကြောင်းပြောပြီး ထူးအုပ်ကို စက်ဘီးပေါ်တင်နင်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ထူးအုပ် ညက သူဖြစ်ခဲ့သမျှတချို့ကို ပြောပြရန် စိတ်ကူးလိုက်သေးသည်။

သို့သော် တကယ်တမ်းတွင် မပြောဖြစ်ခဲ့ပါ။

ပြောလျှင်လည်း ယုံကြည်နိုင်ဖွယ်ရှိမှာ မဟုတ်သလို ရဲလှအနေနှင့်လည်း လက်ခံမှာမဟုတ်ကြောင်း ကောင်းကောင်းသိသည်။

''ဟေ့ကောင် . . . ဘာတွေကြောင့် ဒီလောက်တောင် သက်ပြင်းခဏခဏချနေရတာလဲ''

''ဘာမှမဟုတ်ပါဘူး''

''မင်းဆိုင်ကို ဘယ်လိုလုပ်ထားခဲ့လဲ''

''ပြန်အပ်ခဲ့တယ်''

''ဒါဆိုလည်း စိတ်ပျော်သလောက် ငါ့ဆီမှာနေ''

''အခုလောလောဆယ်တော့ ငါ့မှာ ဘာအစီအစဉ်မှ မရှိသေးဘူး''

''အေးလေ . . . ရွာရောက်နေပြီပဲ၊ ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူး''

သို့ဖြင့် သူတို့ ရွှေနဖားရွာလေးသို့ ဝင်ခဲ့ကြသည်။

ရွာအဝင်တွင် ဘုန်းကြီးကျောင်းအိုကြီးတစ်ကျောင်းကို တွေ့သည်၊ တစ်အိမ်နှင့်တစ်အိမ်မှာ ကျဲပါးလွန်းလှ၏။ အားလုံးလိုလိုမှာ အိမ်ကြီးအိမ်ကောင်းတွေတော့ မဟုတ်။

ဖြစ်သလိုဆောက်ထားတာတွေ များသည်။ အများစုမှာ ကရင်တိုင်းရင်းသားအမျိုးမှုဖြစ်ပုံရ၏။

''ဒီကလူတွေ ဘာတွေလုပ်ကိုင်စားသောက်နေကြလဲ''

''တောင်ယာပေါ့ကွာ . . . သင်းရဲ့ကြပါတယ်''

သို့ဖြင့် . . . ရဲလှအိမ်သို့ရောက်ခဲ့၏။

ရဲလှအိမ်မှာ သစ်သားနှင့် သပ်သပ်ရပ်ရပ်ဆောက်လုပ်ထားသည်မို့ နေချင်စရာလေးပင်။





အပေါ်က သွပ်ပင်မိုးထားလိုက်သေး၏။

ရဲလှမိန်းမ ရည်မွန်က အိမ်အတွင်းမှ အပြေးလေး ထွက်လာသည်။

''ကိုထူးအုပ်ရယ် . . . ရှင့်မှာ ဖြစ်လိုက်ရင် အသည်းအသန်ကြီးပဲ ကိုရဲလှလိုက်သွားတာ စိတ်တောင်ပူမိသေးတယ်''

ထူးအုပ်က ရည်မွန်ကို သေသေချာချာကြည့်မိသည်။

ဒါ ခင်ခင်ထားပြောသည့် ကစ်ဘာဝတုန်းက သူ့ချစ်သူ ဆိုလီမာ ဆိုသောသူလား။

ဘာပဲပြောပြော ယခုအချိန်တွင် သူ ဘယ်လိုမှ ရင်ခုန်လို့ မရနိုင်တော့။

ထိုသို့ဆက်စပ်နေသည်ကိုပင် လက်မခံချင်တော့။

''အေးဟာ . . . ငါလည်း ဘယ်လိုဖြစ်သွားမှန်း မပြောတတ်တော့ပါဘူး''

''ကိုထူးအုပ်က သိပ်သောက်တာကိုး . . . လမ်းတွေမှားပြီး အူကြောင်ကြောင်ဖြစ်ကုန်တာနေမှာပေါ့''

ရဲလှက စက်ဘီးကို တင်းကုပ်ထဲထည့်လိုက်ပြီး . . .

''ကိုင်း . . . မင်းကျောပိုးအိတ်ကြီး ချလိုက်တော့၊ ပြီးရင် . . . ချောင်းထဲသွားပြီး ရေသွားချိုးရအောင်၊ မင်းတစ်ကိုယ်လုံး ညစ်ပတ်နေပြီ ရေချိုးလိုက်တော့ စိတ်ရောကိုယ်ရော လန်းသွားတာပေါ့''

''အေးကွာ . . . သွားကြရတာပေါ့''

ထို့နောက် . . . သူ အကျီချွတ်ကာ ရေလဲပုဆိုးတစ်ထည်ယူလျက် ရဲလှနှင့်အတူ ချောင်းဘက်သို့ ထွက်သွားလေသည်။

❐ ❐ ❐



www.burmeseclassic.com



www.burmeseclassic.com



ထူးအုပ် ရွှေနဖားသို့ရောက်ခဲ့သည့်မှာ ကာလပက်ရှိသွားပြီ။

ပထမရက်တွေက ရဲလှနှင့်အတူ တောင်ယာထဲသို့လိုက်သွားပြီး အသီးအနှံစိုက်ပျိုးသည်များကို ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသည်။ အလုပ်ထဲတွင် စိတ်နှစ်ထားရသောကြောင့် သူ၏ကြောင်မကောင်းဖြစ်ရမ်းများကို သတိမရချင်တော့။ အရက်ကတော့ သောက်နေကျသာသည်။ သို့သော် ... ရဲလှက သူ့ကို စည်းကမ်းနှင့် သောက်စေခဲ့သည်၊ အလုပ်များ ပြီးဆုံး၍ ညပိုင်းရောက်မှ အိမ်တွင် အမြည်းကောင်းကောင်းနှင့် သောက်စေခဲ့သည်။ ထိုအခါများတွင် ထူးအုပ်စိတ်ကြိုက် သောက်ရလိုရသည်။

"မင်းမှာ ဆံပင်ညှပ်တဲ့ ပစ္စည်းတွေပါသေးလား"

"အင်း ... ယူခဲ့တယ်"

"ဒါဆို အတော်ပဲ၊ ရွာထဲမှာ ညှပ်ချင်တဲ့လူရှိရင် ငါပြောထားလိုက်မယ်လေ၊ မင်းအတွက် အပိုဝင်ငွေရတာပေါ့၊ မဟုတ်ရင် ဆံပင်ညှပ်ချင်ရင် ထန်းပင်စုစခန်းထိ သွားရတာ"

ဟိုတစ်ကြိမ်လာစဉ်တုန်းကလည်း ရွာထဲရှိ ညှပ်ချင်သူများကို ညှပ်ပေးခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



များများစားစား မဟုတ်လှသော်လည်း သုံးဖို့စွဲဖို့တော့ရသည်။

သည်လိုနှင့် ရောက်တတ်ရာရာများကို ပြောဆိုပြီး အိပ်ရာဝင်ခဲ့ကြသည်။

အရင်ကဆိုလျှင် အရက်များသွားသည့်အခါမျိုးတွင် တုံးခနဲ အိပ်ပျော်သွားသော်လည်း ယခုတစ်ရက်၊ နှစ်ရက် ဘာကြောင့်မှန်းမသိ မျက်စိကြောင်နေသည်။

ဟိုလှည့်သည်လှည့်နှင့် အတွေးတွေက ပွုံပွုံဝဲဝဲ။ ဟိုရောက်သည်ရောက်နှင့် ဘာတွေတွေးမိဂလို့ တွေးမိမှန်းမသိ။ ထို့နောက် ... မေးခနဲ အိပ်ပျော်သွား၍ မကြာမီမှာပင် ...

'အူးဝူးဝူး'

'အူးဝူးဝူး'

ဟိုးဝေးဝေးမှ ခွေးအူသံတွေက ဆွဲဆွဲငင်ငင်နှင့် ဆူဆူညံညံ ကြားလိုက်ရ၏။ သူ ဆတ်ခနဲ လန့်နိုးလျက် ဘာများလဲဟူသော သိလိုစိတ်ဖြင့် ဂရုတစိုက် နားထောင်နေလိုက်သည်။

သူအိပ်သောနေရာမှာ အိမ်မကြီးတွင် မဟုတ်။ တင်းကုပ်တွင်းရှိ ခုတင်တစ်လုံးပေါ်တွင် ဖြစ်သည်။ လုံလုံခြုံခြုံရှိသလို လွတ်လွတ်လပ်လပ်လည်းရှိသည်။ အပြင်ဘက်တွင် လမှာ လပြည့်ကျော်သွားသောကြောင့် ပြည့်ပြည့်ဝဝမဟုတ်။ သို့သော် အလင်းရောင်ကောင်းကောင်းတော့ ရှိနေပါသေး၏။

'အူးဝူးဝူး'

'အူးဝူးဝူး'

ခွေးအူသံတွေက တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့သည်။ တစ်ကောင်တည်းအသံ မဟုတ်။

အုပ်စုလိုက် အူသောအသံ။ အသံက တရွေ့ရွေ့နှင့်မို့ နည်းနည်းတော့ ထူးဆန်းနေသည်။





ထူးအုပ် သက်ကယ်ကဲလားကို ခပ်ဟဟဖွင့်လျက် အပြင်သို့ ချောင်းကြည့်လိုက်သည်။

တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက် အိပ်မောကျနေသည်မှာတော့ သေချာလောက်ပါ၏။

'အူးဝူးဝူး'

'အူးဝူးဝူး'

ခွေးတွေက ရွာလယ်လမ်းမအတိုင်း လာနေတာမျိုး ဖြစ်သည်။ မကြာခင်မှာပင် ရဲလှတို့အိမ်နားသို့ ရောက်လာခဲ့ပြီး ခွေးအူသံတွေက ပိုပြီးဆူညံလာခဲ့၏။

"ဒါ ... ဘာဖြစ်တာလဲ၊ အရင်နေ့တွေက မကြားဖူးပါဘူး"

သူမြင်လိုက်ရသောမြင်ကွင်းကြောင့် ခေါင်းနပန်းကြီးသွားသည်။ ယင်းမှာ အခြားမဟုတ်။

ခွေးလေးငါးဆယ်ကောင်ဝိုင်းရံလျက် အလယ်မှ ဆံပင်ဖားလျားချမိန်းမတစ်ယောက် ပါလာခြင်းပင်။

"ဒါ ... ခင်ခင်ထားပုံစံမျိုးပဲ"

အလင်းရောင် အားနည်းလွန်းသောကြောင့် မျက်နှာကို သေသေချာချာ မမြင်ရ။ သို့သော် စိတ်ထဲတွင် ခင်ခင်ထားဖြစ်ကြောင်းကိုတော့ အလိုလိုသိနေသလိုပင်။

ရဲလှတို့ခြံရှေ့အရောက်တွင် ထိုမိန်းမ ရပ်တန့်သွားသည်။ ထို့နောက် အိမ်ဘက်သို့ မျက်နှာတည့်တည့်မူလျက် စူးစူးစိုက်စိုက် ရပ်ကြည့်နေတာတွေ့၏။

"ဒီမိန်းမ ဘာပြဿနာ လာရှာဦးမှာပါလိမ့်"

တစ်ကြိမ်က ရဲလှအပေါ် လက်စားချေရမည်ဆိုသောပြောစကားကို ပြန်ကြားလိုက်ရသောကြောင့် တစ်ခုခုများ ပြုလုပ်လေမလားဟု စိုးရိမ်မိရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာများလုပ်နိုင်မလဲ ... အသက်အန္တရာယ်ပြုနိုင်မလား''

သူ ဆက်လက်ကြည့်နေဆဲတွင် ခွေးအူသံတွေ ကိတိပပ ရပ်သွားသည်။ ထူးတော့ ထူးဆန်းလှပါသည်။

''ဘာကြောင့်များ သံပြိုင်ရပ်သွားကြပါလိမ့်''

ထိုမိန်းမ အိမ်ထဲသို့ စူးစူးစိုက်စိုက်ကြည့်နေဆဲပင် ...

''ဘာလို့ ဒီလောက်တောင် ကြိုစည်နေရတာလဲ''

နည်းနည်းကြာတော့ သူမ တစ်ဖက်သို့လှည့်လိုက်သည်။ ထို့နောက် ခြေလှမ်းမှန်မှန်ဖြင့် ရှေ့သို့ဆက်သွားသည့်အခါ ခွေးတွေက စတင်အူသံပေး၍ လိုက်ပါသွားကြလေသည်။

'အူးဝူးဝူး'

'အူးဝူးဝူး'

'အူး ဝူးဝူး'

သူ လိုက်ကြည့်လိုစိတ် အလွန်အမင်း ပြင်းထန်လာခဲ့သည်။

''သည်မိန်းမ ဘယ်ကိုဆက်သွားမှာလဲ''

ခြင်ထောင်အတွင်းမှ ထွက်လိုက်သည်။ မှောင်နှင့်မည်းမည်းကွင်းနေလယ်ခင်းက တွေ့ကားသော တုတ်ကို လိုက်ယူသည်။ အဆင်သင့်ပင်။ သူယူကာ အိမ်ရှေ့သို့ ခပ်ဝှက်ဝှက်လျှောက်လာခဲ့သည်။

ထိုမိန်းမ သွားနေသော နောက်ကျောကို လှမ်းမြင်နေရ၏။

ခွေးရောလူပါ နောက်သို့ တစ်ချက်မှလှည့်မကြည့်။

သူတို့ရွာထိပ်ဆီသို့ ဟုမ်းနေကြသည်။ အူသံတွေက စည်းချက်ညီညီ။

ထို့နောက် ... ဘုန်းကြီးကျောင်းအုံကြီးတဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြလေသည်။ ခွေးအူသံတွေကလည်း တိတ်ဆိတ်သွားကုန်၏။

ထူးအုပ် ... ဘုန်းကြီးကျောင်းရှေ့တွင် အူလည်လည်ဖြစ်နေသည်။ ရှေ့သို့လည်း ဆက်မသွားနိုင်။





အိမ်တွေဆီမှ ခွေးတွေက သူ့ကို ထိုးဟောင်နေသောကြောင့် နောက်ကြောင်းသို့ ပြန်လှည့်လာခဲ့၏။

တင်းကုပ်အတွင်းသို့ ပြန်ရောက်ပြီး ခြင်ထောင်ထဲဝင်ကာ စောစောက မြင်ခဲ့ရသော မြင်ကွင်းကို ပြန်လည်စဉ်းစားနေမိ၏။

ဘာအဓိပ္ပာယ်လဲ။

ခွေးတွေက ဘယ်ကခွေးတွေလဲ။ ခွေးစစ်စစ်မှ ဟုတ်ပါရဲ့လား။

နောက်တစ်နေ့မနက်ပိုင်း မနက်စာ စားကြစဉ် ...

''ဟေ့ကောင် ရဲလှ ... ညက ဘာထူးခြားသေးလဲ''

''ဘာထူးခြားရမှာလဲ''

''ခွေးအူသံတွေ ဆူညံနေတာလေကွာ၊ တစ်ရွာလုံးကို မိုးပြိုမတတ်ပဲ''

ရဲလှက သူ့မိန်းမ ရည်မွန်ကို တစ်ချက်ကြည့်လိုက်၏။ မင်းရော ကြားလိုက်သေးသလားဆိုသည့်သဘော။

''ကျွန်မလည်း ဘာသံမှမကြားမိပါဘူး''

သားငယ်မျိုးအောင်ကလည်း နားမလည်သလိုဖြင့် သူ့ကို စူးစိုက်ကြည့်၏။

''ပြောပါဦး ... မင်းက ဘယ်လိုတွေ ကြားလို့လဲ''

''ခွေးဆယ်ကောင်လောက်ရှိမယ်ထင်တယ်၊ ရွာမြောက်ပိုင်းကနေ အုပ်စုလိုက် အူလာတာ၊ ခွေးတွေချည်းသက်သက် မဟုတ်ဘူး၊ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်လည်း ပါတယ်''

''ဟေ''

''ကိုထူးအုပ်ရယ် ... ရှင့်ဟာက အိပ်မက်မက်နေတာနေမှာပါ''

''မဟုတ်ဘူးဟ ... တကယ် ... တကယ်''

သူ ညကအဖြစ်အပျက်များကို အသေးစိတ်ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲလှုတို့မိသားစုက တအံ့တသြနားထောင်နေကြသည်။ အဆုံးသတ်လိုက်သည့်အခါ . . .

"ဟင် . . . ဒါဆို ရှင် ဘုန်းကြီးကျောင်းအထိ လိုက်သွားတယ်ပေါ့"

"ဘယ်ဆက်သွားမလဲဆိုတာ သိချင်လို့ပါ၊ အခုဟာက ဘုန်းကြီးကျောင်းထဲဝင်ပြီး ပျောက်ကုန်ကြတာ"

"ဟော့ကောင် ထူးအုပ် . . . မင်းပြောသလိုမျိုး အရင်က ဘယ်သူမှ ပြောဖူးတာ မကြားပါဘူးကွာ၊ မင်းဟာက နာနာဘာဝလိုလို ဘာလိုလို"

"အဲဒါ ခင်ခင်ထားလေကွာ"

"ဘာကွ"

သူ . . . လွှတ်ခနဲပြောလိုက်ပြီးကာမှ မှားမှန်းသိသွားလေသည်။

ဘာကြောင့်ဟူမူ . . . ခင်ခင်ထားအကြောင်းကိုသာ သူတို့ကို ပြောပြလျှင် ပို၍ရှုပ်ထွေးသွားနိုင်သည် မဟုတ်ပါလား။

တစ်ချိန်တစ်ခါက အီဂျစ်နိုင်ငံတွေ ပါကုန်မည်။ ဘုရင်များ၊ သချိုင်းဂူတွေ ပါကုန်မည်။ ဘုရင်တွေ၊ ဘုရင်မတွေ၊ ဗိသုကာပညာရှင်တွေ ပါကုန်မည်။ နောက် . . . အချစ်ဇာတ်လမ်းတွေ၊ မုန်းတီးမှုတွေ၊ သေဆုံးမှုတွေ ပါကုန်မည်။ ထို့ကြောင့် မည်သည့်နည်းနှင့်မျှ ပြောလို့ မဖြစ်နိုင်ပါ။

"ဘာမှမဟုတ်ပါဘူးကွာ"

"မင်းဟာက ဘယ်လိုကြီးလဲ"

"ထားလိုက်ပါတော့ . . . ငါ အဲဒီအကြောင်းတွေ မပြောချင်တော့ဘူး"

ထိုနေ့က ထိုမျှနှင့်သာ စကားကိုဖြတ်လိုက်သည်။

နောက်နေ့များတွင် ထူးအုပ်တစ်ယောက် ရဲလှုနှင့် တောင်ယာထဲသို့ လိုက်မသွားတော့ဘဲ ရွာထဲသို့ ဆံပင်ညှပ်ဟုဆိုကာ ထွက်လာခဲ့၏။





အရင်တစ်ခေါက် လာခဲ့စဉ်က ရင်းနှီးသူများကို တွေ့သည်။ အများစုက အရက်သမားတွေချည်း။ အရက်သမားအချင်းချင်းတွေ့တော့ အစီအစဉ်မရှိဘဲ ဆိုင်သို့တန်းရောက်ကုန်သည်။

အရက်ရှိန်ရလာသည်နှင့် စကားကွေ ဖောင်ဖွဲ့ကြ၊ ဆံပင်ညှပ်ချင်သူကို ဆံပင်ညှပ်ပေး၊ ရလာသော ငွေလေးနှင့် အရက်ဆက်သောက်။

မူးတော့ တစ်ညက မြင်ကွင်းကို ပြန်ပြောပြ။ အားလုံးက ကြောင်စီစီနှင့် သူ့စကားကို နားထောင်။

မယုံသူတွေက ခပ်များများ။

"ထူးအုပ်ရာ . . . တို့ရွာဝန်းကျင်မှာ သရဲခြောက်တယ်ဆိုတာ ကြားဖူးပေမယ့် မင်းပြောသလိုမျိုးတော့ မဟုတ်ပါဘူး"

တစ်ယောက်ကို ပြောပြန်တော့လည်း ယုံကြည်မှုမရှိ။ တစ်ယောက်ကို ပြောပြန်တော့လည်း သူ့ဘက်က ထောက်ထောက်ခံခံ မရှိ၊ သို့မို့ကြောင့် သူဆက်ပြောရမှာကိုပင် ခပ်ရှုံ့ရှုံ့ဖြစ်လာသည်။ နောက်ပိုင်းတော့ သူ မပြောတော့ပါ။

သည်လိုနှင့် . . . တစ်ပတ်ခန့် ညတစ်ည။

ညဉ့်နက်ပိုင်းအရောက်တွင် ဟိုကာစ်နေ့ကလို ခွေးဟောင်သံတွေ ကြားလာရပြန်သည်။

'အူး . . ဟူး . . ဟူး'

'အူး . . ဟူး . . ဟူး'

"ဟော . . . လာကုန်ကြပြီ"

ထို့ကြောင့် သူ ခြင်ထောင်ထဲမှ ချက်ချင်းထ၍ကာ သက်ကယ်ကဲလားကို ခပ်ဟဟလေးဖွင့်လိုက်သည်။

လမိုက်ညမို့ အပြင်တွင် လရောင်က မရှိ။

ခွေးဟောင်သံတွေက ထိုနေ့ကလိုပင် မြိုင်မြိုင်ဆိုင်ဆိုင်။ သံပြိုင်ဟစ်ကြွေးကာ တစ်အုပ်စုပြီး တစ်အုပ်စု။



www.burmeseclassic.com

www.burmeseclassic.com



သူက လက်တွေ့ပြချင်သူပိပိ ...

''ဟေ့ ... ရဲလူ ... ရဲလူ''

ခပ်ပြင်းပြင်းလေး နိုးလိုက်တော့ လင်မယားနှစ်ယောက်စလုံး နိုးလာကြသည်။

''ထူးအုပ် ... ဘာဖြစ်တာလဲ''

''ထစမ်း ... ထစမ်း ... အမြန်ထကြစမ်း''

သူတို့ အိပ်မှုန်စုံမွှားယာလာကြသည်။

''နားထောင်ကြည့်စမ်း ... ခွေးအုပ်တွေ သံပြိုင်အူလာကြတာ၊ ငါ ဟိုနေ့ကပြောတဲ့ ခင်ခင်ထားဆိုတဲ့ မိန်းမနဲ့ သူ့ခွေးတွေ''

ရဲလူက ... သဟာထား၍ နားထောင်ကြည့်လိုက်ရာ ...

''မင်းပြောတဲ့ ခွေးတစ်အုပ် မဟုတ်ပါဘူးကွာ ... ခွေးတစ်ကောင် အူနေတာပါ''

''ဟုတ်ပါတယ်၊ ဒါ ... ကိုသာဒွန်အိမ်က ခွေးပါ၊ ကျွန်မ ... အသံကို ကောင်းကောင်းမှတ်မိပါတယ်''

ထူးအုပ် စိတ်နည်းနည်းတိုသွားသည်။ ကြားနေရသည်က အများကြီး။ သူတို့က တစ်ကောင်ဟည်းပါဟု စွပ်စွဲနေကြသည်။ ဘယ်လိုနားကြားပါလိမ့်။

''ကြားလား ... ဒီဘက်ကို အုပ်စုလိုက် လာနေကြပြီ''

လင်မယားနှစ်ယောက်စလုံး သူ့ကို နားမလည်သလို ကြည့်သည်။

''မင်းလက်နှိပ်ဓာတ်မီးရှိကယ်မဟုတ်လား။ အဆင်သင့်ဆောင်ထား၊ ပြီးရင် ငြိမ်ငြိမ်တိတ်တိတ်လေး စောင့်ကြည့်နေ''

အားလုံးတိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်နေလိုက်ကြ၏။

သေချာသွားပြီ၊ မိန်းမတစ်ယောက်နှင့် ခွေးတစ်အုပ် သူတို့ခြံသို့ ရောက်လာကြသည်။

သူကတော့ မသဲမကွဲ မြင်နေရ၏။





''ဟော ... ဟော ... သူတို့ ... သူတို့ခြံရှေ့ရောက်နေပြီ''

ရဲလူက ရုတ်တရက် ခြံရှေ့သို့ လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးလိုက်၏။ ဟိုဟိုသည်သည်။ ဘာမှမရှိ။ ဘာခွေးမှမရှိ။ ဘာမိန်းမမှ မရှိ။

''ဘာမှမရှိပါဘူး''

''လက်နှိပ်ဓာတ်မီး ပြန်ပိတ်လိုက်စမ်း''

ပြန်ပိတ်လိုက်တော့ ခွေးအူသံတွေ ကြားရသည်။ ရှိုးတိုးရိပ်တိတ် မြင်နေရသလို။

''ခြံရှေ့သွားကြည့်ကြရအောင်''

သူတို့ ခြံရှေ့ထွက်လာကြသည်။ ဘာမှမရှိ။ အသံတွေ ပျောက်ကုန်သည်။

ဘုန်းကြီးကျောင်းဘက် လိုက်ကြည့်ပြန်တော့လည်း ဘာမှမတွေ့။

''တောက် ... ဘယ်ပျောက်ကုန်ကြတာလဲ မသိပါဘူး''

''ထူးအုပ် ... မင်း နေမကောင်းပါတယ်နော်''

''ငါက ဘာလို့ နေမကောင်းဖြစ်ရမှာလဲ''

သူတို့ အိမ်သို့ ပြန်လာခဲ့ကြ၏။

''မင်း ဘာတွေဖြစ်နေတာလဲ ထူးအုပ်''

''ဒါ ဘာဖြစ်ရမှာလဲကွ၊ မင်းကို အန္တရာယ်ပေးမယ့် မိန်းမအတွက် ငါက ကြိုတင်သတိပေးနေရတာ''

''ဘယ်လို ငါ့ကို အန္တရာယ်ပေးမှာ''

''ဟူး ... ဒီအကြောင်းတွေ မပြောချင်ဘူးကွာ''

''သိရင်လည်း ပြောမှပေါ့ကွ''

''ကိုထူးအုပ်ကလည်း ဘာမှန်းမသိဘူး။ တစ်ခုခုကို လျှို့ဝှက်ထားတဲ့ပုံပဲ''

''ငါသိထားတော့ ပိုမကောင်းဘူးလား။ မင်းနဲ့ငါကြားမှာ ဘာတွေမျှ နက်နက်နဲနဲ လျှို့ဝှက်စရာ လိုလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



သူ အဖြစ်မှန်ကို ပြန်ပြောပြရန် တော်တော်ခက်ခဲနေသည်။

နောက် ... ဝင်စားနေကြသည့် အဖြစ်တွေက ကမောက်ကမ၊

''ကိုင်း ... ပြောမှဖြင့် မြန်မြန်ပြောစမ်းပါ ကိုထူးအုပ်ရယ် ... တကတဲမှပဲ ငေးငေးငိုင်ငိုင်''

ယခုအချိန်မှာတော့ သူ မပြောလျှင်လည်း မဖြစ်တော့။

ထို့ကြောင့် မီးရထားသံလမ်းနံဘေး ဆံပင်ညှပ်ဆိုင်လေးဆီသို့ ခင်ခင်ထား ခေါင်းတုံးလာရိတ်နိုင်းပုံမှစကာ နောက်ဆုံး လူဝင်စားများဖြစ်ကြောင်း သူမ ပင့်ကြွေးပြေဘုရားတွင် ပြောခဲ့ပုံများကို အသေးစိတ်ပြောပြလိုက်လေသည်။

သူတို့လင်မယားနှစ်ယောက်စလုံး ထူးအုပ်ပြောသမျှအား စိတ်ဝင်တစား နားထောင်ကြလျက် မျက်မှောင်ကြုတ်သွားလိုက်၊ မျက်လုံးလေး ကလည်ကလည်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၊ ခေါင်းများ ခါယမ်းလိုက်နှင့် ပုံပြင်တစ်ပုဒ်ကို နားထောင်နေရသလို ဖြစ်နေ၏။

ညက နက်သထက် နက်လာသည်။

တိုက်ဆိုင်မှုတွေက စာစာကလိုပင်။ လကွေးကွေးလေးကတော့ အနောက်ဘက်ဆီသို့ ရွေ့စောင်း သွားပြီ။


စကားဝိုင်းသိမ်းပြီး အိပ်ကြသည့်အခါ ထူးအုပ်တစ်ယောက် တခေါ်ခေါ်နှင့် ပြန်လည်အိပ်ပျော်သွားသော်လည်း ရဲလူကို့လင်မယား နှစ်ယောက် ဟိုးတိုးဟိုးဟိုနှင့် တစ်စုံတစ်ရာကို ပြောဆိုနေကြသည်။

''ရှင်းသူငယ်ချင်းကတော့ ဟစ်မျိုးဖြစ်နေပြီတင်တယ် ... ကျွန်းစိတ်ထဲ သံသယဝင်လာပြီ''

ထို့နောက် ...

ကို့နောက် ...





www.burmeseclassic.com

ကြားဖူးခဲ့ရသော အပျိုကြီးမှုင် ထူးကြရဲ့ရေးအား

ထိုနေ့ကလည်း ထူးအုပ်အတွက် အနည်းငယ် ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုကို တွေ့ခဲ့ရပြန်၏။ တခြားအကြောင်းအရာတော့ မဟုတ်။ ရွာထဲမှ အပျိုကြီးမြကြာရဲ့ သေသွားသောကိစ္စ ဖြစ်သည်။ တစ်ရွာလုံးက အုန်းအုန်းကျွက်ကျွက်။ ဘာကြောင့် ဒီလို ဖြစ်ခဲ့ရတာလဲ။ အဖြစ်အပျက်ကို တစ်ရွာလုံးက သိသော်လည်း ယုကျုံးမရဖြစ်နေကြသည်။ ထူးအုပ်လို သူစိမ်းတစ်ယောက်အတွက်တော့ တအံ့တသြဖြစ်စရာပင်။ သူ အရောက်ဆိုင် ရောက်သည့်အခါ ...

"ဘာဖြစ်တာလဲ"

"ခင်ဗျား ဒါတွေကို ဘာလို့ စေ့စေ့စပ်စပ်မသိသေးတာလဲ"

သောက်ဖော်သောက်ဖက်တစ်ယောက်က ထိုသို့ပြောလာသည့် အခါ သူက ...

"ကျွန်တော်က သူစိမ်းဗျ၊ ဒီရွာကိုရောက်တာ သိပ်မကြာသေး ဘူး။ သိရင်လည်း တစ်ခုခုပြောပေါ့"

သူက ပြောမည့်ဟန်ပြင်ကာ တစ်ငုံသောက်၍ ဆေးလိပ်ကြမ်းကို အားပါးတရ ဖွာရှိုက်ရင်း ...





"ဒီလိုဗျ ... အခု သေသွားတဲ့အပျိုကြီးမှာ ညီမတစ်ယောက် ရှိတယ်၊ သူ့ညီမမှာ ယောက်ျားရှိတယ်၊ အချိန်ကြာလာတော့ ယောက်ျား လေးနှစ်ယောက် မွေးဖွားလာတယ်၊ အပျိုကြီးဆိုတော့ဗျာ သူ့တူတွေ အပေါ်မှာ ချစ်ရှာတာ ကမ်းကုန်ရော၊ ဘယ်လောက်အထိ ချစ်တာလဲ ဆိုတော့ အမေကသာ မွေးတာ ... တစ်ချိန်လုံး သူက ယိန်းကျောင်းခဲ့ တာ၊ ကျွေးမွေးခဲ့တာ၊ အဓိက ပြောချင်တာက အပျိုကြီးရဲ့တူ အကြီးဆုံး ကောင် (၉) နှစ်သားပေါ့၊ သူ့ကို မကြာခင်မှာ ရှင်ပြုတော့မယ်၊ ရှင်ပြု တယ်ဆိုတာ ခင်ဗျားလည်း အသိပဲ ... သစ်ပင်အမြင့် မတက်ရဘူး၊ ရေဆင်းမကူးရဘူး၊ အဲဒီလို အန္တရာယ်ရှိတဲ့ကိစ္စတွေကို ရှာခလေ့အရ ရှောင်ကြတယ်၊ အဲဒီနေရာမှာ ပြောစရာရှိတာက အပျိုကြီးက တစ်နေ့ တော့ လက်ယက်တွန်းလေးနဲ့ ချောင်းထဲမှာ ငါးလိုက်တွန်းနေတာ၊ ဒီနေ ရာမှာ အကြီးကောင်က ပေါက်ချလာပြီး 'ဒေါ်လေး ရေချိုးချင်တယ်' လို့ ပူဆာတယ်၊ အဲဒီအခါ အပျိုကြီးကလည်း သူတူလေးတွေကို အလို လိုက်လွန်းတော့မို့ ရေနက်ထဲမလာနဲ့ အဲဒီကမ်းစပ်မှာပဲ ရေကူးလို့ ပြောလိုက် တယ်၊ ဟိုက ကလေးဆိုတော့ အဝတ်အစားချွတ်ပြီး ရေထဲကို ဝုန်းခနဲ ဆင်းတော့တာပဲ ...၊

"ဟော့လူ ကိုထူးအုပ် ... ဒီအခြေအနေထိတော့ စိတ်ဝင်စားစရာ မကောင်းသေးဘူးနော်၊ အခုဆက်ပြီး ပြောမှာက ကလေးကလည်း ရေ ကူးနေ၊ အပျိုကြီးကလည်း လက်ယက်တွန်းနေ၊ သူ့တူလေးကို ဘယ် လောက်ပဲချစ်တယ်ပြောပြော သူ့ရဲ့ လက်ယက်တွန်းလေးနဲ့ ကွန်းနေချိန် မှာ လောဘစိတ်လေးတော့ နည်းနည်းပါသွားတာပေါ့ဗျာ၊ ကလေးကို ဂရုစိုက်တယ်ဆိုပေမယ့် တစ်ခါတလေမှာ မေ့သွားတာ၊ ခင်ဗျားတော့ ထင်မှာပေါ့ ကလေးရေနစ်သေတယ်ပေါ့။ အဲဒီထက် ပိုကြေကွဲစရာကောင်း တဲ့ဟာကို ပြောပြမယ်"

သူဟာ အရက်တစ်ခွက်ကို ထပ်မံမော့ရင်း ကွမ်းကို တမြုံ့မြုံ့ဝါး



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ ရှေ့ဘာဆက်ပြောမှာလဲဟု စေးကြောင်ကြည့်လျက်။ သူက ကွမ်းတံတွေးကို ပျစ်ခနဲထွေးကာ အရှိန်ယူသည့်ပုံစံမျိုးဖြင့် . . .

"အဲဒီဒေသက ကလေးတွေဟာ ရေကူးရုံတင်မကဘူး၊ ငါးဖမ်း ငါးရှာမှာလည်း နည်းနည်းလေးတော့ ပါရမီရှိတယ် . . .၊

အဲဒီလိုတွေရှိတတ်တော့ ကလေးက ရွှံ့ထဲကနေ ငါးပြေမတစ်ကောင် ဖမ်းမိတယ်၊ အဲဒီအချိန်မှာပဲ အဲဒီထဲမှာ ငါးပြေမတွေရှိနေတယ်ဆိုတာ သူသိတော့ ရေထဲမှာပဲ အဲဒီငါးပြေမကို ပါးစပ်ထဲ ခေါင်းထည့်ပြီး ကိုက်ထားတယ်၊ သူရဲ့လက်နှစ်ဖက်ကလည်း နောက်ထပ်ရလာမယ့် ငါးကိုမျှော်ကိုးရင်းနဲ့ပေါ့၊ ဖြစ်ချင်တော့ အဲဒီငါးပြေမဟာ ကိုက်ထားတဲ့ သူ့ရဲ့နှုန်းကိုကျော်ပြီး အဲဒီကလေးရဲ့ပါးစပ်ထဲကို ဝင်သွားတယ်၊ အဲဒီတော့ ကလေးလည်း ဘာမှမလုပ်တတ်တော့ဘဲ ရေပေါ်ကို ဘွားခနဲပေါ်လာတယ်၊ အဲဒီအချိန်မှာ အဖိုးကြီးက လှမ်းမြင်တော့ သူရဲ့လက်ယဲ့တွန်းကို ဘုတ်ခနဲချပြီး အဲဒီကလေးဆီကို အပြေးလာတယ်"

ထိုလူက ဝိုင်းမှုထကာ ဝိုင် (၅၀၀) ဖိုးသွားမှာတာ တွေ့ရ၏။ ပြီးတော့ အမြည်းတစ်ပွဲကိုယူကာ သူ့ဝိုင်းသို့ ယူလာ၏။ ထူးအုပ်က ဆက်လက်သည်းမခံနိုင်တော့ဘဲ . . .

"မြန်မြန်ပြောဗျာ . . . ခင်ဗျားကလည်း ပြောမယ့်အရေးကို ဟိုဝေ့သည်ဝေ့နဲ့"

"ဟော့ကောင် . . . လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရတယ်ကွယ့်၊ မင်းက ကောင်းကောင်းနားထောင်ချင်မှတော့ သည်းခံပြီးစောင့်ပေါ့၊ အဖိုးကြီးက ကလေးကို ကုန်းပေါ်တင်တယ်၊ ပါးစပ်ထဲကြည့်တော့ ငါးပြေမအမြီးလေးပဲ တွေ့ရတယ်၊ အမြီးလေးက ဆွဲထုတ်တယ်၊ ငါးဆိုတဲ့သဘာဝ အရှေ့ကိုပဲ တိုးတယ်လေ၊ သူ့ကို နည်းနည်းလေးကိုင်ရင် ရှေ့ကိုပိုတိုးတတ်တဲ့သဘာဝမို့ ငါးက အာခေါင်ထဲကို ဝင်သထက် ဝင်သွားတယ်၊ ငါးပြေမရဲ့သဘာဝအရ အခက်တွေ့ရင်





သူ့ရဲ့ကျောက ဆူးတောင်ကို ဖြန့်တတ်တဲ့သဘာဝရှိတော့ အဖိုးကြီးက ထုတ်လေ ငါးက အာခေါင်ထဲကို ဝင်သထက်ဝင်ပါလေရော၊ နောက်ဆုံး အဖိုးကြီးလည်း ဘာမှမတတ်နိုင်တော့ဘဲ ကလေးကိုပွေ့ပြီး ရွာထဲကို အော်ပြီးပြေးရော၊ ရွာထဲကိုရောက်တဲ့အခါ အခြေအနေအရပ်ရပ်ကို သိတဲ့လူတွေကလည်း ဆေးရုံပို့ဖို့ ဝိုင်းပြင်းကြတယ်၊ အဲဒီလိုနည်းနဲ့ ဆေးရုံကိုလည်းနဲ့ပို့ကြတဲ့အခါ ရွာထဲအထွက်မှာတင် ဆုံးသွားရှာတယ်၊ ဒီနေရာမှာ သိပ်စိတ်ဝင်စားစရာကောင်းလာပြီး အခုပြောနေတာ ကလေးရဲ့အသုဘတင် မဟုတ်ဘူးနော် . . . အဖိုးကြီးရဲ့အသုဘ"

ထူးအုပ်က သူ့စကားကို နားထောင်ပြီး အားမလိုအားမရဖြစ်စွာ ခုံပေါ်မှာတင်ထားသော အရက်တစ်ခွက်ကို မော့သောက်ရင်း . . .

"ဆက်ဗျာ . . . ဆက် . . ဆက် . . ဆက်"

"ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ . . . အဖိုးကြီးတွေဆိုတာ သူ့မှာ သားသမီးမရှိပေမယ့် မွေးလာခဲ့တဲ့ တူ၊တူမတွေကို အရမ်းချစ်တတ်တာ၊ အခုဟာက ရင်ပြည့်တော့မည့်ဆဲဆဲလည်း ဖြစ်ပြန်၊ အဖိုးကြီးက သူ့ကြောင့်သေရတယ်ဆိုပြီး ရင်ထုမနာဖြစ်ခဲ့ရတယ်၊ ရွာဆိုတော့လည်း ခင်ဗျားသိတဲ့အတိုင်းပဲ ပြောကြဆိုကြကာက စုံလို့၊ ဒီအဖြစ်အပျက်မှာ လူတချို့က အဖိုးကြီးကြောင့် ကလေးသေရတယ်ဆိုပြီး ပြောကြတော့ အဖိုးကြီးကလည်း ဘာပြောနိုင်မှာလဲ၊ ဒီလိုနဲ့ အဲဒီကလေး ရက်မလည်ခင်မှာဘဲ အဖိုးကြီးက သွေးတက်ပြီး ရုတ်တရက်သေသွားတယ်"

သူ . . . ထိုအဖြစ်အပျက်ကို သိခဲ့ပြီးနောက် တော်တော်လေး စိတ်ထိခိုက်ခံစားလိုက်ရ၏။ ပြောသူကလည်း လေးလေးနက်နက်။ ထို့ကြောင့် သူ့အရက်ဆိုင်မှ ပြန်လာပြီးနောက် အိမ်ကိုမပြန်သေးဘဲ အဖိုးကြီး မြကြာရုံ အသုဘသို့သွားခဲ့၏။

သူတွေ့ရသောမြင်ကွင်းမှာ အဖိုးကြီးဒေါ်ကြာရုံ၏အလောင်းကို သည်အတိုင်း ထားထားသည်။ တချို့က ဖဲရိုက်နေကြသည်။ တချို့က



www.burmeseclassic.com

www.burmeseclassic.com



အသုဘအရေးအတွက် လုံးပန်းနေကြသည်။ တချို့က နာရေးကိစ္စအတွက် အလုပ်ရှုပ်နေကြချိန်တွင် ခင်ခင်ထားဆိုသော မိန်းမတစ်ယောက် ရောက်လာခဲ့သည်။ တစ်ဆက်တည်းဆိုသလိုပင် စကားတစ်ခွန်းပြော၏။

ဆံပင်ဖားလျားချလျက် အ.သုဘအိမ်ခြံဝင်းတည့်တည့်မှ ဝင်လာခြင်းဖြစ်သည်။ သူမ ဝင်လာသည်ကို သူတစ်ယောက်မှလွဲ၍ မည်သူမျှဂရုမစိုက်။ ခင်ခင်ထား၊ သူ့ကိုလှမ်းကြည့်ကာ မျက်နှာခပ်တည်တည်ဖြင့် အနားသို့ရောက်လာခဲ့၏။

''ရှင် ဒီကို ဘာလာလုပ်တာလဲ''

''မင်းကရော''

''ကျွန်မက ရှင့်ကိုမေးနေတာလေ၊ ရှင်နဲ့ ဘယ်လိုသက်ဆိုင်လို့ ဒီကိုရောက်နေရတာလဲဆိုတာ''

''တစ်ရွာလုံးက ပြောမဆုံးနိုင်အောင်ဖြစ်နေကြတဲ့အဖြစ်အပျက် တစ်ခုမို့ ကျုပ်စိတ်ဝင်စားတယ်၊ ကလေးတောင် ရက်မလည်သေးဘူး။ အပျိုကြီးက လိုက်သေခဲ့တာဆိုတော့ စိတ်မကောင်းဖြစ်တာလည်း ပါတယ်''

''ရှင် . . . အပျိုကြီးကို ဘယ်သူလို့များထင်လဲ''

''ကျုပ် ဘယ်သိပါ့မလဲ''

''သူဟာ ဟိုအရင်ဘဝက ကျွန်မရဲ့စိတ်ချယုံကြည်ရတဲ့ ကိုယ်ရံတော် ပီလာဆန်ဆိုတဲ့ အမျိုးသမီးပေါ့၊ သူ့တူလေးဆိုတာက တစ်ချိန်က သူ့ရဲ့သား ဖြစ်ခဲ့ဖူးတယ်၊ အခုဘဝမှာ ဒီလိုပဲဖြစ်လာရမယ်ဆိုတာ အကြောင်းတရားက ပါလာပြီးသားလေ၊ ဘယ်လိုရှောင်ကွင်းရှောင်ကွင်း ဘယ်လိုမှ မလွတ်နိုင်ဘူး''

ထိုစဉ် . . .

သူနှင့်မျက်နှာချင်းတန်းမိနေသော ရွာသားတစ်ဦးက သူမနားရောက်လာပြီး . . .





''ဟော့ကောင် ထူးအုပ် . . . မင်းရှေ့မှာ ဘယ်သူမှလည်းရှိတာ မဟုတ်ဘဲနဲ့ တစ်ယောက်တည်း စကားတွေပြောနေရသလားကွာ''

ထိုအပြောကြောင့် ခင်ခင်ထား ပျာပျာသလဲဖြစ်သွားပြီး . . .

''ကိုထူးအုပ် . . . ကျွန်မတို့ ဒီနေရာကနေ မြန်မြန်ထွက်သွားကြရင် ကောင်းမယ်၊ နို့မို့ ရှင့်ကို အရူးလို့ ပြောကြမှာပါ . . . လာ လာ''

''မင်းဘယ်သွားမှာလဲ''

''ဘယ်ပဲဖြစ်ဖြစ်ပေါ့ရှင်၊ အရေးထဲ စကားကြောရှည်နေသေးတယ်၊ ကိုင်း . . . သွားမယ် . . . သွားမယ်''

မည်သို့ပင်ဖြစ်စေ ယခုအချိန်တွင် ခင်ခင်ထားအား မေးစရာလေးတွေ ရှိနေပါသေးသည်။ ထို့ကြောင့် သူမနောက်သို့ လိုက်လာခဲ့၏။ နယ်ခံရွာသားများ သူ့အပြုအမူများကိုကြည့်လျက် အူကြောင်ကြောင်ဖြစ်စွာ။

''ဟော့ကောင် ထူးအုပ် . . . မင်း ဘယ်သွားမှာလဲ''

ထူးအုပ် နောက်သို့ တစ်စက်လေးမှ လှည့်မကြည့်။ ယောင်ပေယောင်ပေဖြင့် ထွက်ခွာသွားသော ထူးအုပ်အား အ.သုဘအိမ်မှ လူတချို့ကလည်း လှမ်းမြင်လိုက်ကြ၏။

❐

ရွာလေး၏မြောက်ဘက်ပိုင်းသည် ရိုးမတောင်ခြေနှင့် ထိကပ်နီးစပ်လှပြီး အတော်လေးပင် အေးသည်။ ထိုနေရာတစ်ခုတွင် အရေးသည်ကား၊ သူနှင့်ခင်ခင်ထားနှစ်ယောက်ပင် . . .

''ဘာဖြစ်လို့ ဆံပင်ဖားလျားချပြီး ရွာထဲကို ဝင်လာရတာလဲ''

''အဲဒါတွေ ကျွန်မ ပြောဖို့လိုသေးလား . . . ကိုရဲလူကို သတ်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုကာ ရှင့်ကို အကြိမ်ကြိမ်ပြောခဲ့ဖူးတာလေ''

''ဟေ့ . . . ရဲလူဆိုတာ ငါ့ရဲ့သူငယ်ချင်း၊ မင်းက သတ်မယ်ဆိုတာ ပုံပြင်ဟာစ်ပုဒ်လိုပါပဲ၊ မင်းသတ်မယ်ဆိုရင်လည်း ငါ့ကို တစ်ခုချပြန်ပြောဦး၊

အမှန်ကကယ်တော့ မင်းကို ငါမုန်းတယ်၊ ဘာကြောင့်လဲဆိုတော့ ငါ့ကို အမြဲတမ်း လိုက်နှောင့်ယှက်တဲ့သူမို့လို့၊ ရွာထဲဝင်လာတာ သိတယ်၊ ခွေးဟွေ ဟပြုံကြီးပါလာတာ သိတယ်၊ ငါ ခွင့်လွှတ်ခဲ့တယ်၊ မင်း ငါ့ သူငယ်ချင်းရဲလူကို သတ်ဖို့ပဲသိတယ်၊ ရဲလူဟာ ငါ့အပေါ်ကို ကောင်းခဲ့တဲ့ သူ၊ အခုဟာ . . . မင်းက ရဲလူကိုချည်းပဲ သတ်ဖို့ပြောတော့ ငါ ဘာလုပ်ရမလဲ''

'' သူ့ကို သတ်ကိုသတ်ရမှာလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ရှင့်ကို အမျှစ်ဆုံးမလေ၊ အခုတော့ မတတ်သာတဲ့အဆုံး ဘယ်သူမှ သက် မယ့်သူမရှိဘူး၊ ကျွန်မပဲ သတ်မှာ''

သူမက ထူးအုပ်အား သေသေချာချာကြည့်လာသောကြောင့်

''မင်း ကျုပ်ကို ဘာလုပ်မှာတုံး''

''ရှင့်ကို သတ်မှာပေါ့''

ထူးအုပ် နောက်သို့ ရွှေ့လိုက်သည်။ သူ ဘာဆက်ပြောရမှန်း မသိ။ ဆက်ပြောမယ့်စကားလုံးတွေက ဝေးကွာလွန်းလှသည်။

''သက်ပေစ်ကွာ''

ထိုနေရာတွင် ထူးအုပ်အား စိတ်မချစွာ လိုက်ကြည့်နေသူ အားလုံးက သူ့အား ဘာဖြစ်တာလဲဟု မဆုံးဖြတ်နိုင်ရှိကြလွှဲ၍ ဘာမှန်း မသိ။

ဗဟာယ်တော့ ထူးအုပ် ဘာဖြစ်မှန်းလည်း မသိ။

လှကျော့ကလည်း ဘာမှန်းမသိ။

တစ်ခုမှကော့ တစ်ခုခုပင် . . .။

□ □ □

ရှုမင့်ဖောင်စာပေ



www.burmeseclassic.com

www.burmeseclassic.com

<u>အနားယတ်ထိုက်၏ ...</u>

တစ်လခန့်ကြာလွန်ပြီးသည့်နောက် ...

ရဲလှုတို့အိမ်တွင် ရပ်ကွက်လူကြီးညကျ ဦးသိန်းဖွေး ရှိသေ လေးစားရသော ဘကြီးအောင်နှင့် ရဲလှုတို့လင်မယားနှစ်ယောက် လေး လေးနက်နက်ဆွေးနွေးနေကြသည်။

''ရဲလှုက ... သူ ခပ်ကြောင်ကြောင်ဖြစ်နေတယ်ဆိုတာ ဘယ် တုန်းကတည်းက စပြီးရိပ်မိတာလဲ''

''စပြီးသတိထားမိတာက ထူးအုပ် ရွာကိုရောက်လာတဲ့အချိန် ကတည်းကပဲ၊ သူပြောသမျှ,ဆိုသမျှတွေဟာ အများအားဖြင့် ယုတ္တိ မရှိ တာတွေ၊ အရက်ဆိုင်ကနေ မြင်းလှည်းငှားစီးလာတာတွေ၊ ရွာထဲကို ည သန်းခေါင်ကျော်မှာ မိန်းမတစ်ယောက်နဲ့ ခွေးတစ်အုပ်ရောက်လာတာ တွေ''

''အဲဒီမိန်းမက သူ့ဆီ ခေါင်းတုံးလာရိုက်နိုင်းတဲ့ မိန်းမနော်''

ဘကြီးအောင်က စကားဖြတ်ကာ ဝင်မေးသည်။

''သူကတော့ အဲ့သလို ပြောတာပဲ''

သူပြောခဲ့သမျှ ဇာတ်ကြောင်းအလုံးစုံကို ဦးသိန်းဖွေးနှင့် ဘကြီး





အောင်တို့ကို ယခင်နေ့က ပြောပြထားပြီးနေသည်။

''ဟိုမိန်းမက လူဝင်စားအကြောင်းတွေကို မပြောခင် သူကိုယ် တိုင်က အီဂျစ်ပြည်က သချိုင်းတွေအကြောင်း၊ အိပ်မက်မက်ခဲ့သေးတာ နော်''

ရည်မွန်က တစ်ချက်စဉ်းစားလိုက်ပြီး ...

''အဲဒါတွေအားလုံးဟာလည်း တကယ်မဟုတ်တဲ့ စိတ်ကယောင် ချောက်ချားတွေနဲ့ စာဖတ်ခဲ့တာတွေကို ထင်ယောင်ထင်မှားပြောနေတာ ပဲလို့ ကျွန်မကတော့ ထင်တယ်''

''မင်း ဘာလို့ အဲ့သလိုထင်တာလဲ''

''ဟော့ ဒီမှာလေ ... သူ့ကျောပိုးအိတ်ထဲက စာအုပ်၊ အီဂျစ် နိုင်ငံက ပိရမစ်တွေအကြောင်း၊ ဘုရင်တွေအကြောင်း၊ ဘုရင်မတွေ အကြောင်း၊ သချိုင်းဂူတွေအကြောင်း ရေးထားတဲ့စာအုပ်၊ ဒီအထဲမှာ ပါတာတွေနဲ့ သူလျှောက်ပြောတာတွေက သိပ်မကွာဘူး။ မယုံရင် ဖတ် ကြည့် ... ကျွန်မတော့ ဖတ်ပြီးပြီ''

ရဲလှုက ခေါင်းလေးကို တဆတ်ဆတ်ညိတ်လျက် ...

''ဒါဆို ... ထူးအုပ်ဟာ အရက်တွေ သောက်လာတာများပြီး စိတ်ကစဉ့်ကလျားတွေဖြစ်နေတာ သေချာနေပြီ''

''ခုတောင် သူ့ပုံစံက တစ်နေ့တခြား ကြောင်လာတာ အသိသာ ကြီးကိုး''

ရည်မွန်က သူ့မအထင်ကို မှတ်ချက်ချသည်။

သူမအထင်လည်း မမှားပါ။

ယခုနောက်ပိုင်းတွင် မိန်းမနှင့်ခွေးတစ်အုပ်ကို အမြဲတမ်း လာ သည်ဟုပြောနေတတ်ပြီး ရဲလှုအား သတ်တော့မှာဖြစ်ကြောင်း ပြောဆို နေလာခြင်းပင်။

အမှန်တကယ်တွင် ဘာမှုမလာ။ ဘာမှုမမြင်ရ။ သူပြောတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ထ.ကြည့်ရတာအမော။

အိပ်ရေးပျက်ရသည်သာ အဖတ်တင်တော့၏။

နောက် ... ဆိုးဝါးသောအချက်မှာ အရက်ဆိုင်များသို့ နေ့ရော ညပါ သွားသောက်နေခြင်းပင်ဖြစ်၏။

ရောက်ပြန်တော့လည်း ထိုအကြောင်းတွေသာ တွင်တွင်ပြော ဆိုနေတတ်သောကြောင့် ကြာတော့ သောက်ဖော်သောက်ဖက်တွေပင် နားငြီးလာသည်။ တစ်ခါတစ်ခါ ပုံမမှန်စိတ်တွေ ဝင်ဝင်လာကာ တော ပြောတောင်ပြော ပြောလာသည်များကြောင့် ရန်ပွဲများလည်း မကြာခဏ ဆိုသလို ဖြစ်တတ်လာ၏။

"ဒါဆို ... စိတ်ကုဆရာဝန်နဲ့ ပြကြည့်ပြီး ဆေးလေးဘာလေး စားရင် ကောင်းမယ်ထင်တယ်၊ ကြာသွားလို့ ပိုဆိုးလာရင် ခက်မယ်နော်"

ဦးသိန်းဖြေပေးသော အကြံကို အားလုံးက သဘောတူကြသည်။

ဟုတ်သည်။ ကြာလာလျှင် သည်ထက် ပိုဆိုးလာနိုင်သည်။ ယခုအချိန်တွင် လူမသိသူမသိလေး ဖြစ်နေသော်လည်း နောင်တွင် ဘယ် လောက်ထိ ဖြစ်လာနိုင်မလဲ အတတ်မပြောနိုင်ချေ။

"ရဲလူ ... မင်း ထူးအုပ်ကို စိတ်ရောဂါကုဆေးရုံကို ခေါ်သွားနိုင် လား"

"ဒါပဲရှိတော့တာပေါ့ ဘကြီးအောင်ရာ၊ ဒီကောင့်မှာက တစ် ကောင်ကြွက်၊ ကျွန်တော် မကြည့်ရင် ကြည့်မယ့်သူ ရှိတာမဟုတ်ဘူး"

"ဒီအတိုင်းထားလည်း ဒီကောင် ဒုက္ခရောက်သွားနိုင်တာပဲ၊ အဲဒီလိုစီစဉ်တာ ကောင်းပါတယ်"

ဘကြီးအောင်က လေးလေးနက်နက် ထောက်ခံသည်။

"မင်း ... သူ့ကို ဘယ်လိုပြောမလဲ"

"တည့်တည့်ကြီးသွားပြောလို့တော့ ဘယ်နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူး။ ရန်ကုန်ကိုသွားစရာကိစ္စနဲ့ အကြောင်းပြပြီး ခေါ်သွားရမှာပဲ၊





ဟိုရောက်တော့မှ တစ်နည်းတစ်ဖုံပေါ့"

"အေးလေ ... မင်းပြောရင်တော့ ဒီကောင် နားထောင်မှာပါ"

သူတို့စကားပြောနေခိုက်တွင် ရွာလယ်လမ်းမအတိုင်း ထူးအုပ် ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာတာတွေ့သည်။

"ဟိုမှာ ... မူးလာပြန်ပြီ"

"မနက်ပိုင်းကတည်းက ရက်ဆက်ဆိုသလို သောက်နေတာ ဆိုး တယ်"

"အပြစ်မပြောပါနဲ့ မိန်းမရာ"

"အို ... ဘယ်တုန်းက ငြိုငြင်စကားတစ်ခွန်း ပြောဖူးလို့လဲ၊ ကျွေးစရာရှိတာကျွေး၊ လုပ်ပေးစရာရှိတာ အကုန်လုပ်ပေးတဲ့ဥစ္စာ"

"ဟုတ်ပါတယ်ကွာ ... နားလည်ပါတယ်"

သူတို့ပြောဆိုနေစဉ်မှာပင် ထူးအုပ် ခြံဝသို့ရောက်လာခဲ့လေ သည်။

"ဟော့ ... ဗိသုကာပညာရှင် ဇာဟီဟာဝပ်စ်ဆိုတာ ငါပဲကွ"

ပါးစပ်က တောင်ပြောမြောက်ပြောနှင့် မည်သူ့ကိုမှ ဂရုမစိုက် တော့ပါ။

ရဲလူမှာ သူငယ်ချင်းကိုကြည့်ပြီး အလွန်စိတ်မကောင်း ဖြစ်နေ တော့၏။

"မင်း ... ပိုမိုဆိုးလာပါလား ထူးအုပ်ရာ"


ရဲလူ သက်ပြင်းကို ခပ်လေးလေးချဖြစ်၏။

□□□



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## နိဂုံး

နံနက်ခင်းလေးက ကြည်ကြည်စင်စင်ရှိနေသည်။ မနက် ခပ်စော စောကတည်းက ရည်မွန်မှာ ထမင်းဟင်းများချက်ကာ ရဲလှုနှင့်ထုုးအုပ်ကို သေသေချာချာ ကျွေးပြီးပြီ။ မသောက်ရလျှင် ခြေတွေလက်တွေ တုန်နေသည်ဆိုသောကြောင့် ရဲလှုကိုယ်တိုင် အရက်နည်းနည်း သွားဝယ်လျက်တိုက်ပြီးပြီ။

''မင်းက ရန်ကုန် ဘာသွားလုပ်မှာလဲ''

''ကိစ္စလေး ရှိလို့ပေါ့ကွာ''

''ဘာလဲ . . . ဘုရင်မ ဟက်ရက်ပ်ဆွက်ကို သွားတွေ့မလို့လား''

''နေပါဦး . . . မင်းက ဘာဖြစ်လို့ အဲ့သလိုပြောတာလဲ''

''မင်းက သူ့ကို အသည်းအသန်ခိုက်နေတဲ့ ကောင်လေ၊ ချစ်ခြင်းကို မရလို့ စစ်ခင်းပြီး ယူခဲ့ရတာ မဟုတ်လား . . . ရက်မနေစမ်းပါနဲ့ကွာ''

ထိုစကားကြောင့် သူ နည်းနည်းပြုံးချင်ချင် ဖြစ်သွားကာ မျက်လဲရောထိုင်လုပ်လိုက်ရ၏။

''အေးလေ . . . မင်းပြောသလိုပါပဲ၊ ဟုတ်တယ် . . . ဟုတ်တယ် . . . ဘုရင်မဆီ သွားကြမယ်''

ရဲရှင့်မောင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . ငါမလိုက်ချင်ဘူးကွာ၊ အဲဒီကောင်မနဲ့ ငါ မတွေ့ချင်ဘူး။ ငါ့ကို တော်တော်ဒုက္ခပေးခဲ့တဲ့ဟာမ"

"အေးလေ . . . မင်း ငါ့အတွက် အပြင်မှာစောင့်ပေးပေါ့ကွာ၊ သူငယ်ချင်းတွေပဲ၊ ဒီလောက်တောင် အားမကိုးရဘူးလား။ ကိုင်း . . . ပြော"

"အေးလေ . . . မင်းအတွက်ဆိုရင်တော့ ဘာမဆို ကူညီပေးရမှာပေါ့"

တစ်ဆင့်တော့ ပြီးမြောက်သွားလေပြီ။ ထို့ကြောင့် သက်ပြင်းကို အသာမှုတ်ထုတ်လိုက်ရ၏။

ရည်မွန်က သူ့အဝတ်အစားတွေကို အစကတည်းက လျှော်ဖွပ်မီးပူတိုက်ကာ ကျောပိုးအိတ်အတွင်းသို့ အဆင်သင့်ထည့်ထားပြီးပြီ။

"ငါတို့ ဟိုရောက်ရင် ဘယ်မှာတည်းမှာလဲ"

"မြောက်ဥက္ကလာမှာ တည်းမယ်၊ နောက်ရက်ရောက်မှ ရွာသာကြီးကို အလည်သွားကြမယ်"

"ရွာသာကြီးကို ဘာလုပ်ဖို့သွားမှာတုံး"

"အဲဒီမှာ ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်၊ အလည်အပတ်သဘောမျိုးပါပဲ"

"ဟေ့ကောင် . . . ငါ့ဆံပင်ညှပ်ပစ္စည်းတွေရော ယူလာရဦးမှာလား"

"ဒါတော့ မင်းသဘောပဲလေ"

"ဒါဆို ယူခဲ့မယ်ကွာ၊ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် လူရှိရင် ဆံပင်ရှိတာပဲ . . . ပိုက်ဆံမရှားဘူးပေါ့ကွာ"

သိပ်မကြာခင် ဘကြီးအောင် ရောက်လို့လာသည်။

"ဟေ့ . . . မင်းတို့ သွားကြတော့မလို့လား"

"ဟုတ်ကဲ့ ဘကြီးအောင် . . . နေမြင့်ရင် ပူနေမှာစိုးလို့"

"အေး . . . အေး . . . ကောင်းတယ် . . . ကောင်းတယ်"





"ဘကြီးအောင်ကို တစ်ခုသတိပေးရဦးမယ်"

"ဟော . . . ဘာတုံးကွ"

"ဟို . . . ခွေးတစ်အုပ်နဲ့မိန်းမ လာနေကျအတိုင်း လာဦးမှာပဲ၊ အဲဒါ ရွာထဲကလူတွေ စောင့်ဖမ်းပြီး ရဲလက်အပ်လိုက်စမ်းပါဗျာ၊ နေ့တိုင်းဆိုတော့ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရ . . . အလုပ်ရှုပ်လွန်းလို့"

"မင်းပြောတော့ အဲဒီမိန်းမက ခင်ခင်ထားဆို"

"အစကတော့ ခင်ခင်ထားလို့ထင်ခဲ့တာ၊ ဟိုနေ့ကမှ သူ့နောက်လိုက်သွားပြီး တွေ့တော့မှ ခင်ခင်ထားမဟုတ်ဘူးဗျ၊ ဘယ်က မိန်းမမှန်းကို မသိတာ၊ ခင်ခင်ထားက အခု မြောက်ဥက္ကလာမှာလေ၊ အခု ဒီကောင်သွားမှာ အဲဒီ့ကို"

"ဩော် . . . ဟုတ်လား . . . ကောင်းပါတယ် . . . ကောင်းပါတယ်"

ဘကြီးအောင်က မသိလိုက် မသိဘာသာ လုပ်၍ပြောသည်။

ထို့နောက် သူတို့နှစ်ယောက် ထန်းပင်စုစခန်းသို့ ကုန်းကြောင်းလျှောက်လာခဲ့ကြ၏။

နံနက်ခင်းမို့ နေပူရှိန်က သိပ်မပြင်းလှပေ။

လေအေးလေးက တသုန်သုန်မို့ လျှောက်လို့ကောင်းသည်ဟု ဆိုရမည်သာ။

သူတို့ ဥဩတော်သိပ်မမြင့်သော စေတီလေးတစ်ဆူကို ဖြတ်ကြရသည်။

"ဟေ့ . . . ဒါ . . . ဝဋ်ကြွေးပြေဘုရား မဟုတ်လား"

"ဟုတ်တယ်လေကွာ . . . မင်း အလာတုန်းက လမ်းမှားပြီး သွားခဲ့လို့ ဒီလမ်းက မရောက်တာ"

"ဒါဆို ခဏလေးစောင့်လိုက်ဦး . . . ငါ ဦးချချင်လို့"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သွားလေကွာ … ငါ့ကို ကျောပိုးအိတ်ပေး … အေး … သွား … သွား"

ထူးအုပ်က စေတီရှေ့တွင် ကျုံ့ကျုံ့လေးထိုင်ကာ လက်အစုံကို နဖူးပေါ်သို့တင်လျက် အသံကျယ်ကျယ်ဖြင့် ဘုရားစာများကို ရွတ်ဆိုနေ၏။ နောက်ဆုံးအပိုဒ်တွင်တော့ …

"အရှင်ဘုရား … တပည့်တော်သည် သံသရာဆင်းရဲမှ ရုန်းမထွက်နိုင်သော ခန္ဓာဝန်ကြီးကို ပိုင်ဆိုင်ခဲ့ရတာကြောင့် မလွတ်ကင်းနိုင်တဲ့ မီး (၁၁) မီးကို နေ့စဉ်နဲ့အမျှ ကြုံတွေ့ခံစားနေရပါ၏ ဘုရား …

၁။ အမိဝမ်းအတွင်း ပဋိသန္ဓေနေကြရတဲ့ - ဇာတိမီး
၂။ အိုကြရတဲ့ - ဇရာမီး
၃။ သေကြရတဲ့ - မရဏမီး
၄။ စိုးရိမ်မကောင်းဖြစ်ကြရတဲ့ - သောကမီး
၅။ ငိုကြွေးကြရတဲ့ - ပရိဒေဝမီး
၆။ ကိုယ်စိတ်နှစ်ပါးဆင်းရဲရတာက - ဒုက္ခမီး
၇။ စိတ်နှလုံး မသာမယာဖြစ်ရတာက - ဒေါမနဿမီး
၈။ ပြင်းပြစွာ ပူဆွေးရတာက - ဥပါယာသမီး
၉။ မိမိခန္ဓာကိုယ်ပေါ်အပေါ်မှာသာယာနှစ်သက်တာက - ရာဂမီး
၁၀။ အမျက်ဒေါသထွက်ရတာက - ဒေါသမီး
၁၁။ မိမိခန္ဓာကိုယ်ကိုမြဲတယ်။ အစိုးရတယ်လို့ထင်မှတ်နေတဲ့ - မောဟမီး

တွေအားလုံး နည်းနိုင်သမျှ နည်းစေပြီး …

ဒီဘဝ ဒီတစ်သက်တာတွင် ဘဝဘဝပေါင်းများစွာက တင်ခဲ့ရှိခဲ့သော ဝဋ်ကြွေးများ ရှိခဲ့ပါလျှင်လည်း အခုအချိန်မှစကာ ပြေပါစေလို့ ဆုတောင်းပါတယ် ဘုရား …"

လို့ ဆုတောင်းသံကိုကြားတော့ ရဲလူစိတ်ထဲ အတော်ပင် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားကာ ထူးအုပ်အတွက် စိတ်မကောင်းဖြစ်ခဲ့ရသည်။





ထူးအုပ် ဦးချကန်တော့နေနိုက် သူ့ရင်ခွင်၌ အလိုလို ထွက်ပေါ်လာသော စကားတစ်ခွန်းမှာ …

"ဝဋ်ကြွေးရှိရင် ဒီဘဝမှာတင် မဟုတ်ပါဘူး … မကြာခင်မှာပဲ ပြေမှာပါလို့ ငါ ဆုမွန်ကောင်း ထပ်ဆင့်ပေးပေးလိုက်ချင်ပါတယ်ကွာ"


ပြီး

ဓမ္မရုံမောင်ရွှေ

၂၁-၁-၀၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com